# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၆ခုနှစ် ၊ နယုန်လပြည့်ကျော် (၈) ရက် ၊ စနေနေ့ ၊ (29-6-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၀၆၀)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း

## ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပရေးဦးစီးကော်မတီ ဒုတိယအကြိမ်အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား





ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပရေးဦးစီးကော်မတီ ဒုတိယအကြိမ်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇွန် ၂၈**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ကျင်းပရေးဦးစီးကော်မတီ ဒုတိယအကြိမ်အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပရေး ဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ကျင်းပရေးဦးစီးကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ

**စာမျက်နှာ ၁၈ ကော်လံ ၁** ☞




ရတနာပုံ
၂၀၂၄ ခုနှစ် ဇွန် ၂၉ ရက်
အယ်ဒီတာ့အာဘော်

# မြို့ရွာများ သန့်ရှင်းသပ်ရပ် စီးပွားဖွံ့ဖြိုးမှုအကျိုးဆက်

နိုင်ငံတော်အတွင်း ယခင်ထက် လူဦးရေတိုးတက်များပြားလာခြင်း၊ စီးပွားရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်လာခြင်း၊ လူနေမှုပုံစံများပြောင်းလဲတိုးတက်လာခြင်းနှင့်အတူ နေ့စဉ်စွန့်ပစ်အမှိုက်များထွက်ရှိမှုမှာလည်း မြင့်မားလျက်ရှိသည်။ စွန့်ပစ်အမှိုက်များလာလေလေ အမှိုက်ဧရိယာကျယ်ပြန့်ကြီးမားလာပြီး သန့်ရှင်းသပ်ရပ်သော ပတ်ဝန်းကျင်၊ လူနေမှုဝန်းကျင်များ တဖြည်းဖြည်းကျဉ်းမြောင်းလာနိုင်ပေသည်။

မိမိတို့မြို့ရွာများအတွင်း စွန့်ပစ်အမှိုက်များ၊ ချုံနွယ်ပေါင်းမြက်များစွာရှိနေခြင်းသည် မြို့ပြလူနေမှုဘဝ၊ မြို့တော်အင်္ဂါရပ်များကို ထိခိုက်စေသည်။ လူသားများသာမက ကုန်းနေ၊ ရေနေသတ္တဝါများပါ သက်ရှင်ရပ်တည်ရေး၌ ထိခိုက်ရမှုများကြုံတွေ့နိုင်ပြီး မသန့်ရှင်းသောပတ်ဝန်းကျင်ကြောင့် ကျန်းမာရေးဆိုးကျိုးများဖြစ်ပွားလာနိုင်ပါသည်။ ထို့ကြောင့် ယနေ့အချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများအားလုံးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိပြီး အပတ်စဉ် စနေနေ့တိုင်းတွင်လည်း မိမိတို့၏မြို့ရွာဒေသများ သန့်ရှင်းသာယာလှပရေးကို အားတက်သရောဆောင်ရွက်ကြလျက်ရှိသည်။

ထိုသို့ သန့်ရှင်းသာယာလှပရေးအတွက် မြို့ရွာအတွင်းရှိ ဘုရား၊ စေတီ၊ ပုထိုးများ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ အခြေခံပညာကျောင်းများ၌ ကျောင်းဥပဓိရုပ်ကောင်းမွန်စေရေးနှင့်ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ၊ တက္ကသိုလ်များ၊ ဘိုးဘွားရိပ်သာများ၊ ဈေးများ၊ ပန်းခြံများနှင့် လမ်း၊ တံတားများ၌ သဘာဝအမှိုက်များဖြစ်သော ချုံနွယ်ပေါင်းမြက်များခုတ်ထွင်ရှင်းလင်းခြင်း၊ စွန့်ပစ်အမှိုက်များကို ဖယ်ရှားရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်ရေးနှင့် ခြင်ပေါက်ဖွားမှုမရှိစေရန် ခြင်ဆေးဖျန်းပေးခြင်းတို့ကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများက ထိထိရောက်ရောက် ညီညီညွတ်ညွတ် စုပေါင်းပျော်ရွှင်စွာဆောင်ရွက်နေကြသည်မှာ မြင်ရသူအပေါင်း အားရကြည်နူးဖွယ်ဖြစ်ရသည်။

ထိုသို့ မြို့ရွာများတည်ငြိမ်အေးချမ်းပြီး သန့်ရှင်းသပ်ရပ်လှပနေပါက လာရောက်ကြသူအပေါင်း စိတ်ချမ်းမြေ့မှုရရှိစေသည့်အတွက် ခရီးသွားလုပ်ငန်းအောင်မြင်ရေး၌လည်း များစွာအထောက်အကူပြုမည်ဖြစ်သည်။ ခရီးသွားတို့ စိတ်ကြည်နူးချမ်းမြေ့စွာလာရောက်ကြခြင်းသည် မိမိဒေသ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို တစ်ဖက်တစ်လမ်းက များစွာအထောက်အကူပြုပေးနိုင်သည်ဖြစ်ရာ မိမိမြို့ရွာသန့်ရှင်းသာယာလှပရေး၊ စိမ်းလန်းစိုပြည်ရေး၊ အမှိုက်သရိုက်များနှင့် အမြင်မတင့်တယ်မှုများကင်းစင်ရေးကို ဒေသခံများကိုယ်တိုင် အလေးထားပါဝင်ဆောင်ရွက်သင့်လှပါသည်။

မိမိမြို့ရွာအလှကို ဖျက်ဆီးနေသည့် အမှိုက်ဟူသမျှသည် လူသားတို့စွန့်ပစ်ကြရာမှ အဓိကဖြစ်ပေါ်လာသော အရာဝတ္ထုများဖြစ်သည့်အတွက် မိမိတို့က စနစ်တကျစီမံခန့်ခွဲရှင်းလင်းကြရမည်သာဖြစ်ပါသည်။ ထို့ကြောင့် စည်းကမ်းရှိသောဒေသဖြစ်ပေါ်အောင်၊ ဖွံ့ဖြိုးတိုးတက်သောဒေသဖြစ်ပေါ်အောင် ဒေသခံပြည်သူအပေါင်းတို့က မြို့ရွာသန့်ရှင်းရေးလုပ်အားပေးဆောင်ရွက်မှုများကို ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ တက်ကြွပျော်ရွှင်စွာပူးပေါင်းပါဝင်ဆောင်ရွက်ကြခြင်းဖြင့် ကျန်းမာသန့်ရှင်းရောဂါကင်းပြီး စီးပွားရေးဖွံ့ဖြိုး ဝင်ငွေတိုးသည့်အကျိုးကို မလွဲမသွေရရှိလာကြမည်ဖြစ်ပါကြောင်း အကြံပြုရေးသားအပ်ပါသည်။

# တရုတ်နိုင်ငံမှဝယ်ယူတင်သွင်းသည့် နိုင်ငံတကာအဆင့်မီ ဆီသန့်စင်စက် ပစ္စည်းများကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ကြည့်ရှု



**မန္တလေး ဇွန် ၂၈**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ဇွန် ၂၇ ရက်က ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ရွာနိုင်ရပ်ကွက်ရှိ မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်းဝင် အာရှသားဆီစက်လုပ်ငန်းသို့ ရောက်ရှိပြီး တိုးချဲ့ဆီသန့်စင်စက်ရုံတည်ဆောက်ရန် လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုခဲ့သည်။

ထိုသို့ရောက်ရှိစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့ကို အာရှသားဆီ စက်လုပ်ငန်းလုပ်ကိုင်နေသူ ဦးသန်းလွင်က တိုးချဲ့မည့် ဆီသန့်စင်စက်ရုံအတွက် တရုတ်နိုင်ငံမှ ဝယ်ယူတင်သွင်းသော 5 TPD Cooking Oil Semi-Continuous Refining Line Machine (ဆီသန့်စင်စက်) စက်ပစ္စည်းများ ရောက်ရှိနေမှု၊ စက်ရုံကို အမြန်ဆုံးလည်ပတ်သွားနိုင်ရန် ဆောင်ရွက်နေမှု၊ ပြည်တွင်းမှထွက်ရှိသည့် ပဲပုပ်ဆီ၊ နေကြာဆီ၊ ဝါစေ့ဆီများကို အရောင်ချွတ်ခြင်း၊ အနံ့ချွတ်ခြင်းများကို အပူချိန် ၂၆၀ ဒီဂရီစင်တီဂရိတ်တွင်ပေးခြင်း၊ Feed Filter များဖြင့် အဆိပ်အတောက်၊ အရောင်၊ အနံ့များမရှိအောင် သန့်စင်၍ တစ်ရက်လျှင် လေးတန်မှ ငါးတန်အတွင်း နိုင်ငံတကာအဆင့်မီထုတ်လုပ်သွားနိုင်မည့် အခြေအနေများကိုလိုက်ပါရှင်းလင်းပြသရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော်၏ ပြည်တွင်းစားသုံးဆီဖူလုံရေးနှင့် ပြည်ပသွင်းကုန်အစားထိုးလျှော့ချနိုင်ရေး ချမှတ်ထားသည့်မူဝါဒများကိုအောင်မြင်စွာအကောင်အထည်ဖော်ရာတွင် အထောက်အကူပြုသည့်လုပ်ငန်းဖြစ်ပါကြောင်း၊ စက်ရုံကို အမြန်ဆုံးလည်ပတ်နိုင်ရန် လိုအပ်သည်များ ကူညီဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ စက်များစတင်တပ်ဆင်ချိန်မှ ပြီးဆုံးသည်အထိ စက်တပ်ဆင်မည့် တရုတ်ပညာရှင်နှင့်အတူ မန္တလေးစိန်ပန်းစက်မှုအဖွဲ့၊ Good Brother ကုမ္ပဏီတို့မှပညာရှင်များ အတူလာရောက်တပ်ဆင်လေ့လာစေပြီး အလားတူ ဆီသန့်စက်များ ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေး ကြိုးစားစီမံဆောင်ရွက်သွားစေလိုပါကြောင်းပြောကြားပြီး သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးကာ စက်ပစ္စည်းများကို လိုက်လံကြည့်ရှုသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အာရှသားဆီစက်လုပ်ငန်းအတွင်း ဆီစက်လည်ပတ်နေမှုများ၊ ကုန်ကြမ်းစုဆောင်းခြင်း၊ သန့်စင်ခြင်း၊ အခြောက်လှန်းခြင်း၊ စက်ဖြင့် သန့်စင်ဆီကြိတ်ခြင်း၊ ထုပ်ပိုး၍ ဈေးကွက်သို့ဖြန့်ဖြူးခြင်း လုပ်ငန်းနည်းစဉ် အဆင့်ဆင့်ကို လိုက်လံကြည့်ရှုပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မျိုးကျော်**

# အင်ဒေါင်းကျေးရွာအနီး ရောဝတီမြစ်အတွင်း ရောဝတီလင်းပိုင် ၁၇ ကောင် ကျက်စားလျက်ရှိ

**မန္တလေး ဇွန် ၂၈**

ရောဝတီလင်းပိုင်ထိန်းသိမ်းရေးဧရိယာဖြစ်သည့် အင်ဒေါင်းကျေးရွာအနီး ရောဝတီမြစ်အတွင်း ရောဝတီလင်းပိုင် ၁၇ ကောင် ကျက်စားလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ရောဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ခေါင်းဆောင် ဦးမောင်မောင်လေးက ပြောပြ၍ သိရသည်။

ရောဝတီလင်းပိုင်ထိန်းသိမ်းရေးဧရိယာဖြစ်သည့် မန္တလေး-ကျောက်မြောင်းရေကြောင်းတွင် နေထိုင်ကျက်စားနေသည့် ရောဝတီလင်းပိုင်များ၏အခြေအနေများကို လစဉ်တစ်လလျှင် သုံးကြိမ် သွားရောက်ကြည့်ရှုမှတ်တမ်းတင်မှုများပြုလုပ်လျက်ရှိကြောင်း၊ ထိုသို့သွားရောက်ကြည့်ရှုရာ ဇွန် ၂၇ ရက်က ရောဝတီလင်းပိုင်များ အင်းဒေါင်းကျေးရွာအနီးတွင် နေထိုင်ကျက်စားနေသည်ကိုတွေ့ရှိခဲ့ကြောင်း သိရသည်။

"ရောဝတီလင်းပိုင်ထိန်းသိမ်းရေးဧရိယာထဲကို ရောဝတီလင်းပိုင်တွေရဲ့အခြေအနေတွေကို စက်လှေနဲ့ ဇွန် ၂၇ ရက် မနက်ပိုင်းက သွားပြီး ကြည့်ဖြစ်တယ်။ အခုလတ်တလောကတော့ ဝက်လက်မြို့နယ် အင်ဒေါင်းကျေးရွာအနီးမှာ ရောဝတီလင်းပိုင် ၁၇ ကောင် အုပ်စုလိုက်ပြောင်းရွှေ့နေထိုင်ကျက်စားတာကို တွေ့မြင်ခဲ့ရပါတယ်"ဟု ဦးမောင်မောင်လေးက ပြောပြသည်။

အလားတူ မန္တလေး-ကျောက်မြောင်းရေကြောင်းရှိ ကျေးရွာများအတွင်းနေထိုင်နေသည့် ရေလုပ်သားများအနေဖြင့်လည်း ရောဝတီလင်းပိုင် သားပေါက်များကိုတွေ့ရှိပါက ရောဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ထံ အသိပေးအကြောင်းကြားရန်လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

# တစ်ပတ်အတွင်း မန္တလေး မြေဈေးကွက်

**မန္တလေး ဇွန် ၂၈**

မန္တလေး အိမ်ခြံမြေဈေးကွက်အတွင်း မြို့နယ်တိုင်းရောင်းချလိုမှုများနေပြီး အဝယ်နည်းနေကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

ထိုသို့ အဝယ်နည်းလာရခြင်းမှာ ဈေးကွက်အတွင်း လုပ်ငန်းကြီးသမားများ၏ ရင်းနှီးမြှုပ်နှံမှုများ လျော့ကျလာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"အရောင်းအဝယ်ပိုင်းက ရပ်တန့်လုနီးပါး ကျဆင်းနေတယ်။ အခုလို ဈေးကွက်ကျဆင်းနေချိန်မှာ ပိုင်ဆိုင်မှုမခိုင်မာတဲ့ မြေ၊ မြေကွက်အကျယ်မဟုတ်တာ၊ နေရာကအတွင်းပိုင်းကျပြီး လမ်းမသင့်တာ၊ လူနေအဆောက်အအုံဆောက်လုပ်ဖို့ အခက်အခဲရှိတဲ့မြေအမျိုးအစားဖြစ်နေတာ အဲဒီလိုမြေတွေဝယ်ယူထားမိတဲ့သူတွေကတော့ အရှုံးပဲဖြစ်နေရတယ်"ဟု ချမ်းမြသာစည်မြို့နယ်မှ အိမ်ခြံမြေအကျိုးတော်ဆောင် ဦးဌေးဌေးက ပြောပြသည်။

ထို့ပြင် အကွက်ရိုက်မြေကွက်များပြန်လည် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ချမ်းမြသာစည်မြို့နယ် အရှေ့ခြမ်းရှိ အကွက်ရိုက်မြေကွက်များ၊ အမရပူရမြို့နယ်ရှိ အကွက်ရိုက်မြေကွက်များ၊ ပြည်ကြီးတံခွန်မြို့နယ် အရှေ့ခြမ်းနှင့် ပုသိမ်ကြီးမြို့နယ်ရှိ ကျေးရွာမြေများဖြစ်ကြောင်း သိရသည်။

အိမ်ခြံမြေ ဈေးနှုန်းများအနေဖြင့် မြို့သစ်ပိုင်း(၁၊၂၊ ၃၊ ၄၊ ၅) လမ်းမတန်းမြေကွက်များမှာ ငွေကျပ် သိန်း ၂၀၀၀ နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၅၀၀ မှ သိန်း ၂၀၀၀ ခန့်၊ စက်မှုဇုန်နှင့်အနီးဝန်းကျင်ရပ်ကွက်များမှ လမ်းတင်မြေကွက်များမှာ ငွေကျပ် သိန်း ၂၅၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ် သိန်း ၇၀၀ မှ သိန်း ၂၀၀၀ ခန့်၊ ပြည်ကြီးတံခွန်မြို့နယ် အရှေ့ခြမ်းနှင့် ပုသိမ်ကြီးမြို့နယ်တွင် ငွေကျပ် သိန်း ၅၀၀ ခန့်နှင့်အထက်၊ အမရပူရမြို့နယ် ရပ်ကွက်အတွင်းပိုင်းရှိ လမ်းတင်မြေကွက်များမှာ ငွေကျပ် သိန်း ၈၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ် သိန်း ၃၀၀ မှ သိန်း ၁၀၀၀ ခန့်၊ လမ်းမတန်းကြီးများတွင် လမ်းတင်မြေကွက်များမှာ ငွေကျပ် သိန်း ၁၅၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၇၀၀ မှ သိန်း ၂၀၀၀ ခန့်ရှိကြောင်း ဦးဌေးဌေးထံမှ သိရသည်။

(၁၇၃)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ညောင်ဦးမြို့နယ် ရှင်မိန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် လုပ်ငန်းအဖွဲ့ဝင်ရွေးချယ်ခြင်းပြုလုပ်

**ညောင်ဦး ဇွန် ၂၈**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ရှင်မိန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများဖော်ဆောင်နိုင်ရေး စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့်လုပ်ငန်း အဖွဲ့ဝင် ရွေးချယ်ဖွဲ့စည်းခြင်းကို ဇွန် ၂၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီဦးက မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်များ၊ ဆောင်ရွက်မည့်လုပ်ငန်းအမျိုးအစားများနှင့် အကျိုးကျေးဇူးများ၊ စီမံကိန်း လုပ်ငန်း ဖော်ဆောင်ရန်အတွက် သင်တန်းပို့ချပေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းလက်စွဲစာစောင်ပါ လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ လုပ်ငန်းအဖွဲ့ဝင်များ၏ တာဝန်ဝတ္တရားများနှင့် အကျိုးခံစားခွင့်များ၊ ရန်ပုံငွေထုတ်ချေးရာ၌ အကျုံးဝင်သော လုပ်ငန်းအမျိုးအစားများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက တက်ရောက်လာသည့် ကျေးရွာသူ၊ ကျေးရွာသားများ၏သဘောဆန္ဒနှင့်အညီ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ရှင်မိန်ကျေးရွာ၌ ဒေသခံကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဆင်းရဲမှုလျှော့ချနိုင်ရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အခြားလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ၃၈ လမ်း၊ ၇၃ လမ်း-၇၄ လမ်းကြားနေ ဦးတေဇာအောင်-ဒေါ်မေသဇင် မိသားစုက ဒေါ်ခင်ဆွေဝင်း အားရည်စူး၍ ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ် ၄၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏနှင့် ရုံးအဖွဲ့မှူး ဦးသန့်ဇင်တို့က လက်ခံရယူစဉ်။

# ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလနှင့် မေလအတွင်း သမဝါယမအသင်းများက ငွေကျပ်သန်း ၂၄၀၀ ကျော်တန်ဖိုးရှိ ဓာတ်မြေသြဇာအိတ် ၃၄၀၀၀ ကျော်ရောင်းချပေးခဲ့



**နေပြည်တော် ဇွန် ၂၈**

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလနှင့် မေလအတွင်း သမဝါယမအသင်းများက ငွေကျပ်သန်း၂၄၀၀ ကျော်တန်ဖိုးရှိ ဓာတ်မြေသြဇာအိတ် ၃၄၀၀၀ ကျော် ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ သတင်းများအရ သိရသည်။

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမဦးစီးဌာနသည် မြန်မာ့စိုက်ပျိုးရေးကဏ္ဍပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် စိုက်ပျိုးသူတောင်သူများ စိုက်ပျိုးရေးလုပ်ငန်းများကို အဆင်ပြေစွာလုပ်ကိုင်ဆောင်ရွက်နိုင်ပြီး လူမှုစီးပွားဘဝများမြင့်မားလာစေရေးအတွက် သွင်းအားစုများကို ဖြန့်ဖြူး ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ဖြန့်ဖြူးရောင်းချပေးရာတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလက ငွေကျပ် ၃၁၆ ဒသမ ၈၀၂ သန်းတန်ဖိုးရှိ ဓာတ်မြေသြဇာအိတ် ၃၈၄၇ အိတ်နှင့် မေလက ငွေကျပ် ၂၁၆၃ ဒသမ ၉၄၁ သန်းတန်ဖိုးရှိ ဓာတ်မြေသြဇာအိတ် ၃၀၃၃၀ စုစုပေါင်းငွေကျပ် ၂၄၈၀ ဒသမ ၇၄၃ သန်းတန်ဖိုးရှိ ဓာတ်မြေသြဇာ ၃၄၁၇၇ အိတ် ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဓာတ်မြေသြဇာများကို ဖြန့်ဖြူးရောင်းချပေးရာတွင် ဧပြီလက တိုင်းဒေသကြီးနှင့် ပြည်နယ်လေးခုရှိ မြို့နယ် ၁၂ မြို့နယ်မှ သမဝါယမအသင်း ၆၂ သင်းက အသင်းသား ၁၂၈၄ ဦးကို ရောင်းချပေးခဲ့ပြီး မေလက တိုင်းဒေသကြီး၊ ပြည်နယ်ခုနစ်ခုရှိ မြို့နယ် ၃၆ မြို့နယ်မှ သမဝါယမအသင်း ၂၂၄ သင်းက အသင်းသား ၄၈၅၆ ဦးကို ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရသည်။

ယူရီးယားဓာတ်မြေသြဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီအနေဖြင့် ကုမ္ပဏီအလိုက် ဓာတ်မြေသြဇာများ ပြည်ပမှတင်သွင်းရာတွင် စနစ်တကျဖြစ်စေရေး၊ မျှမျှတတဖြစ်စေရေး၊ ပွင့်လင်းမြင်သာမှုဖြစ်စေရေး ကြီးကြပ်ဆောင်ရွက်ပေးနေပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်က အမှန်တင်သွင်းသည့် ပမာဏကိုအခြေခံပြီး ယခုဘဏ္ဍာနှစ်တွင် ဓာတ်မြေသြဇာတန်ချိန် ၁ ဒသမ ၆ သန်း တင်သွင်းသွားမည်ဖြစ်ကြောင်း သိရသည်။ SKL

# ကလောမြို့နယ် ထင်းရှူးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကလော ဇွန် ၂၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောခရိုင် ကလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ ငုံးသုံကျေးရွာအုပ်စု ထင်းရှူးကုန်းကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စွာက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကြောင်းအရာများ၊ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့် တာဝန်နှင့် ရပိုင်ခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းခိုင်က အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင်လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၇၁၂ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်မည့် စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၇၁၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်နိုင်**

# အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၁၀၃၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**မုံရွာ ဇွန် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၁၀၃၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အရာတော်မြို့နယ်တွင် ဝါသီးနှံ ၅၂၆၆ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၀၃၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ အရာတော်မြို့နယ်အတွင်း ဝါဧက ၅၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဆက်လက်ပြီးလဲ စိုက်ပျိုးနေပါတယ်။ ဝါစိုက်ပျိုးထုတ်လုပ်ရာမှာ မျိုးကောင်းမျိုးသန့်တွေကို တောင်သူတွေ ရာသီအမီစိုက်ပျိုးနိုင်ဖို့ ဝါမျိုးစေ့တွေပံ့ပိုးပေးနေပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဝါမျိုးကောင်းမျိုးသန့်များရရှိစေရေး၊ ဝါသီးနှံဖြစ်ထွန်းအောင်မြင်စေရေး၊ ပိုးမွှားရောဂါကြိုတင်ကာကွယ်နိုင်ရေး၊ အထွက်နှုန်းကောင်းမွန်စေရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေး နည်းပညာပေးသင်တန်းများ ဖွင့်လှစ်ပို့ချပေးခဲ့ပြီး ဝါစိုက်တောင်သူများလိုအပ်သည့် နည်းပညာများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဝါစိုက်ပျိုးမှုအနေဖြင့် ဝါတစ်ကေလျှင် ကုန်ကျစရိတ် ငွေကျပ် ၃၅၀၀၀၀ ရှိပြီး ဝါတစ်ကေလျှင် ပိဿာ ၁၀၀၀ ခန့်ထွက်ရှိကြောင်း သိရသည်။

ဝါစိုက်ပျိုးရာတွင် သီးထပ်သီးညှပ်စိုက်ပျိုးနိုင်သည့်အတွက် ဝင်ငွေတိုးပွားစေမည်ဖြစ်ကြောင်း၊ ဝါသီးနှံကို စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်း၊ မုံရွာ၊ ယင်းမာပင်၊ ရွှေဘိုနှင့် ကန့်ဘလူခရိုင်အတွင်းရှိ မြို့နယ် ၁၉ မြို့နယ်တွင် အောင်မြင်စွာစိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

(၂၀၆)



# တိုင်းရင်းဆေးတွင်ထင်ရှားလာသည့် ဆေးပုလဲကလာပ်ဆေး ဆေးနည်းအမှတ်(၂၃)

ကြည်လွင်မြင့်(မုံရွာ)

စာရေးသူတို့ တိုင်းရင်းဆေးပညာသင်ကြားသောအခါ ကုထုံးပိုင်းနှင့်ဆေးဝါးပိုင်းဟူ၍ နှစ်မျိုးတွဲဖက်သင်ကြားရသည်။ ကုထုံးပိုင်းတွင်ရောဂါရှာဖွေခြင်း၊ လူနာစမ်းသပ်ခြင်း၊ လူနာ၏မျက်မြင်အခြေအနေကို စစ်ဆေးခြင်းများပြုလုပ်ရသည်။ ထိုသို့ပြုလုပ်ပြီးနောက် လူနာလက်ရှိဖြစ်ပေါ် ခံစားနေရသောဝေဒနာသက်သာစေရန်အတွက် ဆေးပေးရသည်။ဆေးချက်ချရသည်။ လူနာအတွက်သင့်လျော်သောဆေးအမျိုးမျိုးကို နံနက်ဆေး၊ နေ့ဆေး၊ ညဆေးဟူ၍ အနည်းဆုံးအချိန်အခါ သုံးမျိုးခွဲ၍ဆေးပေးရလေ့ရှိသည်။

မူလကအစိုးရတိုင်းရင်းဆေးပေးခန်းသုံးဆေးများမှာ ဆေးနည်း ၅၇ မျိုးရှိခဲ့သည်။ အစိုးရဆေးခန်းများကို တိုင်းရင်းမြန်မာအခမဲ့ဆေးကုဌာနများအဖြစ် ၁၉၅၃ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့သည်။ ထို့နောက် ၁၉၇၆ ခုနှစ်တွင် ပထမဆုံးတိုင်းရင်းဆေးပညာဒီပလိုမာဘွဲ့ပေးသည့်တိုင်းရင်းဆေးသိပ္ပံကို မန္တလေးတောင်ခြေတွင် ဖွင့်လှစ်ခဲ့သည်။ တိုင်းရင်းဆေးသိပ္ပံနှင့်တွဲဖက်၍ လူနာများလက်တွေ့ကုသပေးနိုင်ရန် တိုင်းရင်းဆေးရုံတစ်ခုကိုပါ ဖွင့်လှစ်ခဲ့သည်။ တိုင်းရင်းဆေးရုံတွင်သုံးစွဲသောဆေးနည်းများမှာ မူလဆေးခန်းသုံးဆေးနည်း ၅၇ နှစ်မျိုးထက်ကျော်လွန်၍ အမျိုး ၈၀ ထိရှိလာခဲ့သည်။ ထိုးဆေးများဖြင့်လူနာများစွာကိုဆေးရုံတင်ပြီး လက်တွေ့ပျောက်ကင်းအောင် ကုသပေးနိုင်ခဲ့သည်။

ထိုသို့ ဆေးခန်းသုံး၊ ဆေးရုံသုံးဆေးနည်းပေါင်းများစွာတို့တွင် လူနာကိုဆေးပေးကုသရာ၌ အထိရောက်ဆုံးနှင့် အသုံးအများဆုံးဆေးအမည်မှာ ၂၀ ခန့်သာရှိမည်ထင်သည်။ ထိုဆေးအမည်များထဲမှ ဆရာကြီးများအကြိုက် လက်သုံးအများဆုံးဆေးမည်တစ်ခုမှာ တိုင်းရင်းဆေးအမှတ်(၂၃) ဝေသာရဇ္ဇ ခေါ် ဆေးပုလဲကလာပ်ဆေးဖြစ်သည်။ ထိုဆေးသည် အထူးသဖြင့် ကိုယ်တစ်ခြမ်းသေလေဖြတ်လေငန်းဆွဲသူများအတွက် မရှိမဖြစ်ဆေးဖြစ်သည်။ အကြောတက်ထုံကျဉ် ကိုက်ခဲလေးဖက်နာရောဂါများအတွက်လည်း အစွမ်းထက်ဆေးဖြစ်သည်။

ဆေးတစ်မည်ကိုရောဂါမျိုးမျိုးအတွက် ရေလဲသုံးသည်ဟု တိုင်းရင်းဆေးပညာတွင်အဆိုရှိသည်။ ရေလဲဆိုသည်မှာ ဆေးတစ်မျိုးကို ရောဂါတစ်မျိုးအတွက် ရေနွေးဖြင့်တိုက်သည်။ နောက်ရောဂါတစ်မျိုးအတွက် ကွမ်းရွက်ပြုတ်ရည်နှင့်တိုက်သည်။ အခြားရောဂါတစ်မျိုးအတွက် ရှောက်သီးအရည်ဖြင့်တိုက်သည်။ ထို့နောက် ထိုဆေးကိုပင် အခြားရောဂါတစ်မျိုးအတွက် အုန်းရည်ဖြင့်တိုက်ပြန်သည်။ ထိုသို့တိုက်ရခြင်းမှာ လူနာ၏ အပူ၊ အအေး၊ ပြင်ပဥတု၏ အပူအအေးတို့ကိုချင့်ချိန်၍ ရေလဲပြောင်းပေးခြင်းဖြစ်သည်။ ရေလဲပြောင်းပေးသောဆေးအမျိုးမျိုးတို့တွင် ဆေးအမှတ်(၂၃) ဆေးပုလဲကလာပ်သည် ရေလဲအများဆုံးဖြစ်သည်။ ကုသောဆရာဉာဏ်ရှိသလို ရေလဲပြောင်းသုံးနိုင်သည်။

ဆေးပုလဲကလာပ်ကို ရေလဲသုံးများစွာသုံးနိုင်သဖြင့် ရှေးဆရာကြီးများက ရေလဲတစ်ထောင်ဆေးပုလဲကလာပ်ဟူ၍ပင် ခေါ်ဝေါ်ခဲ့ကြသည်။

ဆေးပုလဲကလာပ်၏ ဆေးဖော်စပ်ပုံနှင့်ထူးခြားသော ရေလဲသုံးစွဲမှုများကိုလေ့လာနိုင်ရန် အပြည့်အစုံတင်ပြလိုက်ပါသည်။ ဤဆေးကို အိမ်သုံးဆေး၊ သက်စောင့်ဆေးအဖြစ် မည်သူမဆိုဖော်စပ်သုံးစွဲနိုင်ပါသည်။

ဝေသာရဇ္ဇ(ဆေးပုလဲကလာပ်) ဆေး တစ်ဖုံတွင်ပါဝင်သော ဆေးပစ္စည်းများနှင့် အလေးချိန်မှာ သဘော်ချင်းခြောက် တစ်ကျပ်သား၊ ငရုတ်ကောင်း တစ်ကျပ်သား၊ ပိတ်ချင်းသီး တစ်ကျပ်သား၊ စမုန်မျိုး ငါးပါး တစ်ကျပ်သားစီ ငါးကျပ်သား၊ ကြက်သွန်ဖြူ တစ်ကျပ်သား၊ အိပ်မွှေ့သီး တစ်ကျပ်သား၊ ဖာလာ တစ်ကျပ်သား၊ စမြိတ် တစ်ကျပ်သား၊ ဆင်တုံးမနွယ် တစ်ကျပ်သား၊ ပိတ်ချင်းမြစ် တစ်ကျပ်သား၊ ကန့်ချုပ်နီ တစ်ကျပ်သား၊ သိန္ဓော တစ်ကျပ်သား၊ ပန်းဥ တစ်ကျပ်သား၊ ဇီရာ တစ်ကျပ်သား၊ ကရဝေးရွက် တစ်ကျပ်သား၊ ဇာတိပ္ဖိုလ်သီး တစ်ကျပ်သား၊ လေးညှင်း တစ်ကျပ်သား၊ စူလာနဖာ တစ်ကျပ်သား၊ စတုခါးမြစ် တစ်ကျပ်သား၊ ရှိန်းခို တစ်ကျပ်သား၊ ဆေးပုလဲ ၂၄ ကျပ်သား စုစုပေါင်း ဆေးချိန် ၄၈ ကျပ်သား(ဆေးတစ်ခွက်စာလျှင် မန်ကျည်းစေ့ နှစ်စေ့ခန့်တိုက်ပါ) မှတ်ချက်။ ဆေးချိန်အတိအကျကို တိုင်းရင်းဆေးပညာဦးစီးဌာန ဌာနသုံးတိုင်းရင်းဆေးနည်းများနှင့် သမားစဉ်ဆေးဖုံများစာအုပ်တွင်ဖော်ပြချက်အရ ဆေးတစ်ခွက်စာပမာနမှာ လူကြီး နှစ်ပဲသား၊ ကလေးတစ်ပဲသားဖြစ်ပြီး သောက်ရမည့်အကြိမ်နှင့်ရက်ကို တိုင်းရင်းဆေးပညာရှင်၏ညွှန်ကြားချက်အတိုင်း သုံးစွဲ



ဆေးဘက်ဝင် လေးညှင်းပွင့်ကို တွေ့ရစဉ်။

သင့်သည်။ ဆေးဝါးမှီဝဲလျှင် ဖြစ်ပေါ်နိုင်သောနောက်ဆက်တွဲဆိုးကျိုးများမရှိပါ။

**ဆေးဝါးမှီဝဲစဉ်ရှောင်ကြဉ်ရန်**

အစေးရှိသော အစားအစားများစားသုံးခြင်းရှောင်ကြဉ်ရမည်။

**သုတေသနတွေ့ရှိချက်များ**

အဆိပ်အာနိသင်စမ်းသပ်ချက် (Toxicological Study)၊ လက်တလောအဆိပ်အာနိသင်စမ်းသပ်ချက် (Acute toxicity test) နှစ်ခုစလုံးတွင် အဆိပ်အာနိသင်မတွေ့ရှိရပါ။

ဤဆေးကား ပူ၍ပွင့်သောဆေးဖြစ်သည်။ အစားမှား၊ အညော်မိ၊ အအေးမိသောသူများကွမ်းရွက်ပြုတ်ရည်နှင့်သောက်နိုင်၍ ဝဝဖြိုးဖြိုးနှင့်ဓမ္မတာမမှန်၊ ထိမ်ကျန်ငုပ်လျှိုးနေသော မိန်းမများနှင့် ဆီးလွန်ဆီးချိုရောဂါရှိသူများ၊ ဝမ်းဖောဝမ်းရောင်ဝမ်းပျက်သူများ၊ အစာမကြေသူများမှာ ဤဆေးကိုရေနွေးဖြင့်သောက်လျှင် ပျောက်ကင်းစေနိုင်သည်။


ဤဆေးမှာ မြန်မာတိုင်းရင်းဆေးဆရာများအတွက် အလွန်အသုံးဝင်သောဆေးဖြစ်သည်။ မီးယပ်ဒူလာကြောင့်ဖြစ်သော နာတာရှည်ရောဂါများ၊ သွေးတကူ၊ လေတကူဝိန်းပြဲကိုယ်ရောင် စသောရောဂါများ စသည်တို့ကို ဉာဏ်ရှိသလိုသုံးစွဲနိုင်ကြပေသည်။

ဆေးပုလဲကလာပ် (ရေလဲ) သုံးနည်းကုထုံးများ-

၁။ ခြေကတက်၍တအုံအုံရှိသော် ထိန်းသေးရွက်ပြုတ်ရည်နှင့်တိုက်ပါ။
၂။ လည်ပင်းဆို့၍ ခဏခဏသမ်းသော်၊ ညောင်း၍ချွေးစေးထွက်သော် ကုက္ကိုခေါက်ပြုတ်ရည်နှင့်တိုက်ပါ။
၃။ ဆီးအောင့်၍ ခြေဖျားလက်ဖျားအေးသော် သပြေခေါက်ပြုတ်ရည်နှင့်တိုက်ပါ။
၄။ ကိုယ်လက်တုန်၍လူမှန်းမသိသော်၊ စောင်းရွဲ့သော် ထန်းပင်မြစ်ပြုတ်ရည်နှင့်တိုက်ပါ။
၅။ အပူကြီးသော် သကြားနှင့်နယ်ပြီး နို့သာနှစ်ပါးရည်နှင့်တိုက်ပါ။
၆။ တုန်၍ဖျားသော် လေးညှင်းကဲ၍ ချင်းပြုတ်ရည်နှင့်တိုက်ပါ။
၇။ သလိပ်ချွဲထသော် ချင်းကဲ၍ သံပရာရည်နှင့်တိုက်ပါ။
၈။ အဖျားတွင်အတုန်အချမ်းကြီးသော် ကံ့ကော်ဝတ်ဆံကဲ၍ ချင်းပြုတ်ရည်နှင့်တိုက်ပါ။
၉။ ဝမ်းသက်သော် မုန်ညင်းစေ့ကဲ၍ အရက်နှင့်တိုက်ပါ။
၁၀။ လိပ်ခေါင်းထွက်သော် ကန့်ချုပ်နီကဲ၍ ပဥ္စကာနီသီး၊ ပင်လယ်အုန်းနှစ်ပါး ရေနှင့်တိုက်ပါ။
၁၁။ ချောင်းဆိုးသော် ဆောင်းမေးခါးကဲ၍ ပျားရည်နှင့်နယ်ပြီး ရှောက်ရည်နှင့်တိုက်ပါ။
၁၂။ မေးခိုင်၊ သွားစေ့သော် ချင်းပြုတ်ရည်နှင့်တိုက်ပါ။
၁၃။ လူးလဲ၍မနေသာသော် ပန်းနုကဲ၍နို့သာနှစ်ပါးရည်နှင့်တိုက်ပါ။
၁၄။ မငြိမ်မသက်စကားချွတ်ယွင်းသော် ဆီးသီးပြုတ်ရည်နှင့်တိုက်ပါ။
၁၅။ ဆီးအောင့်၍ခါးကိုက်သော် ချင်းပြုတ်ရည်နှင့်တိုက်ပါ။
၁၆။ ဝမ်းခေါက်ထူ၊ ဂူနာတိုကိုပျားရည်နှင့်နယ်၍ အရက်နှင့်တိုက်ပါ။
၁၇။ ပဋိသန္ဓေဖျားသော် သကြားနှင့်နယ်၍ ရေချက်အေးနှင့်တိုက်ပါ။
၁၈။ ငိုတုံ၊ ရယ်တုံရှိသော် စန္ဒကူးကဲ၍ အုန်းရည်နှင့်တိုက်ပါ။
၁၉။ ဝမ်းကိုက်သော် မဟာကာရည်နှင့်တိုက်ပါ။
၂၀။ အဖျားတွင်းအော့အန်သော် မိဿလင်ကဲ၍ အရက်နှင့်တိုက်ပါ။
၂၁။ အိပ်မပျော်သော် မဲဇလီမြစ်ပြုတ်ရည်နှင့်တိုက်ပါ။
၂၂။ တုန်ဖျားလိုက်သော် ချင်းကဲ၍အရက်နှင့်တိုက်ပါ။
၂၃။ အဖျားချောင်းဆိုးသော် ပိတ်ချင်းကဲ၍ပျားရည်နှင့်နယ်ပြီး ရှောက်ရည်နှင့်တိုက်ပါ။
၂၄။ နားအူ၊ နားထိုင်းသော် မုန်ညင်းဆီကဲ၍ ဖားဆီနှင့်နယ်ပြီး နှမ်းဆီနှင့်ချက်၍ နားကျပ်ပါ။
၂၅။ ဝမ်းပျက်လိုက်သော် သရက်ကျီးပေါင်း၊ သပြေခေါက်နှစ်ပါးပြုတ်ရည်နှင့်တိုက်ပါ။
၂၆။ အစာမကြေသော် သိန္ဓောကဲ၍ပျားရည်နှင့်နယ်ပြီး ရှောက်ရည်နှင့်တိုက်ပါ။
၂၇။ ခေတ်ချုပ်သော် မဟာကာကဲ၍သက်ရင်းကြီးပြုတ်ရည်နှင့်တိုက်ပါ။
၂၈။ ရင်ဘတ်နာသော် မဟာကာကဲ၍ပျားရည်နှင့်နယ်ပြီး နပ်ချို့မြစ်ပြုတ်ရည်နှင့်တိုက်ပါ။
၂၉။ ချောင်းဆိုးပို့အန်သော် လင်းလေကဲ၍ ပျားရည်နှင့်နယ်ပြီး အရက်နှင့်တိုက်ပါ။
၃၀။ ဝမ်းဒလဟောကျသော် ပဥ္စကာနီကဲ၍ စမြိတ်ပြုတ်ရည်နှင့်တိုက်ပါ။
၃၁။ ဝမ်းကျရေငတ်သော် ပင်လယ်ရေမြှုပ်ကဲ၍ ကျောက်စက်ရည်နှင့်တိုက်ပါ။
၃၂။ လူးလဲသော် နို့သာဖြူကဲ၍ ရေကျက်အေးနှင့်တိုက်ပါ။
၃၃။ သူငယ်ကပ်ကျိုး၊ သွားကြိတ်သော် နို့သာနှစ်ပါးရည်နှင့်တိုက်ပါ။
၃၄။ တဖျပ်ဖျပ်လန့်၍ ခြေလှုပ်သော်နို့သာနှစ်ပါးရည်နှင့်တိုက်ပါ။
၃၅။ တကိုယ်လုံးအေး၍ ချွေးစေးထွက်သော် ကရဝေးရွက်ပြုတ်ရည်နှင့်တိုက်ပါ။
၃၆။ နို့ရည်ခန်း၍နို့မထွက်သော် ကရဝေးသီးပြုတ်ရည်နှင့်တိုက်ပါ။
၃၇။ ဒူး၊ တင်ပါးအေးသော် ကရဝေးခေါက်ပြုတ်ရည်နှင့်တိုက်ပါ။
၃၈။ အသက်ရှူပြင်းသော် ကံ့ကော်ဝတ်ဆံပြုတ်ရည်နှင့်တိုက်ပါ။
၃၉။ အပူအအေးမမျှသော် ပန်းနုရည်နှင့်တိုက်ပါ။
၄၀။ ဖုတ်လိုက် ဖုတ်လိုက်အသက်ရှူသော် လေးညှင်းပြုတ်ရည်နှင့်တိုက်ပါ။
၄၁။ ခေါင်းလှုပ်၊လျှာလှုပ်မျက်ရည်ယိုသော် နို့သာနှစ်ပါးကဲ၍ ရွှေရည်၊ ငွေရည်နှင့်တိုက်ပါ။
၄၂။ တာရှည်ဖျားသော် ဆီးဖြူခေါက်ကဲ၍ ပုန်းရည်နှင့်တိုက်(တစ်နည်း) နို့သာနှစ်ပါး၊ စန္ဒကူး၊ ကရဝေး၊ ပဲနို့သာ၊ ကန့်ပလူ၊ ပန်းရင်း၊ ပန်းဥ၊ ပန်းလဲ၊ ပြည်ပန်းရွှေမြစ်၊ ဆေးပုလဲကလာပ်၊ ကြောင်မီးကူပြုတ်ရည်နှင့်တိုက်ပါ။
၄၃။ အဆိပ်အတောက်စားမိ၍ တမှိုင်မှိုင်တခွေခွေနေသော ပန်းနုကဲ၍ဥပသကာရည်နှင့်တိုက်ပါ။
၄၄။ မျက်တောင်စင်းသော် သစ်ကြံပိုးရည်နှင့်တိုက်ပါ။
၄၅။ သွေးလျှံသော် ကရဝေးသီးပြုတ်ရည်နှင့်တိုက်ပါ။
၄၆။ သွေးအန်သော် ဆီးဖြူသီးခြောက်ကဲ၍ မရားကြီးပြုတ်ရည်နှင့်တိုက်ပါ။
၄၇။ အပူဟူသမျှကို ကြောင်မီးကူပြုတ်ရည်နှင့်တိုက်၊ကာလနာကိုလည်း ဤအတိုင်းတိုက်ရန် ညွှန်းသည်။
၄၈။ ကျဗဟုံးဖမ်းသော် စမုန်နက်ကဲ၍ ဇဝက်သာရည်နှင့်တိုက်ပါ။
၄၉။ ဝမ်းဖောသော်ပိတ်ချင်းကဲ၍ ပုန်းရည်နှင့်တိုက်ပါ။
၅၀။ ရှုန်းရွဲ့သော်၊ ခြေလက်သေသော် ဆောင်းမေးခါးကဲ၍ ဇဝက်သာရည်နှင့်တိုက်ပါ။
၅၁။ မိန်းမ၊ ယောကျ်ား တကျည်းနာသော် ပဒဲကောကဲ၍ပုန်းရည်နှင့်တိုက်ပါ။

(ဆက်လက်ဖော်ပြပါမည်)

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချို အိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကိုပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ဆိုတာပါ။

# ရန်ကုန်တိုင်းဒေသကြီးတွင် ဇွန်လအတွင်း မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ် ခုနစ်ခု ခွင့်ပြုခဲ့



**ရန်ကုန် ဇွန် ၂၈**

ရန်ကုန်တိုင်းဒေသကြီးတွင် ယခုနှစ် ဇွန်လအတွင်း အလုပ်အကိုင်အခွင့်အလမ်း ဦးရေ ၃၀၆၀ ဖန်တီးပေးနိုင်မည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ် ခုနစ်ခု ခွင့်ပြုပေးခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အတွင်းရေးမှူး ဦးညီညီမင်းက ပြောပြ၍ သိရသည်။

အဆိုပါ လုပ်ငန်းသစ်ခုနစ်ခု၏ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏသည် မြန်မာငွေကျပ် ၄၀၂၃ သန်းနှင့် အမေရိကန်ဒေါ်လာ ၄ ဒသမ ၈၄၅ သန်းရှိကြောင်း၊ အဆိုပါ လုပ်ငန်းများတွင် ပြည်တွင်းလုပ်သား ဦးရေ ၃၀၆၀ အလုပ်အကိုင်ရရှိမည်ဖြစ်ပြီး လုပ်ငန်းများမှာ စက်မှုလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းနှင့် ကုန်ထုတ်လုပ်ငန်းများဖြစ်ကြောင်း သိရသည်။

"ဇွန် ၂၆ ရက်မှာ ကျင်းပခဲ့တဲ့ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအစည်းအဝေး (၆/၂၀၂၄) အစည်းအဝေးကနေ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ် ခုနစ်ခုကို ခွင့်ပြုပေးခဲ့တာဖြစ်ပါတယ်။ လုပ်ငန်းတွေကတော့ စက်မှုလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းနဲ့ ကုန်ထုတ်လုပ်ငန်းတွေဖြစ်ပါတယ်"ဟု အတွင်းရေးမှူး ဦးညီညီမင်းက ပြောပြသည်။

ထိုသို့ အတည်ပြုပေးခဲ့သည့် လုပ်ငန်းများမှာ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်း၊ CMP စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်း၊ CMP စနစ်ဖြင့် အရုပ်အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်း၊ ပြည်တွင်းတွင် ၈၀ ရာခိုင်နှုန်းရောင်းချပြီး ပြည်ပသို့ ၂၀ ရာခိုင်နှုန်းတင်ပို့မည့်အထည်ချုပ်လုပ်ငန်းများတွင်အသုံးပြုသော Padding and Quilting များ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းနှင့် CMP စနစ်ဖြင့် Wearing Apparel အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်းတို့ဖြစ်ကြောင်း သိရသည်။

အဆိုပါကာလအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ်များအပါအဝင် လည်ပတ်လျက်ရှိသည့် လုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏ တိုးမြှင့်ခြင်း၊ လုပ်သားအင်အားတိုးမြှင့်ခြင်းတို့လည်းရှိခဲ့ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း အလုပ်အကိုင်အခွင့်အလမ်းသစ်များဖန်တီးပေးနိုင်ရန် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ်များကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လစဉ်ခွင့်ပြုပေးလျက်ရှိကြောင်း သိရသည်။

ASH

# ပုဗ္ဗသီရိမြို့နယ် ပေါက်တောကျေးရွာ၌ ဆင့်မအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် ဇွန် ၂၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ အေးမြင့်သာယာကျေးရွာအုပ်စု ပေါက်တောကျေးရွာ၌ အဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဇွန် ၂၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဇေယျာသီရိခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ) ဒေါ်နီလာဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဒေါ်နန်းလှိုင်က အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ဦးစီးအရာရှိ ဒေါ်နီလာဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၁ ဒသမ ၂ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ပေါက်တောကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၁ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၉၂ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦး၊ အခြားလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၇၅ ဦးကို ရန်ပုံငွေကျပ် ၅၁ ဒသမ ၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

နေဘ်လူး

## စီးပွားမတ်ခိုင် ပြည့်မလွှိုင်

- လုပ်အားကို အစွမ်းကုန်မြှင့်
ဂုဏ်တင့်ဖို့ အသေချာ၊
လူကြီးလူငယ် အရွယ်မရွေး
လေးစားရမှာ၊
တစ်ယောက်ချင်း စွမ်းရည်ဟာ
စုပေါင်းကာ ပြည့်ခွန်အား၊
နိုင်ရာဝန် ရွက်ဆောင်ထမ်းလို့
ကြိုးပမ်းစို့လား။

- နိုင်ငံတော် ကုန်ထုတ်အား
မြင့်မားဖို့ ကြံဆောင်လေ၊
နည်းပညာ ဆန်းသစ်မှုကို
ရှေးရှုမသွေ၊
ခေတ်စနစ်နဲ့ ညီကာနေ
ပြည်ရွာတွေ သာစေကြောင်း၊
ရိုးသားစွာ ထုတ်ဖော်လှစ်ကွယ်
အားသစ်ကိုလောင်း။

- အချိန်တွေ အခါနှောင်းက
ပြန်ပြောင်းလို့ မရနိုင်၊
အကျိုးမဲ့စွာ ဖြုန်းတီးပစ်က
လစ်ဟန္ဒဲ့ ယိုင်၊
စီးပွားရေး ပြည့်မဏ္ဍိုင်
တည့်မတ်ခိုင် တိုးမြှင့်ရေး၊
ကာယယှဉ် ဉာဏဖက်လို့
ရှေ့ဆက်စို့လေး။

- ကမ္ဘာမှာ မြန်မာသွေးတို့
နွေးထွေးမှု သရုပ်ဖော်၊
ရိုင်းပင်းညီ ချစ်ကြည်မှုနဲ့
စုစည်းတူပျော်၊
သာသူက လက်တွဲခေါ်
ကျော်ပါစေ ကိုယ့်ထက်ကဲ၊
မုဒိတာ နှလုံးသွင်းလျှင်
အောင်ခြင်းဆင့်မြဲ။ ။

**စန်းထက်(ဖန်ခါးမြေ)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

## နိုင်ငံတကာ သတင်းများ

# ပင်လယ်နက်ဒေသ၌ အမေရိကန်မောင်းသူမဲ့လေယာဉ်များ ကင်းထောက်ပျံသန်းမှုကိုတုံ့ပြန်ရန် ရုရှားပြင်ဆင်နေ



**မော်စကို ဇွန် ၂၈**

ပင်လယ်နက်ဒေသ၌ အမေရိကန်မောင်းသူမဲ့လေယာဉ်ပျံသန်းနေမှုကိုတုံ့ပြန်ရေးအတွက် ပြင်ဆင်မှုများပြုလုပ်ရန် ရုရှားကာကွယ်ရေးဝန်ကြီးက သက်ဆိုင်ရာတာဝန်ရှိသူများကို ညွှန်ကြားထားကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

ရုရှားနိုင်ငံအနေဖြင့် ပင်လယ်နက်ဒေသ၌ အမေရိကန်မောင်းသူမဲ့ကင်းထောက်လေယာဉ်များ ပျံသန်းနေမှုကိုတားဆီးရေးအတွက်လိုအပ်သည့် လုပ်ငန်းအစီအမံများလုပ်ဆောင်ရနိုင်ကြောင်းရုရှားကာကွယ်ရေးဝန်ကြီး အန်ဒရီဘီလိုဆော့ဗ်က ယနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင်ပင်လယ်နက်ဒေသ၌ အမေရိကန်မောင်းသူမဲ့ကင်းထောက်လေယာဉ်များပျံသန်းမှုကိုတုံ့ပြန်ရေးအတွက်လိုအပ်မည့် လုပ်ငန်းအစီအစဉ်များ အဆိုပြုတင်ပြရန် ရုရှားစစ်ဦးစီးချုပ်ရုံးကို ကာကွယ်ရေးဝန်ကြီး ဘီလိုဆော့ဗ်က ညွှန်ကြားထားကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်များအတွင်း ပင်လယ်နက်ဒေသ၌ အမေရိကန်မောင်းသူမဲ့ကင်းထောက်လေယာဉ်များ ပျံသန်းမှုမြင့်တက်လာကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးက ပြောကြားထားသည်။

ယင်းကဲ့သို့ ပင်လယ်နက်ဒေသ၌ အမေရိကန်မောင်းသူမဲ့လေယာဉ်များ ပျံသန်းမှုမြင့်တက်လာခြင်းကြောင့် ရုရှားစစ်လေယာဉ်များပါဝင်လာနိုင်သည့် မတော်တဆဖြစ်စဉ်များလည်း ပေါ်ပေါက်လာနိုင်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီး ဘီလိုဆော့ဗ်က သတိပေးထားသည်။

ရုရှားနှင့် အမေရိကန်နိုင်ငံတို့ ပင်လယ်နက်ဒေသ၌ အမေရိကန်မောင်းသူမဲ့လေယာဉ်များ ကင်းထောက်ပျံသန်းမှုနှင့် ပတ်သက်၍ ယခင်ကပင် ပြဿနာများဖြစ်ခဲ့ဖူးကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

# ယူကရိန်းနယ်စပ်အနီး လုံခြုံရေးမြှင့်တင်ရန် ဘီလာရုစ်စီစဉ်

**မင့်စ် ဇွန် ၂၈**

လုံခြုံရေး ပြဿနာတစ်ရပ်ကြောင့် ယူကရိန်းနှင့်ထိစပ်နေသောနယ်စပ်တစ်လျှောက်တွင် အင်အားထပ်မံ ဖြည့်တင်းထားရေးအတွက် ဘီလာရုစ်နယ်စပ်လုံခြုံရေးတပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့ကစီစဉ်ထားကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

ယူကရိန်းနိုင်ငံဘက်မှ ကျော်ဖြတ်ဝင်ရောက်လာသော မောင်းသူမဲ့လေယာဉ်တစ်စင်းကို ပစ်ချခဲ့ရပြီးနောက် ယူကရိန်းနှင့်ထိစပ်နေသည့် နယ်စပ်တစ်လျှောက် အင်အားထပ်မံဖြည့်တင်းရန် ဘီလာရုစ်နိုင်ငံက စီစဉ်ထားခြင်းဖြစ်သည်။

အဆိုပါမောင်းသူမဲ့လေယာဉ်သည် ဘီလာရုစ်ဘက်ခြမ်းရှိ အခြေခံ အဆောက်အအုံများနှင့်ပတ်သက်၍ သတင်းအချက်အလက်များရယူရန် စေလွှတ်ခဲ့သည့် မောင်းသူမဲ့လေယာဉ် ဖြစ်နိုင်ကြောင်း ဘီလာရုစ်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ထို့ပြင် ယခုရက်သတ္တပတ်အစောပိုင်းကလည်း ဘီလာရုစ်-ယူကရိန်းနယ်စပ်တွင် လက်လုပ်ဗုံးပြုလုပ်ရာ၌ အသုံးပြုသည့် ကုန်ကြမ်းပစ္စည်းများကို ဘီလာရုစ်လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှာဖွေတွေ့ရှိခဲ့သည်။

လက်ရှိအချိန်တွင် ဘီလာရုစ်နှင့် နယ်မြေချင်းထိစပ်နေသည့် ယူကရိန်းနယ်မြေတစ်ခု၌ ယူကရိန်းကိုလိုလားသည့် ရုရှားနိုင်ငံသားလက်နက်ကိုင်အချို့ ရောက်ရှိနေသည်ကို မိမိတို့သိရှိထားကြောင်း ဘီလာရုစ်တာဝန်ရှိသူများကပြောကြားခဲ့သည်။

ဘီလာရုစ်နိုင်ငံသည် ယူကရိန်းနှင့် စစ်မက်ဖြစ်ပွားနေသော ရုရှားနိုင်ငံ၏ အဓိကမဟာမိတ်ဖြစ်ကြောင်း သိရသည်။ **Ref : RT**

**Trs : KKO**

# အီရန်နိုင်ငံ၌ သမ္မတရွေးကောက်ပွဲကျင်းပ

**တီဟီရန် ဇွန် ၂၈**

အီရန်နိုင်ငံ၌ယနေ့တွင် သမ္မတရွေးကောက်ပွဲများ ကျင်းပခဲ့ရာ အီရန်မဲဆန္ဒရှင်ပြည်သူများ ပါဝင်မဲပေးခဲ့ကြကြောင်း သိရသည်။

ရဟတ်ယာဉ် ပျက်ကျမှုကြောင့် အီရန်သမ္မတ အက်ဘရာဟင်ရိုင်စီ ကွယ်လွန်ခဲ့ရပြီးနောက် အီရန်နိုင်ငံသည် သမ္မတရွေးကောက်ပွဲများကို ပုံမှန်ထက်စော၍ ယနေ့တွင် ကျင်းပခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

ယနေ့အီရန်သမ္မတရွေးကောက်ပွဲတွင် အီရန်ပြည်စောင့်ကောင်စီက စိစစ်ရွေးချယ်ထားသော သမ္မတလောင်းလေးဦး ပါဝင်ယှဉ်ပြိုင်နေကြောင်း သိရသည်။



အစ္စရေးနှင့်အီရန်ကျောထောက်နောက်ခံပြု လက်နက်ကိုင်အုပ်စုများကြား ဖြစ်ပွားနေသော စစ်ရေးပဋိပက္ခများကြောင့် အရှေ့အလယ်ပိုင်းဒေသ၌ တင်းမာမှုများမြင့်တက်နေချိန်တွင် အီရန်နိုင်ငံက သမ္မတရွေးကောက်ပွဲ ကျင်းပနေခြင်းဖြစ်သည်။

အီရန်သမ္မတရွေးကောက်ပွဲ၏ နောက်ဆုံးရလဒ်များကို လာမည့် နှစ်ရက်အတွင်း အီရန်ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာဖွယ်ရှိသည်။

အဆိုပါ ရွေးကောက်ပွဲ၌ မည်သည့် သမ္မတလောင်းကမျှ ထောက်ခံမဲအနည်းဆုံး ၅၀ ရာခိုင်နှုန်းထိမရခဲ့ပါက ဒုတိယအကျော့ သမ္မတရွေးကောက်ပွဲကို ဆက်လက်ကျင်းပ ပေးမည်ဖြစ်ကြောင်း သိရသည်။ **Ref : RT**

**Trs : KKO**

# ဆလိုဗက်ကီးယား၌ ရထားနှင့်ဘတ်စကား ဝင်တိုက်မှုကြောင့် လူခုနစ်ဦးသေဆုံး

**ဘရက်တီဆလာဗာ ဇွန် ၂၈**

ဆလိုဗက်ကီးယားနိုင်ငံ၌ဇွန် ၂၇ ရက်က ရထားလမ်းကူးတစ်ခုတွင် ရထားတစ်စီးနှင့်ဘတ်စကားတစ်စီး ဝင်တိုက်ခဲ့ရာ လူခုနစ်ဦး သေဆုံး၍ ငါးဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အဆိုပါရထားနှင့်ဘတ်စကား ဝင်တိုက်မှုဖြစ်စဉ်သည် ဘရက်တီဆလာဗာမြို့ အရှေ့ဘက် ၆၅ မိုင်အကွာတွင်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ယင်းရထားသည် ချက်သမ္မတနိုင်ငံ ပရက်ဂ်မြို့မှ ဟူလ်ဂေးရီးယားနိုင်ငံ ဘူဒါပတ်စ်မြို့သို့ ခုတ်မောင်းနေစဉ် ဘတ်စကားနှင့် ဝင်တိုက်ခဲ့ခြင်းဖြစ်သည်။

ရထားနှင့် ဘတ်စကားဝင်တိုက်မှုကြောင့် သေဆုံးသူနှင့် ဒဏ်ရာရသူအားလုံးမှာ ဘတ်စကားပေါ်တွင် လိုက်ပါလာသူများဖြစ်ကြသည်။

အခင်းဖြစ်ပွားချိန်တွင်ဘတ်စကားပေါ်၌ ခရီးသည်ဦးရေ ၁၀၀ကျော် လိုက်ပါလာကြောင်း ဆလိုဗက်ကီးယားအစိုးရ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် ရထားနှင့် ဘတ်စကား ဝင်တိုက်ရခြင်း၏ အကြောင်းရင်းကို ဆလိုဗက်ကီးယားတာဝန်ရှိသူများက စုံစမ်းစစ်ဆေးနေဆဲ ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**



# ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဝန်ထမ်းဦးရေ ၃၀၀ ကို ထုတ်ပယ်ရန် အယ်လ်ဆာဗေဒိုးအစိုးရစီစဉ်

**ဆန်ဆာဗေဒိုး ဇွန် ၂၈**

ယဉ်ကျေးမှုဝန်ကြီးဌာနမှဝန်ထမ်းများကို အစုလိုက်အပြုံလိုက်ရာထူးနေရာများမှဖယ်ရှားရန် အယ်လ်ဆာဗေဒိုးအစိုးရက စီစဉ်ထားကြောင်း ဇွန် ၂၇ ရက်သတင်းများတွင် ရေးသားဖော်ပြထားသည်။

အစိုးရ၏ လမ်းစဉ်နှင့်ခြားနားသောလုပ်ငန်းအစီအစဉ်များအား မြှင့်တင်နေသည့် ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ထမ်းဦးရေ ၃၀၀ ကိုအလုပ်မှထုတ်ပယ်ရန်စီစဉ်ထားကြောင်း အယ်လ်ဆာဗေဒိုးသမ္မတ နာယစ်ဘ်ဘူကီလီက ဇွန် ၂၇ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ယဉ်ကျေးမှုဝန်ကြီးဌာနမှ အထက်ဖော်ပြပါဝန်ထမ်းများကို ထုတ်ပယ်ခြင်းဖြင့် ပြည်သူ့အခွန်ငွေများကို မိမိတို့ ချွေတာရမည်ဖြစ်ကြောင်း သမ္မတ နာယစ်ဘ်ဘူကီလီက ပြောကြားခဲ့သည်။

သို့ရာတွင် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ထမ်းများအား အလုပ်ထုတ်ပယ်မည့်အစီအစဉ်၏နောက်ခံအကြောင်းရင်းများနှင့်ပတ်သက်၍ အသေးစိတ်ထုတ်ဖော်ပြောကြားခြင်းမရှိသေးကြောင်း သိရသည်။

အယ်လ်ဆာဗေဒိုး သမ္မတ ဘူကီလီသည် ပြီးခဲ့သည့်ရက်သတ္တပတ်က ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီးအဖြစ် ကျောင်းဆရာဟောင်း ရော့ဒ်ကတ်စတီလိုကို ခန့်အပ်ထားသည်။

ယဉ်ကျေးမှုဝန်ကြီးဌာန အနေဖြင့် မျိုးချစ်စိတ်ဓာတ်နှင့် မိသားစုစံနှုန်းတို့ကို မြှင့်တင်ပေးနိုင်ရန် အယ်လ်ဆာဗေဒိုးသမ္မတက ဆန္ဒရှိနေကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

# SCIENCE AND TECHNOLOGY

## Space-X အာကာသနည်းပညာကုမ္ပဏီက စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၃ စင်း လွှတ်တင်ခဲ့



**ဝါရှင်တန် ဇွန် ၂၈**

အမေရိကန်နိုင်ငံ အခြေစိုက် **Space-X** အာကာသနည်းပညာကုမ္ပဏီသည် စတားလင့်ခ်အင်တာနက် ဝန်ဆောင်မှုဂြိုဟ်တု ၂၃ စင်းကို ဇွန် ၂၇ ရက်တွင် လွှတ်တင်ခဲ့ကြောင်း သိရသည်။

အဆိုပါ စတားလင့်ခ်ဂြိုဟ်တုများ သယ်ဆောင်ထားသော ဖယ်လ်ကွန်-၉ ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး တစ်နာရီကျော်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံသည် သယ်ဆောင်ထားသည့် စတားလင့်ခ်ဂြိုဟ်တု ၂၃ စင်းကို သက်ဆိုင်ရာ ပတ်လမ်းပေါ်သို့ အောင်မြင်စွာ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ဇွန် ၂၇ ရက် မစ်ရှင်အောင်မြင်ခဲ့ခြင်းကြောင့် **Space-X** အာကာသနည်းပညာကုမ္ပဏီအနေဖြင့် ကမ္ဘာပတ်လမ်းကြောင်းပေါ်တွင် စတားလင့်ခ်ဂြိုဟ်တုများကို အစင်း ၆၀၀၀ ကျော်ထိ ပို့ဆောင်ထားနိုင်ပြီဖြစ်ကြောင်း သိရသည်။

**Space-X** အာကာသနည်းပညာကုမ္ပဏီသည် ၎င်းတည်ဆောက်နေသည့် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုကွန်ရက်အတွက် စတားလင့်ခ်ဂြိုဟ်တုများကို လွှတ်တင်နေခြင်းဖြစ်သည်။

**Space-X** အာကာသနည်းပညာကုမ္ပဏီသည် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်အတွက် ဂြိုဟ်တုအစင်းပေါင်း ၁၂၀၀၀ ထိ လွှတ်တင်ခွင့်ရထားကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## ဂြိုဟ်တုတစ်စင်းတစ်စစီပြိုကွဲမှုကြောင့် ISSမှ အာကာသယာဉ်မှူးကိုးဦး အာကာသစခန်း၌ ဆိုက်ကပ်ထားသော အာကာသလူသယ်ယာဉ်များအတွင်း ခိုလှုံခဲ့ရ

**ဝါရှင်တန် ဇွန် ၂၈**

ကမ္ဘာပတ်လမ်း အနိမ့်ပိုင်းရှိ ဂြိုဟ်တုတစ်စင်း တစ်စစီပြိုကွဲခဲ့မှုကြောင့် နိုင်ငံတကာ အာကာသစခန်း(ISS)မှ အာကာသယာဉ်မှူးကိုးဦးတို့သည် အာကာသစခန်း၌ ဆိုက်ကပ်ထားသော အာကာသလူသယ်ယာဉ်များအတွင်း ယာယီဝင်ရောက်၍ ခိုလှုံခဲ့ရကြောင်း ဇွန် ၂၇ ရက် သတင်းများအရ သိရသည်။

ကမ္ဘာပတ် လမ်းကြောင်းအတွင်းရှိ ဂြိုဟ်တုတစ်စင်းပြိုကွဲပြီးနောက် နိုင်ငံတကာ အာကာသစခန်းပေါ်ရှိ အာကာသယာဉ်မှူးကိုးဦးတို့မှာ အာကာသလူသယ်ယာဉ်သုံးစင်းအတွင်းသို့ ဇွန် ၂၆ ရက်တွင် ဝင်ရောက်ခိုလှုံခဲ့ရကြောင်း သိရသည်။

ဂြိုဟ်တုပြိုကွဲမှုဖြစ်ပွားသည့်အချိန်မှာ အာကာသယာဉ်မှူးများ အိပ်စက်နေချိန်ဖြစ်သည်ဟု အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေး အေဂျင်စီ(နာဆာ)က သတင်းထုတ်ပြန်ထားကြောင်း သိရသည်။



တစ်စစီပြိုကွဲခဲ့ရသည့် ဂြိုဟ်တုနှင့်ပတ်သက်၍ နာဆာအဖွဲ့၏ သတင်းထုတ်ပြန်ချက်တွင် အသေးစိတ် ထုတ်ဖော်ပြောကြားခြင်း မရှိပေ။

သို့ရာတွင် Leolab အမည်ရှိ အာကာသခြေရာခံစောင့်ကြည့်ရေးကုမ္ပဏီ၏အဆိုအရ တစ်စစီပြိုကွဲခဲ့သော ဂြိုဟ်တုမှာ Resurs-P1 အမည်ရှိ ရုရှားဂြိုဟ်တုတစ်စင်းဖြစ်ကြောင်း သိရသည်။

Resurs-P1 ဂြိုဟ်တုသည် ၂၀၁၃ ခုနှစ် ဇွန် ၂၅ ရက်တွင် လွှတ်တင်ခဲ့ပြီး ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် မစ်ရှင်သက်တမ်းကုန်ဆုံးခဲ့ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## ပုံသဏ္ဍာန်အလွန်ဆန်းပြားသော ပင်လယ်သတ္တဝါတစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းများကို ကနေဒါနိုင်ငံ၌ သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိထား

**အော့တဝါ ဇွန် ၂၈**

ပုံသဏ္ဍာန် အလွန်ဆန်းပြားသော ပင်လယ်သတ္တဝါတစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းများကို ကနေဒါနိုင်ငံ၌ သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း ဇွန် ၂၇ ရက် သတင်းများအရ သိရသည်။

အဆိုပါ ကမ္ဘာဦးပင်လယ်သက်ရှိ၏ကျောက်ဖြစ်ရုပ်ကြွင်းကို ကနေဒါ သိပ္ပံပညာရှင်များက **Lobopodian** ဟူ၍ အမည်ပေးထားကြောင်း သိရသည်။

ကနေဒါ သိပ္ပံပညာရှင်များ၏ အဆိုအရ **Lobopodian** များ၏ ကိုယ်ထည်မှာ ရှည်လျား၍ ခြေတံ၊ လက်တံများတွင် အမွေးအမှင်များ ပါရှိကြောင်း သိရသည်။

မိမိတို့ ရှာဖွေတွေ့ရှိထားသော **Lobopodian** ရေနေသက်ရှိများသည် လွန်ခဲ့သည့် နှစ်ပေါင်းသန်း ၅၀၀ ခန့်က ရှင်သန်ခဲ့သည့် သက်ရှိများဖြစ်ကြကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

လက်ရှိအချိန်တွင် သိပ္ပံပညာရှင်များအနေဖြင့် **Lobopodian** သက်ရှိ၏ ဆင့်ကဲပြောင်းလဲမှုပုံစံကို နားလည်နိုင်မှုမရှိသေးပေ။

သို့ရာတွင် **Lobopodian** များသည် လွန်ခဲ့သော နှစ်သန်း ၅၀၀ ကျော်ကာလ ကမ်ဘရီယန်ခေတ် ဇီဝပေါက်ကွဲမှုဖြစ်စဉ်ကြောင့် ပေါ်ထွက်လာသည့် သက်ရှိများဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

**Ref : Xinhua News**
**Trs : KKO**

# H E A L T H

## ဗီတာမင်အားဖြည့်ဆေးများက လူသားများ အသက်ရှည်ရေးအတွက် အထောက်အကူမပြုနိုင်

**နယူးယောက် ဇွန် ၂၈**

ဗီတာမင်အားဖြည့်ဆေးများသည် လူသားများအသက်ရှည်ရေးအတွက် အထောက်အကူပြုနိုင်ဖွယ်မရှိကြောင်း သုတေသနပညာရှင်များက ဇွန် ၂၇ ရက်တွင် ပြောကြားသည်။

ဗီတာမင်အားဖြည့်ဆေးများ နေ့စဉ်သုံးစွဲမှုသည် လူသားများ အသက်ရှည်ရေးအပေါ် အကျိုးသက်ရောက်မှုမရှိကြောင်း အမေရိကန် သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

ထို့ပြင် ဗီတာမင်အားဖြည့်ဆေးများ နေ့စဉ်သုံးစွဲမှုကြောင့်ပင် ရောဂါ တစ်မျိုးမျိုးကြောင့် အသက်ဆုံးပါးနိုင်ခြေ လေးရာခိုင်နှုန်းထိ မြင့်တက်လာနိုင်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် ကျန်းမာရေးကောင်းမွန်သော အရွယ်ရောက်သူဦးရေ ၄၀၀၀၀၀ ခန့်ကိုလေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

ဗီတာမင်ဖြည့်စွက်ဆေးများ ဈေးကွက်သည် အမေရိကန်နှင့် ဗြိတိန်၌ အမေရိကန်ဒေါ်လာ ဘီလီယံနှင့်ချီ တန်ဖိုးရှိသော ဈေးကွက်ဖြစ်သည်။

သို့ရာတွင် ဗီတာမင် အားဖြည့်ဆေးများ၏ ကျန်းမာရေးအပေါ် အကျိုးပြုနိုင်စွမ်းမှာ အငြင်းပွားနေရဆဲ ကိစ္စတစ်ရပ်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## အပင်အခြေခံလုပ်ထားသော အသားတုများက အသားအစစ်များနှင့်နှိုင်းယှဉ်ပါက နှလုံးကျန်းမာရေးကို ပိုအထောက်အကူပြုနိုင်

**အော့တဝါ ဇွန် ၂၈**

အပင်အခြေခံ ပြုလုပ်ထားသော အသားတုများသည် အလွန်အကျွံ ပြုပြင်စီရင်ထားရသည့် အစားအစာများ ဖြစ်သည့်တိုင် အသားအစစ်များနှင့်နှိုင်းယှဉ်ပါက နှလုံးကျန်းမာရေးကို ပို၍အထောက်အကူပြုနိုင်ဖွယ်ရှိကြောင်း ဇွန် ၂၇ ရက်သတင်းများအရ သိရသည်။

ကနေဒါသုတေသနပညာရှင်များ၏ လက်တွေ့စမ်းသပ်မှုရလဒ်များအရ အသားအစစ်များနေရာတွင် အပင်အခြေခံအသားတုများဖြင့် အစားထိုးစားသုံးပါက နှလုံးရောဂါဖြစ်ရခြင်း၏ ရောဂါနောက်ခံအကြောင်းတရားများ အားလုံး လျော့ပါးသွားသည်ကို တွေ့ရကြောင်း သိရသည်။

သွေးအတွင်း ကိုလက်စထရောပါဝင်မှုအဆင့် လွန်ကဲခြင်း၊ ကိုယ်အလေးချိန် လွန်ကဲခြင်းတို့သည် နှလုံးရောဂါများ ဖြစ်ပွားရခြင်း၏ ရောဂါနောက်ခံအကြောင်းတရားများဖြစ်ကြသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်များအရ အသားအစစ်များအစား အပင်အခြေခံ အသားတုများ စားသုံးသူများတွင် သွေးအတွင်း ကိုလက်စထရောပါဝင်မှုအဆင့် ၁၃ ရာခိုင်နှုန်းထိ ကျဆင်းသွားတတ်ပြီး ထရိုင်ဂလိုဆားရိုက်ပါဝင်မှုအဆင့်ကိုလည်း ၅၃ ရာခိုင်နှုန်း လျော့ပါးသွားသည်ကို တွေ့ရကြောင်း သိရသည်။

ထို့ပြင် အပင်အခြေခံအသားတုများသည် သွေးအတွင်းကောင်းကျိုးပြု ကိုလက်စထရောပါဝင်မှုအဆင့်ကိုလည်း ၁၁ ရာခိုင်နှုန်းထိမြှင့်တင်ပေးနိုင်ကြောင်း သိရသည်။

သို့ရာတွင် အပင်အခြေခံ အသားတုများ၏ ကျန်းမာရေးအကျိုးကျေးဇူးကို ဆက်လက်လေ့လာရန် လိုအပ်ဆဲဖြစ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

**Ref : Russia Today**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# ဘိုကာဂျူနီယာ လူငယ်ကစားသမား အန်ဆယ်မင်နိုကို ချဲလ်ဆီးအသင်းခေါ်ယူ

**လန်ဒန် ဇွန် ၂၈**

ချဲလ်ဆီးအသင်းသည် ဘိုကာဂျူနီယာအသင်းမှ အသက် ၁၉ နှစ်ရှိ လူငယ်ခံစစ်ကစားသမား အန်ဆယ်မင်နိုကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁၇ သန်းဖြင့် ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

ကလပ်အသင်းနှစ်ခုကြား ပုဂ္ဂိုလ်ရေးသဘောတူညီမှု ရယူခဲ့သည့် ချဲလ်ဆီးအသင်းသည် ဘိုကာဂျူနီယာအသင်း တာဝန်ရှိသူများနှင့် နောက်ဆုံးအဆင့်ဆွေးနွေးမှုများပြုလုပ်နေပြီး လူငယ်ကစားသမားကို ခြောက်နှစ်စာချုပ်ဖြင့် လာမည့် ၂၀၃၀ ပြည့်နှစ်ထိ ခြောက်နှစ်စာချုပ် ချုပ်ဆိုသွားမည်ဖြစ်သော်လည်း အကျိုးတူပူးပေါင်းထားသည့် ပြင်သစ်ကလပ် စထရာဘော့အသင်းသို့ တစ်ရာသီအငှားစာချုပ်ဖြင့် စေလွှတ်မည်ဖြစ်ကြောင်း သိရသည်။

ချဲလ်ဆီး အသင်းသည် တောင်အမေရိကမှ လူငယ်ကစားသမားများကို ခေါ်ယူပြီးလျှင် အကျိုးတူကလပ် စထရာဘော့အသင်းသို့ အတွေ့အကြုံကောင်းများရရှိစေရန် စေလွှတ်လျက်ရှိပြီး ပြီးခဲ့သည့် ဘောလုံးရာသီကလည်း လူငယ်ကစားသမား အိန်ဂျယ်လိုဂါဘရီရယ်နှင့် ဆန်းတို့စ်တို့ကို အငှားစာချုပ်များဖြင့် ပြင်သစ်ကလပ်သို့ စေလွှတ်ခဲ့သည်။

အသင်းပိုင်ရှင် တော့ဘိုလီသည် ချဲလ်ဆီးအသင်းကို ဝယ်ယူပြီးနောက် လူငယ်ကစားသမားများကို သာဝယ်ယူခဲ့ပြီး အနာဂတ်စီမံကိန်းအတွက် အကောင်အထည်ဖော်မှုများပြုလုပ်နေသကဲ့သို့ ယခုလအစောပိုင်းကလည်း ပါမီးယက်စ်အသင်း လူငယ်တောင်ပံကစားသမား ဝီလျံအက်စတီဗာအိုကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၄၈ သန်းဖြင့် ခေါ်ယူနိုင်ခဲ့ပြီး လာမည့်နှစ်နွေရာသီ အသက် ၁၈ နှစ်ပြည့်ချိန်တွင် ကစားသမားအနေဖြင့် ချဲလ်ဆီးအသင်းနှင့် ပူးပေါင်းသွားမည်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : ML**




## အားကစားသတင်းအတိုအထွာများ

- နည်းပြတန်ဟတ်၏ လက်ထောက်နည်းပြ မက်ကာသီသည် နည်းပြချုပ်တာဝန်ထမ်းဆောင်ရန်အတွက် မန်ယူအသင်း၏ သက်တမ်းတိုးကမ်းလှမ်းမှုကို ငြင်းဆိုခဲ့ပြီး ယခုလကုန်တွင် အသင်းမှ ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။
- ကိုပါအမေရိကဖလား အုပ်စုဒုတိယပွဲစဉ်တွင် ပနားမားအသင်းက အမေရိကန်အသင်းကို နှစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ရခဲ့သဖြင့် အုပ်စုအဆင့်မှကျော်ဖြတ်နိုင်ရန် အခွင့်အရေးများ ပိုင်ဆိုင်ခဲ့သည်။
- ရီးရဲလ်မက်ဒရစ်အသင်းက တိုနီခရူးစ်၏နေရာတွင် အစားထိုးရန်အတွက် ပြင်သစ်ဂန္တဝင်ကစားသမား လီလီယန်သူရမ်၏ သား နိုက်အသင်းကွင်းလယ်ကစားသမား သူရမ်အူလီယန်ကို ခေါ်ယူရန် ပစ်မှတ်ထားကြိုးပမ်းလျက်ရှိသည်။
- အာဆင်နယ်မှထွက်ခွာမည့် စမစ်ရိုးကို အေဗီလာ၊ ပဲလေ့စ်နှင့် ဖူလ်ဟမ်အသင်းတို့က အပြိုင်ခေါ်ယူရန် ကြိုးပမ်းနေကြောင်း သိရသည်။ **ML**

# ရန်ကုန်ယူနိုက်တက်အသင်းက ကစားသမားဟောင်း ကြည်လင်းကို ပြန်လည်ခေါ်ယူ၍ စာချုပ်ချုပ်ဆို




**ရန်ကုန် ဇွန် ၂၈**

မြန်မာနေရှင်နယ်လိဂ် ထိပ်တန်းကလပ် ရန်ကုန်ယူနိုက်တက်အသင်းက ၂၀၂၄-၂၀၂၅ ဘောလုံးရာသီ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲအတွက် ကစားသမားအင်အားဖြည့်တင်းမှုအဖြစ် အသင်းမှ ကစားသမားဟောင်း တစ်ဦးဖြစ်သည့် မြန်မာ့လက်ရွေးစင် ကစားသမားဟောင်း ကြည်လင်းကို ပြန်လည်ခေါ်ယူ၍ စာချုပ်ချုပ်ဆိုခဲ့ကြောင်း သိရသည်။

ကြည်လင်းသည် မြန်မာ့လက်ရွေးစင်အသင်းတွင် ကာလရှည် ကစားပေးခဲ့သူဖြစ်သည့်အပြင် ရန်ကုန်ယူနိုက်တက်အသင်းတွင်လည်း ကာလရှည်ကစားခဲ့ကာ အသင်းပရိသတ်အချစ်တော် ကစားသမား တစ်ဦးလည်းဖြစ်ပြီး Goal.com Reader's Choice Of The Years 2012 အာဆီယံအကောင်းဆုံး ၁၁ ဦး စာရင်းဝင်ခဲ့သူ တစ်ဦးလည်းဖြစ်သည်။

ကြည်လင်းသည် အစောပိုင်းက ရခိုင်ယူနိုက်တက်အသင်းနှင့်အတူ ဘောလုံးလောကသို့ ပြန်လည်ဝင်ရောက်လာခဲ့ပြီးနောက် ယခုအခါ ရခိုင်ယူနိုက်တက်အသင်းမှ အသင်းဟောင်း ရန်ကုန်ယူနိုက်တက်အသင်းကို ပြန်လည်ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။

ကြည်လင်းက “ကျွန်တော် ဒီအသင်းအတွက် ပေးဆပ်ကစားချင်သေးလို့ ပြန်လာခဲ့တာပါ။ ဒီအသင်းက ကျွန်တော့်ရဲ့ မွေးရပ်မြေလဲဟုတ်သလို မိသားစုလဲဟုတ်ပါတယ်။ ဒီအသင်းကို ပြန်လာခွင့်ရတာ အရမ်းဝမ်းသာမိပါတယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**STA**

# လိုင်လီအသင်းတွင်ကစားနေသည့် စပါးအသင်းကစားသမားဟောင်း ဘန်တာလက် ကစားသမားဘဝမှ အနားယူရန်ဆုံးဖြတ်

**အင်ကာရာ ဇွန် ၂၈**

ပြင်သစ်ကလပ် လိုင်လီအသင်းတွင်ကစားနေသည့် စပါးအသင်းကစားသမားဟောင်း ဘန်တာလက်သည် ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက နှလုံးရောဂါကြောင့် ဆေးရုံတက်ရောက် ကုသခဲ့ရသည့်အတွက် ကစားသမားဘဝမှ အနားယူရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

အသက် ၂၉ နှစ်ရှိ ကွင်းလယ်ကစားသမား ဘန်တာလက်သည် ပြီးခဲ့သည့် ဇွန် ၂၅ ရက်က နှလုံးအမောဖောက်မှုကြောင့် လိုင်လီမြို့ ဆေးရုံသို့ တက်ရောက်ကုသ၍ လိုအပ်သည့် စစ်ဆေးမှုများပြုလုပ်ခဲ့ရပြီးနောက် ခွဲစိတ်ကုသမှုပြုလုပ်ခဲ့ရာ အောင်မြင်ခဲ့သော်လည်း ကစားသမားဘဝမှ အနားယူရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် ကစားသမားအနေဖြင့် နှလုံးရောဂါနှင့်ပတ်သက်၍ ပုံမှန်အခြေအနေ ပြန်လည်ရောက်ရှိလာသော်လည်း လာမည့် ရက်သတ္တပတ်မှသာ ဆေးရုံဆင်းခွင့် ရမည်ဖြစ်ကာ ကာလရှည် အနားယူရမည်ဖြစ်ကြောင်း သိရသည်။

ဘန်တာလက်သည် လိုင်လီအသင်းသို့ ၂၀၂၃ ခုနှစ် နွေရာသီက ရောက်ရှိခဲ့ပြီး အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၃၄ ပွဲ ပါဝင်ကစားခဲ့ရာ ဂိုးဖန်တီးမှု သုံးကြိမ်ပြုလုပ်ခဲ့ပြီး လက်ရှိတွင် အသင်းနှင့် စာချုပ်သက်တမ်း နှစ်နှစ်ကျန်ရှိနေသောကြောင့် စာချုပ်ဖျက်သိမ်းရန် လိုင်လီအသင်းနှင့် ဆွေးနွေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : ML**

# တိုက်စစ်မှူးမက်ဆီ ကြွက်သားဒဏ်ရာကြောင့် လာမည့်ပွဲစဉ်ကို လွဲချော်မည်ဟု နည်းပြစကာလိုနီထုတ်ပြန်

**ဖျူနိုစ်အေရိစ် ဇွန် ၂၈**

အာဂျင်တီးနား အသင်းခေါင်းဆောင် တိုက်စစ်မှူးမက်ဆီသည် ကြာသပတေးနေ့က ပြုလုပ်ခဲ့သည့် လေ့ကျင့်ရေးအစီအစဉ်တွင် ကြွက်သားဒဏ်ရာ ရရှိခဲ့သဖြင့် လာမည့် ပီရူးအသင်းနှင့်ကစားရမည့် ကိုပါအမေရိကဖလား နောက်ဆုံးပွဲစဉ်ကို လွဲချော်မည်ဖြစ်ကြောင်း နည်းပြစကာလိုနီက ထုတ်ပြန်ခဲ့သည်။

လာမည့် ရက်သတ္တပတ်တွင် အသက် ၃၇ နှစ်ပြည့်မည့် မက်ဆီသည် မီယာမီတွင်ပြုလုပ်ခဲ့သည့် လေ့ကျင့်ရေး အစီအစဉ်တွင် ပေါင်ကြွက်သား ဒဏ်ရာကြောင့် ဆေးကုသမှုများ ခံယူခဲ့ရပြီး ဒဏ်ရာပြင်းထန်မှုမရှိသော်လည်း အနားယူရန် လိုအပ်သည့်အတွက် ဇွန် ၃၀ ရက်တွင် ကစားရမည့် ပီရူးအသင်းနှင့်ပွဲစဉ်ကို လွဲချော်မည်ဖြစ်ပြီး ပွဲကြည့်စင်တွင်သာ ရှိနေမည်ဖြစ်ကြောင်း နည်းပြစကာလိုနီက ထပ်မံပြောကြားခဲ့သည်။

တိုက်စစ်မှူး မက်ဆီ၏ အာဂျင်တီးနားအသင်းသည် ကိုပါအမေရိကဖလား အုပ်စုအဖွင့်ပွဲစဉ်တွင် ကနေဒါအသင်းကို နှစ်ဂိုးဂိုးမရှိ၊ ဒုတိယပွဲစဉ်တွင် ချီလီအသင်းကို တစ်ဂိုးဂိုးမရှိဖြင့် အနိုင်ရခဲ့သဖြင့် ကွာတားဖိုင်နယ်အဆင့်သို့ အစောဆုံး တက်ရောက်နိုင်ခဲ့ပြီး အုပ်စုနောက်ဆုံးပွဲစဉ်သည် အသင်းအတွက် ရမှတ်လိုအပ်ချက်မရှိတော့သဖြင့် ပထမပွဲထွက်ကစားသမားများကို အနားပေးသွားမည်ဖြစ်ကြောင်း နည်းပြစကာလိုနီက ထုတ်ဖော်ပြောကြားခဲ့သည်။

ထို့ပြင် မီယာမီတွင်ပြုလုပ်ခဲ့သည့် လေ့ကျင့်ရေးအစီအစဉ်တွင် ခံစစ်ကစားသမား အက်ကျူနာလည်း ဒဏ်ရာပြဿနာကြုံတွေ့ခဲ့ကြောင်း သတင်းထွက်ပေါ်ခဲ့သော်လည်း အာဂျင်တီးနားဘောလုံးအဖွဲ့ချုပ်က ကစားသမားများ၏ ဒဏ်ရာရရှိမှု အခြေအနေနှင့်ပတ်သက်၍ နောက်ဆုံးအခြေအနေကို တရားဝင်ထုတ်ပြန်ခြင်းမရှိကြောင်း သိရသည်။




လက်ရှိ ကိုပါအမေရိကဖလား အုပ်စုပွဲစဉ် နှစ်ပွဲအပြီးတွင် အာဂျင်တီးနား၊ ဗင်နီဇွဲလားနှင့် ဥရုဂွေးအသင်းသို့ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : ML**

# Max Energy Futsal Amateur Cup 2024 ပြိုင်ပွဲ

## အုပ်စုပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်ကစား



**ရန်ကုန် ဇွန် ၂၈**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် Max Energy Futsal Amateur Cup 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့နံနက် ၈ နာရီမှစတင်ပြီး MFF Futsal Stadium တွင် ကျင်းပခဲ့ကြောင်း သိရသည်။

Max Energy Futsal Amateur Cup 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် ယနေ့နံနက် ၈ နာရီတွင် Gentle Guys FC အသင်းနှင့် Moonhead Yangon အသင်းတို့ကစားခဲ့ရာ Gentle Guys FC အသင်းက တစ်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ နံနက် ၉ နာရီခွဲတွင် Yankin Brotherhood အသင်းနှင့် Shwe Pyi Thar အသင်းတို့ ကစားခဲ့ရာ Yankin Brotherhood အသင်းက လေးဂိုး နှစ်ဂိုးဖြင့်လည်းကောင်း၊ နံနက် ၁၁ နာရီတွင် Taw Win Nan FC အသင်းနှင့် RPG FC အသင်းတို့ကစားခဲ့ရာ RPG FC အသင်းက ရှစ်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့သည်။

ဆက်လက်ပြီး မွန်းလွဲ ၁၂ နာရီခွဲတွင် Black Cross Youth အသင်းနှင့် Black Eagle အသင်းတို့ကစားခဲ့ရာ Black Eagle အသင်းက သုံးဂိုး နှစ်ဂိုးဖြင့်လည်းကောင်း၊ မွန်းလွဲ ၂ နာရီတွင် Passion Play FC အသင်းနှင့် Legacy FC အသင်းတို့ကစားခဲ့ရာ Legacy FCအသင်းက ခြောက်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ ညနေ ၃ နာရီခွဲတွင် Future Light FC အသင်းနှင့် Fanatics FC အသင်းတို့ ကစားခဲ့ရာ Fanatics FCအသင်းက ကိုးဂိုး ငါးဂိုးဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြောင်း သိရသည်။ **STA**

# Myanmar Snooker Championship

## ပြိုင်ပွဲကို ဇူလိုင် ၁၁ ရက်တွင် မန္တလေးမြို့၌ကျင်းပမည်

**မန္တလေး ဇွန် ၂၈**

မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်က ကြီးမှူးပြီး Xingpai က ဦးဆောင်ကျင်းပမည့် Myanmar Snooker Championship ပြိုင်ပွဲကို လာမည့်ဇူလိုင် ၁၁ ရက်တွင် မန္တလေးမြို့ရှိ 8Billiards Clubတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

Myanmar Snooker Championship ပြိုင်ပွဲကို Xingpaiက Main Sponsors အဖြစ် ပေးအပ်သွားမည်ဖြစ်ပြီး Omin Cue၊ PNS Clothes၊ Super Ok Tip၊ OK လက်အိတ်၊ 8 Billiards တို့က Co Sponsors များအဖြစ် ပေးအပ်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံတွင် ဘိလိယက်နှင့် စနူကာအားကစားနည်း ဖွံ့ဖြိုးတိုးတက်ရေး၊ အားကစားသမားကောင်းများပေါ်ထွက်လာစေရေး၊ မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရေးတို့ကို ရည်ရွယ်ပြီး ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် ဆုကြေးငွေများအဖြစ် ၆၄ ဦး ရှုံးထွက်အဆင့်အတွက် ငွေကျပ် ၄၅၀၀၀၊ ၁၆ ဦး ရှုံးထွက်အဆင့်အတွက် ငွေကျပ် လေးသိန်းတန်ကျူတစ်ချောင်း၊ ကွာတားဖိုင်နယ် အဆင့်အတွက် ငွေကျပ်နှစ်သိန်းနှင့် ၁၅ သိန်းတန် ကျူတစ်ချောင်း၊ ဆီမီးဖိုင်နယ် အဆင့်အတွက် ငွေကျပ် ၂၅ သိန်းနှင့် သိန်း ၂၀ တန် ကျူတစ်ချောင်း၊ ဒုတိယဆုအတွက် ငွေကျပ် သိန်း ၇၀ နှင့် သိန်း ၂၀ တန် ကျူတစ်ချောင်း၊ ပထမဆုအတွက် ငွေကျပ် သိန်း ၁၆၀ နှင့် သိန်း ၂၀ တန် ကျူတစ်ချောင်း ပေးအပ်သွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲ ဝင်ရောက်လိုသူများအနေဖြင့် ပြိုင်ပွဲဝင်ကြေးအဖြစ် ငွေကျပ် ၃၀၀၀၀ ပေးသွင်းရမည်ဖြစ်ပြီး ဖုန်း ၀၉-၂၅၀၃၄၅၂၈၀၊ ၀၉-၇၇၀၇၀၅၉၈၇၊ ၀၉-၇၉၉၁၇၇၅၅၂ နှင့် ၀၉-၉၆၈၀၅၅၄၈၈ တို့ထံဆက်သွယ်ပြီး စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။

**STA**

# ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲတွင် အင်ဒီမာရေးနှင့် ဂျိုကိုဗစ်တို့

## နှစ်ဦးစလုံး ပါဝင်ယှဉ်ပြိုင်သွားမည်





**လန်ဒန် ဇွန် ၂၈**

ဒဏ်ရာ ပြဿနာကြောင့် ဗြိတိန်တွင် ကျင်းပသွားမည့် ဝင်ဘယ်ဒန် တင်းနစ်ပြိုင်ပွဲဖြင့် လွဲချော်ဖွယ်ရှိနေသည်ဟု သတင်းထွက်နေသည့် ဆားဘီးယားတင်းနစ်ကစားသမား ဂျိုကိုဗစ်နှင့် ဗြိတိန်တင်းနစ်ကစားသမား အင်ဒီမာရေးတို့သည် ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျိုကိုဗစ်သည် French Open တင်းနစ်ပြိုင်ပွဲတွင် ဒူးဒဏ်ရာရရှိခဲ့ပြီး ဒဏ်ရာအား ခွဲစိတ်ကုသမှုခံယူမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သော်လည်း ဂျိုကိုဗစ်သည် ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ ပထမအဆင့်မဲခွဲမှုတွင် ပါဝင်လာခဲ့ပြီး ပထမအဆင့်တွင် ချက်တင်းနစ်ကစားသမား သောမတ်စ်မာချက်နှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

ဒဏ်ရာ ပြဿနာကြောင့် အနားယူနေရသည့် အင်ဒီမာရေးသည် ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်သော်လည်း ၎င်းအနေဖြင့် တစ်ဦးချင်းပွဲစဉ်တွင် ပါဝင်ယှဉ်ပြိုင်နိုင်ဖွယ်မရှိဘဲ နှစ်ယောက်တွဲ တင်းနစ်ပြိုင်ပွဲ၌သာ ပါဝင်ယှဉ်ပြိုင်သွားဖွယ်ရှိနေသည်။

အင်ဒီမာရေးသည် နှစ်ယောက်တွဲ တင်းနစ်ပြိုင်ပွဲတွင် ကမ္ဘာ့အဆင့် (၁) နေရာ၌ ကာလရှည်ရပ်တည်ခဲ့ဖူးသည့် အစ်ကိုဖြစ်သူ ဂျင်မီမာရေးနှင့် နှစ်ယောက်တွဲပွဲစဉ်တွင် ပါဝင်ယှဉ်ပြိုင်သွားရန် အစ်ကိုဖြစ်သူအား အသိပေးထားကြောင်းလည်း သိရသည်။

ဂျိုကိုဗစ်သည် "ကျွန်တော် ဝင်ဘယ်ဒန်ကိုသွားမဲ့ ခရီးစဉ်ဟာ ပါဝင်ယှဉ်ပြိုင်ဖို့ သက်သက်ပဲ မဟုတ်ပါဘူး။ ဆုဖလားအတွက် တိုက်ပွဲဝင်သွားမှာပါ။ ကျွန်တော် လုပ်နိုင်သလောက် အကောင်းဆုံး လုပ်ဆောင်သွားမယ်။ ဒီအတွက်ပဲ ပြိုင်ပွဲဝင်ဖို့ ဆုံးဖြတ်ခဲ့တာပါ။ ကိုယ်မကစားနိုင်လောက်ဘူးထင်ရင် ကျွန်တော့်နေရာကို တခြားကစားနိုင်မဲ့ကစားသမားကိုပေးဖို့ ခွင့်ပြုလိုက်မှာပေါ့" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**

# Rocket Mortgage Classic ပြိုင်ပွဲ

## အမှတ်ပေးဇယားကို ဘာတီယာဦးဆောင်

**ဒက်ထရွိုက် ဇွန် ၂၈**

အမေရိကန်နိုင်ငံ ဒက်ထရွိုက်ပြည်နယ်တွင် ကျင်းပနေသည့် Rocket Mortgage Classic ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့အပြီးတွင် အမေရိကန် ဂေါက်သီးရိုက်ကစားသမား ဘာတီယာက သတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်ထားနိုင်ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမားများ ဖြစ်ကြသည့် မောင့်ဂိုမာရီနှင့် မီချယ်ကင်မ်တို့က သတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင်ရပ်တည်နေပြီး လက်ရှိချန်ပီယံ အမေရိကန်ဂေါက်သီးရိုက်ကစားသမား ရီကီဖောင်လာ၊ အမေရိကန်ဂေါက်သီးရိုက် ကစားသမားများပင်ဖြစ်သည့် ဇာလာတိုရစ်၊ အဲရစ်ကိုး၊ ဂျာမနီဂေါက်သီးရိုက်ကစားသမား မက်တီရှမစ်၊ အင်္ဂလန်ဂေါက်သီးရိုက်ကစားသမား အာရွန်ရိုင်တို့က သတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်နေသည်။

အမှတ်ပေးဇယားကို ဦးဆောင်နေသည့် အသက် (၂၂)နှစ်အရွယ် ဘာတီယာသည် ကစားသမားဘဝ သက်တမ်းတစ်လျှောက် PGA ဆုဖလားနှစ်လုံး ဆွတ်ခူးထားသည့် လူငယ်ကစားသမား တစ်ဦးဖြစ်ပြီး ၂၀၂၃ ခုနှစ် ဇူလိုင်လတွင် Barracuda Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ပြီး ကစားသမားဘဝ၏ ပထမဦးဆုံးသော PGA Tour ဆုဖလားကို ဆွတ်ခူးခဲ့သည်။

၎င်းသည် ပြီးခဲ့သောဧပြီလက Valero Texas Open ချန်ပီယံဆုကိုဆွတ်ခူးကာ ကစားသမားဘဝ၏ ဒုတိယမြောက် PGA Tour ဆုဖလားကို ဆွတ်ခူးခဲ့သည်။

**Ref : Xinhua**
**Trs : AZL**



# အာဆီယံ ယူ-၁၆ ပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်တွင် ဗီယက်နမ်ကိုရှုံးနိမ့်ခဲ့သည့်

## မြန်မာအသင်း အုပ်စုအဆင့်မှထွက်ခွာခဲ့ရ

**ရန်ကုန် ဇွန် ၂၈**


အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိနေသည့် အာဆီယံ ယူ-၁၆ ပြိုင်ပွဲ အုပ်စုနောက်ဆုံး ပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲက မြန်မာ ယူ-၁၆ အသင်းနှင့် ဗီယက်နမ် ယူ-၁၆ အသင်းတို့ ကစားခဲ့ရာ မြန်မာ ယူ-၁၆ အသင်းက ငါးဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီး အုပ်စုအဆင့်မှ ထွက်ခွာခဲ့ရသည်။

အာဆီယံ ယူ-၁၆ ပြိုင်ပွဲတွင် မြန်မာ ယူ-၁၆ အသင်းသည် အုပ်စုနှစ်ပွဲကစားခဲ့ရာ ကမ္ဘောဒီးယား ယူ-၁၆ အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့်ရှုံးနိမ့်ခဲ့ပြီး ဘရူနိုင်း ယူ-၁၆ အသင်းကို ရှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်အတွက် နောက်တစ်ဆင့်တက်ရောက်ရန်အတွက် ဗီယက်နမ် ယူ-၁၆ အသင်းကို မဖြစ်မနေအနိုင်ရလဒ် လိုအပ်နေသည့်အတွက် အဓိကကစားသမား အစုံအလင်ဖြင့် ပွဲထွက်ခဲ့သော်လည်း ဂိုးပြတ်ရှုံးနိမ့်ခဲ့သည့်အတွက် ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသည်။

မြန်မာ ယူ-၁၆ အသင်းနှင့် ဗီယက်နမ် ယူ-၁၆ အသင်းတို့ ပွဲစဉ်တွင် အနိုင်ရရှိမည့်အသင်းက ရှုံးထွက်အဆင့် တက်ရောက်နိုင်မည်ဖြစ်သည့်အတွက် အကြိတ်အနယ်ရှိခဲ့ပြီး ပွဲချိန် ၁၈ မိနစ်နှင့် ၂၆ မိနစ်တွင် Thai Heuက ဗီယက်နမ် ယူ-၁၆ အသင်းအတွက် ဦးဆောင်ဂိုး နှစ်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ပွဲချိန် ၄၁ မိနစ်တွင် ညီညီသန့်က မြန်မာ ယူ-၁၆ အသင်းအတွက် ချေပဂိုးတစ်ဂိုး ပြန်လည်သွင်းယူနိုင်ခဲ့သည့်အတွက် ပထမပိုင်းတွင် ဗီယက်နမ် ယူ-၁၆ အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် ဗီယက်နမ် ယူ-၁၆ အသင်းက ခြေစွမ်းပိုင်းအသာဖြင့် ဆက်တိုက်ဖိအားပေး ကစားနိုင်ခဲ့ကာ ပွဲချိန် ၆၆ မိနစ်တွင် Duy Dang ကလည်းကောင်း၊ ပွဲချိန် ၇၀ မိနစ်တွင် Thai Heu က လည်းကောင်း၊ ပွဲချိန် ၈၁ မိနစ်တွင် Vet Long ကလည်းကောင်း ဗီယက်နမ် ယူ-၁၆ အသင်းအတွက် ဦးဆောင်ဂိုးများ သွင်းယူနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ဗီယက်နမ် ယူ-၁၆ အသင်းက မြန်မာ ယူ-၁၆ အသင်းကို ငါးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။ **STA**

# နယ်ပယ်ပေါင်းစုံတွင် ဆက်ဆံရေးတိုးတက်လာသော တရုတ်နှင့် အင်ဒိုနီးရှားနိုင်ငံ



အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုသည် ယခုနှစ် ဧပြီ ၁၈ ရက်တွင် ဂျကာတာမြို့ရှိ သမ္မတနန်းတော်၌ တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိကို လက်ခံတွေ့ဆုံခဲ့သည်။ အင်ဒိုနီးရှား ရွေးကောက်ခံသမ္မတ ကာကွယ်ရေးဝန်ကြီး ပရာဘိုဝိုဆူဘီရန်တိုသည် တရုတ်နိုင်ငံသို့သွားရောက် လည်ပတ်ခဲ့ပြီးနောက် ဝမ်ယိ၏ အင်ဒိုနီးရှားနိုင်ငံခရီးစဉ် ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။ ပရာဘိုဝို၏ခရီးစဉ်အတွင်း သမ္မတရှီကျင့်ဖျင်သည် အင်ဒိုနီးရှားနှင့်တရုတ်နိုင်ငံကြား ဆက်ဆံရေးခိုင်မာအားကောင်းလာမှုကို ထုတ်ဖော်ချီးကျူးခဲ့ပြီး တောင်တရုတ်ပင်လယ်ပြင်တွင် တင်းမာမှုမြင့်တက်လာချိန်၌ ဒေသတွင်းငြိမ်းချမ်းရေး ဖော်ဆောင်နိုင်မှုအတွက် မျှော်မှန်းချက်ကို အလေးထားပြောကြားသွားခဲ့သည်။

မကြာသေးမီက ပေကျင်းသို့ သွားရောက်ခဲ့သော ပရာဘိုဝို၏ခရီးစဉ်သည် အင်ဒိုနီးရှားနိုင်ငံအတွက် တရုတ်နိုင်ငံ၏အရေးပါမှုကို မီးမောင်းထိုးပြသလျက်ရှိသလို ဝမ်ယိ၏ အင်ဒိုနီးရှားခရီးစဉ်သည်လည်း အရှေ့တောင်အာရှတွင် ပေကျင်းအတွက် အရေးပါသော မိတ်ဖက်အဖြစ် အပြန်အလှန် အရေးပါလျက်ရှိကြောင်း ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။

သမ္မတဂျိုကိုဝီဒိုဒိုနှင့် နိုင်ငံခြားရေးဝန်ကြီး ရက်နိုမာဆူဒီ အပါအဝင် အင်ဒိုနီးရှားတာဝန်ရှိသူများနှင့် ဝမ်ယိ၏တွေ့ဆုံဆွေးနွေးမှုသည် နှစ်နိုင်ငံကြား စီးပွားရေးဆိုင်ရာ မိတ်ဖက်ဆက်ဆံရေးအပေါ် အဓိက အလေးထားခဲ့သည်။ ခေါင်းဆောင်များသည် စက်မှုလုပ်ငန်းများ၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်မှု၊ ကုန်ထုတ်လုပ်မှု၊ စွမ်းအင်ကူးပြောင်းမှုနှင့် စားနပ်ရိက္ခာလုံခြုံမှုတို့တွင် အလားအလာရှိသော ပူးပေါင်းဆောင်ရွက်မှုတို့ကို ထုတ်ဖော်ပြောဆိုခဲ့သည်။

အထူးသဖြင့် သမ္မတဂျိုကိုဝီဒိုဒိုသည် တရုတ်နိုင်ငံကပံ့ပိုးထားသော ဂျကာတာ-ဘန်ဒေါင်း မြန်နှုန်းမြင့်ရထားလမ်းတိုးချဲ့ခြင်းနှင့် မြို့တော်သစ် **Nusantara** ဖွံ့ဖြိုးတိုးတက်မှုကဲ့သို့သော မဟာဗျူဟာမြောက်စီမံကိန်းများနှင့်အတူ အင်ဒိုနီးရှားထုတ်ကုန်များ တရုတ်နိုင်ငံတွင် ဈေးကွက်ရရှိရေးတို့ကို အလေးထားဆွေးနွေးခဲ့သည်။

**Labuan Bajo** တွင် ပြုလုပ်သည့် ပူးပေါင်းဆောင်ရွက်မှုယန္တရားဆိုင်ရာ အဆင့်မြင့်ဆွေးနွေးပွဲကာလအတွင်း နှစ်ဖက်စလုံးသည် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ အထူးသဖြင့် ပို့ဆောင်ရေး၊ စွမ်းအင်နှင့် စိုက်ပျိုးရေးကဲ့သို့သော အရေးပါသောကဏ္ဍတို့တွင် အသေးစိတ် ဆွေးနွေးခဲ့ကြသည်။ အင်ဒိုနီးရှားကိုယ်စားလှယ်အဖွဲ့ကို မာဆူဒီနှင့် ပင်လယ်ရေကြောင်းရေးရာနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ညှိနှိုင်းရေးဝန်ကြီး **Luhut Binsar Pandjaitan** တို့က ဦးဆောင်ခဲ့သည်။ ဝမ်ယိသည် **Luhut** နှင့် တွေ့ဆုံဆွေးနွေးစဉ် အလယ်ပိုင်းခါလီမန်တန်ရှိ **Food Estate** တွင် စပါးစိုက်ပျိုးရေးစီမံကိန်းများနှင့် မြောက်ဆူမတြားပြည်နယ်ရှိ **Kuala Tanjung** ဆိပ်ကမ်းတိုးချဲ့ရေးဆိုင်ရာ စီမံကိန်းများကို ဆွေးနွေးခဲ့ကြသည်။

လက်ရှိအချိန်တွင် တရုတ်နိုင်ငံသည် အင်ဒိုနီးရှားနိုင်ငံ၏ အကြီးမားဆုံးကုန်သွယ်ဘက်နှင့် သိသာထင်ရှားသော ရင်းနှီးမြှုပ်နှံမှုများလုပ်ဆောင်လျက်ရှိသော နိုင်ငံဖြစ်သည့်အတွက် စီးပွားရေးဆိုင်ရာကိစ္စရပ်များကို အလေးထားဆွေးနွေးခဲ့ကြသည်။ နှစ်နိုင်ငံကုန်သွယ်မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁၂၇ ဘီလီယံရှိခဲ့ပြီး ၂၀၂၃ ခုနှစ် တစ်နှစ်တည်း၌ပင် ရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၇ ဒသမ ၄ ဘီလီယံရှိခဲ့သည်။ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအပြင် နှစ်နိုင်ငံသည် အင်ဒိုနီးရှားပြည်သူများအပေါ် သက်ရောက်မှုဖြစ်ပေါ်လျက်ရှိသော အွန်လိုင်းလောင်းကစားမှုကဲ့သို့သော နယ်စပ်ဖြတ်ကျော်ရာဇဝတ်မှုများကိုလည်း ဆွေးနွေးခဲ့သည်။

နှစ်နိုင်ငံသည် စီးပွားရေးဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးမှုနှင့်အတူ အစ္စရေး-ဟားမတ်စ် စစ်ပွဲအပါအဝင် နိုင်ငံတကာရေးရာများစွာကိုလည်း ဆွေးနွေးညှိနှိုင်း အဖြေရှာခဲ့ကြသည်။ ဝမ်ယိနှင့် မာဆူဒီတို့သည် ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၂၇၂၈ တွင် ဖော်ပြထားသည့်အတိုင်း ဂါဇာတွင် ချက်ချင်းအပစ်အခတ်ရပ်စဲရေးကို ထောက်ခံကြောင်းလည်း ထုတ်ဖော်ပြောကြားခဲ့သည်။ ဝမ်ယိသည် ကုလသမဂ္ဂ၌ အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်ရေးကိစ္စနှင့်စပ်လျဉ်း၍ အမေရိကန်၏ဆိုင်းငံ့ထားမှုအပေါ် ကိုလည်း ပြစ်တင်ဝေဖန်ခဲ့သည်။

ဂါဇာစစ်ပွဲသည် ရှစ်လကျော်ကြာမြင့်ခဲ့ပြီး ၂၁ ရာစုတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဆိုးရွားဆုံးဖြစ်ရပ်များ ကြုံတွေ့ရလျက်ရှိကြောင်း၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် နိုင်ငံတကာအသိုက်အဝန်း၏ တောင်းဆိုမှုကို တုံ့ပြန်ခဲ့ပြီး ဂါဇာတွင် အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ဆုံးဖြတ်ချက်မူကြမ်းကို ဆက်လက်သုံးသပ်လျက်ရှိသော်လည်း အမေရိကန်သည် ဗီတိုအာဏာသုံးကာ အကြိမ်ကြိမ်ပယ်ချလျက်ရှိကြောင်း ဝမ်ယိက အစည်းအဝေးအပြီး၌ သတင်းထောက်များကို ပြောကြားသွားခဲ့သည်။

ပါလက်စတိုင်းအရေးတွင် ကာလရှည်ကြာ ထောက်ခံလျက်ရှိသော အင်ဒိုနီးရှားနိုင်ငံသည် အမေရိကန်၏ရပ်တည်ချက်ကို ဝေဖန်လျက်ရှိသည်။ နှစ် နိုင်ငံ အဖြေတစ်ရပ် အကောင်အထည်ဖော်ခြင်းဖြင့် ပါလက်စတိုင်းပြဿနာကို တရားမျှတစွာဖြေရှင်းသွားသင့်ကြောင်း အင်ဒိုနီးရှားနိုင်ငံ၏ ရပ်တည်ချက်ကို မာဆူဒီကို အလေးထားပြောကြားသွားခဲ့သည်။

အင်ဒိုနီးရှားနှင့် တရုတ်နိုင်ငံတို့သည် ပါလက်စတိုင်းတွင် ငြိမ်းချမ်းရေးရရှိရေးအတွက် တစိုက်မတ်မတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိသလို နှစ်နိုင်ငံစလုံးအနေဖြင့် အိမ်နီးချင်းနေရာများတွင် တင်းမာမှုများ လျှော့ချရေးအတွက် အာရုံစိုက်သွားရေးသည်လည်း များစွာအရေးပါလျက်ရှိသည်။ အထူးသဖြင့် တောင်တရုတ်ပင်လယ်သည် တင်းမာမှုနေရာအဖြစ် ဆက်လက်တည်ရှိလျက်ရှိသည်။ မကြာသေးမီအချိန်အတွင်းကပင် **Second Thomas** သောင်ဆွယ်အနီးတစ်ဝိုက်၌ ဖိလစ်ပိုင်ရေယာဉ်များအပေါ် တရုတ်နိုင်ငံ၏တုံ့ပြန်ဆောင်ရွက်မှုနှင့် ဆက်စပ်ရေပိုင်နက်များအတွင်း ရပ်တည်ချက်ခိုင်မာစေရန် ဂျပန်၊ အမေရိကန်တို့နှင့် ဖိလစ်ပိုင်၏မဟာဗျူဟာမြောက်ဆွေးနွေးမှုတို့သည် တင်းမာမှုများမြင့်တက်လာစေလျက်ရှိသည်။

အင်ဒိုနီးရှားနိုင်ငံသည် ဖိလစ်ပိုင်နှင့်တရုတ်တို့၏ အငြင်းပွားမှုတွင် တိုက်ရိုက်ပါဝင်ပတ်သက်ခြင်းမရှိသော်လည်း တရုတ်နိုင်ငံ၏ အမှတ် (၉)မျဉ်းပြိုင်အတွင်း ကျရောက်နေသော **Natuna** ကျွန်းစုများ၏ ပတ်ဝန်းကျင်အခြေအနေသည် အမျိုးသားတည်ငြိမ်အေးချမ်းမှုကို ခြိမ်းခြောက်လျက်ရှိသည်။ တရုတ်ရေယာဉ်များသည် အဆိုပါနေရာတွင် အကြိမ်ကြိမ်ကင်းလှည့်စောင့်ကြပ်လျက်ရှိသဖြင့် ဟန့်တားနှောင့်ယှက်မှုများ ဖြစ်ပေါ်လာနိုင်မှုအပေါ် စိုးရိမ်ပူပန်လျက်ရှိသည်။

**❖ လက်ရှိအချိန်တွင် တရုတ်နိုင်ငံသည် အင်ဒိုနီးရှားနိုင်ငံ၏ အကြီးမားဆုံးကုန်သွယ်ဘက်နှင့် သိသာထင်ရှားသော ရင်းနှီးမြှုပ်နှံမှုများ လုပ်ဆောင်လျက်ရှိသောနိုင်ငံဖြစ်သည့်အတွက် စီးပွားရေးဆိုင်ရာကိစ္စရပ်များကို အလေးထားဆွေးနွေးခဲ့ကြသည်။ နှစ်နိုင်ငံကုန်သွယ်မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁၂၇ ဘီလီယံရှိခဲ့ပြီး ၂၀၂၃ ခုနှစ် တစ်နှစ်တည်း၌ပင် ရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၇ ဒသမ ၄ ဘီလီယံရှိခဲ့သည်။ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအပြင် နှစ်နိုင်ငံသည် အင်ဒိုနီးရှားပြည်သူများအပေါ် သက်ရောက်မှုဖြစ်ပေါ်လျက်ရှိသော အွန်လိုင်းလောင်းကစားမှုကဲ့သို့သော နယ်စပ်ဖြတ်ကျော်ရာဇဝတ်မှုများကိုလည်း ဆွေးနွေးခဲ့သည်။❖**

တောင်တရုတ်ပင်လယ်အရေးနှင့် စပ်လျဉ်း၍ ဝမ်ယိနှင့် မာဆူဒီတို့သည် ဒေသတွင်းတည်ငြိမ်အေးချမ်းမှု ၎င်းတို့၏ဆန္ဒကို ထုတ်ဖော်ပြောကြားခဲ့သည်။ ပါဝင်ပတ်သက်သည့် နိုင်ငံအားလုံးအနေဖြင့် နိုင်ငံတကာဥပဒေကိုလေးစားလိုက်နာသွားမှသာလျှင် တောင်တရုတ်ပင်လယ်အရေးကို ဖြေရှင်းနိုင်မည်ဟုယုံကြည်ထားကြောင်း မာဆူဒီက ပြောကြားသွားခဲ့သည်။ ဝမ်ယိကလည်း တရုတ်နိုင်ငံအနေဖြင့် အငြင်းပွားရေပိုင်နက်များအတွင်း ထိပ်တိုက်ရင်ဆိုင်မှုများလျှော့ချနိုင်ရန် အရှေ့တောင်အာရှနိုင်ငံများအသင်း (ASEAN)၏ လိုက်နာရန်ကျင့်ထုံး(Code of Conduct) ကို သဘောတူညီရန် အသင့်ဖြစ်ကြောင်း ပြောကြားသွားခဲ့သည်။

သမ္မတဂျိုကိုဝီဒိုဒိုအစိုးရအဖွဲ့အနေဖြင့် တရုတ်နိုင်ငံနှင့် ထိတွေ့ဆက်ဆံရာတွင် စီးပွားရေးကိစ္စကိုသာ အလေးထားလျက်ရှိပြီး တောင်တရုတ်ပင်လယ်အရေးကိုမူ သတိထားမိလောက်အောင်သာဆွေးနွေးခဲ့ကြသည်။ ယခင်နှစ်နိုင်ငံဆွေးနွေးပွဲများတွင်လည်း တောင်တရုတ်ပင်လယ်အရေးကို ထည့်သွင်းဆွေးနွေးခဲ့ခြင်းမရှိပေ။ တောင်တရုတ်ပင်လယ်အရေး ဖြေရှင်းရေးအတွက် ခိုင်မာအားကောင်းသော ကြိုးပမ်းအားထုတ်မှုများမရှိလျှင် နှစ်နိုင်ငံကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများသည် လက်တွေ့ရုပ်လုံးပေါ်လာမည် မဟုတ်ကြောင်းကို နှစ်နိုင်ငံစလုံးက အသိအမှတ်ပြုထားသည်။

တရုတ်နှင့်အာဆီယံအဖွဲ့ဝင်များကြား နယ်မြေပိုင်ဆိုင်မှုဆိုင်ရာ အငြင်းပွားမှုများအပေါ် အေးချမ်းတည်ငြိမ်ပြီး ပူးပေါင်းဆောင်ရွက်မှုရှိသော အဖြေတစ်ရပ်သည် ဒေသတွင်းတည်ငြိမ်အေးချမ်းမှုမြှင့်တင်နိုင်မည့်အပြင် တရုတ်၊ အင်ဒိုနီးရှားတို့အပြင် ပိုမိုကျယ်ပြန့်သောဒေသတွင် နက်ရှိုင်းသောယုံကြည်မှုတည်ဆောက်ရေးအတွက် ခိုင်မာသောအုတ်မြစ်တစ်ရပ်ကိုလည်း ချမှတ်နိုင်မည်ဖြစ်သည်။

လွှမ်းခြုံ၍ဆိုရလျှင် အင်ဒိုနီးရှားနိုင်ငံသို့ ဝမ်ယိ၏ ခရီးစဉ်သည် လာမည့် သမ္မတ ပရာဘိုဝိုအစိုးရအဖွဲ့အောက်တွင် နှစ်နိုင်ငံကြား ကောင်းမွန်သောဆက်ဆံရေးအတွက် ရှေ့ပြေးကမ်းလှမ်းမှုတစ်ရပ်ပင်ဖြစ်သည်။ ထို့ပြင် တရုတ်နိုင်ငံအနေဖြင့် အင်ဒိုနီးရှားနိုင်ငံကဲ့သို့ပင် နှစ်နိုင်ငံဆက်ဆံရေးကို လေးစားတန်ဖိုးထားကြောင်း အသိပေးမှုတစ်ရပ်လည်း ဖြစ်ပေသည်။

စင်စစ်အားဖြင့် တရုတ်နှင့်အင်ဒိုနီးရှားနိုင်ငံတို့သည် ၁၉၅၀ ပြည့်နှစ်တွင် သံတမန်ဆက်ဆံရေးစတင်ထူထောင်ခဲ့သည်။ ထိုအချိန်မှစ၍ နှစ်နိုင်ငံကြား ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုတို့သည် ပုံမှန်တိုးတက်လျက်ရှိသည်။ အထူးသဖြင့် နှစ်နိုင်ငံခေါင်းဆောင်များ အပြန်အလှန် သွားရောက်လည်ပတ်ခြင်းအားဖြင့် နယ်ပယ်ပေါင်းစုံတွင် နှစ်နိုင်ငံဆက်ဆံရေးပိုမိုခိုင်မာအားကောင်းလာအောင် ကြိုးပမ်းတည်ဆောက်လျက်ရှိပေသည်။

**ကိုးကား**

- **The Key Takeaways From Chinese FM Wang Yi's Visit to Indonesia By The Diplomat.**
- **China–Indonesia relations - Wikipedia**

**ဝင်းဇင်(သုတေသန)**

# သရုပ်ဆောင် မိုးဟေကိုက သာကေတမြို့နယ်ရှိ ယမုံနာသီလရှင်ကျောင်းတိုက်တွင် မွေးနေ့အထိမ်းအမှတ်အလှူပြုလုပ်



**ရန်ကုန် ဇွန် ၂၈**

သရုပ်ဆောင် မိုးဟေကိုက ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိ ယမုံနာသီလရှင်ကျောင်းတိုက်တွင် မွေးနေ့အထိမ်းအမှတ် အလှူအဖြစ် အရုဏ်ဆွမ်းနှင့် နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခြင်းကို ဇွန် ၂၇ ရက်က ပြုလုပ်ခဲ့ကြောင်း သရုပ်ဆောင် မိုးဟေကိုက ပြောပြ၍ သိရသည်။

သရုပ်ဆောင် မိုးဟေကိုသည် ဇွန် ၂၆ ရက်တွင် ကျရောက်သည့် မွေးနေ့အလှူအဖြစ် ယမုံနာသီလရှင်ကျောင်းတိုက်မှ သီလရှင်များအား အရုဏ်ဆွမ်း ကြာဆံချက်အလှူနှင့် နေ့ဆွမ်း ထမင်း၊ ဟင်းလျာများကို လှူဒါန်းခဲ့ပြီး ရွှေတိဂုံစေတီတော်တွင်လည်း ရွှေဆိုင်း ဆပ်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

"မိုးရဲ့မွေးနေ့အမှတ်တရအနေနဲ့ ရွှေတိဂုံဘုရားမှာ ရွှေဆိုင်းကပ်၊ ဆီမီးလှူဒါန်းပြီး ကုသိုလ်ကောင်းမှုပြုခဲ့ပါတယ်။ မွေးနေ့အလှူအနေနဲ့ စုစုပေါင်းအလှူငွေကျပ် ငါးသိန်းကျော်လှူဖြစ်ခဲ့ပါတယ်။ ဒီမွေးနေ့အလှူလေးကို မိုးရဲ့ချစ်ပရိသတ်လဲ ထပ်တူထပ်မျှ ကုသိုလ်ရကြစေဖို့ မျှဝေပေးလိုက်ပါတယ်"ဟု သရုပ်ဆောင် မိုးဟေကိုက ပြောပြသည်။

သရုပ်ဆောင် မိုးဟေကိုသည် တခုတ်တရ၊ မိတင်စိန် ရုပ်ရှင်ဇာတ်ကားများတွင် အဓိကသရုပ်ဆောင်ထားပြီး အမုန်းဇာတ်လမ်းတွဲနှင့် အချစ်မှာအပြစ်ရှိသည် ဇာတ်လမ်းတွဲတွင်လည်း ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Fantastic Four ဇာတ်ကားကို ဇူလိုင်လကုန်တွင် စတင်ရိုက်ကူးမည်

**နယူးယောက် ဇွန် ၂၈**

Fantastic Four ဇာတ်ကားသစ်ကို မာဗယ်စတူဒီယိုက လာမည့် ဇူလိုင်လကုန်တွင် စတင်ရိုက်ကူးမည်ဖြစ်ကြောင်း ဇွန် ၂၇ ရက် သတင်းများအရ သိရသည်။

Fantastic Four ဇာတ်ကားသစ် စတင်ရိုက်ကူးမည့်ကာလကို မာဗယ်စတူဒီယိုဥက္ကဋ္ဌ ကီဗင်ဖိတ်က အတည်ပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားသစ်ကို ဒါရိုက်တာ မက်ရှက်မင်းက တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

Fantastic Four ဇာတ်ကားတွင် မင်းသား ပက်ဒရိုပါစကယ်၊ မင်းသမီး ဗင်နက်ဆာကာဘီနှင့် ဂျူလီယာဂါနာတို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

Fantastic Four ဇာတ်ကားကို ၂၀၂၅ ခုနှစ် ဇူလိုင် ၂၅ ရက်တွင် ရုံတင်ပြသရန် မာဗယ်စတူဒီယိုက စီစဉ်ထားကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**



# အဖြူရောင်အတ္တ ရုပ်သံဇာတ်လမ်းတွဲကို Fortune TV ရုပ်သံလိုင်းက ဇူလိုင်လအတွင်း ထုတ်လွှင့်ပြသသွားမည်




**ရန်ကုန် ဇွန် ၂၈**

Sky Production က ရိုက်ကူးထုတ်လုပ်ထားသည့် အဖြူရောင်အတ္တ ရုပ်သံဇာတ်လမ်းတွဲကို Fortune TV ရုပ်သံလိုင်းမှ ဇူလိုင်လအတွင်း ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါဇာတ်လမ်းတွင် ပါဝင်သရုပ်ဆောင်ထားသည့် သရုပ်ဆောင် ဆုထက်ကုဋေက ပြောပြ၍ သိရသည်။

အဖြူရောင်အတ္တဇာတ်လမ်း၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ညမွှေးပန်းက ရေးသားထားပြီး ဒါရိုက်တာ ထွန်းတင်ထွန်းက Sky Production အတွက် တာဝန်ယူရိုက်ကူးပုံဖော်ထားခြင်းဖြစ်ကြောင်း သိရသည်။

"အမှန်တကယ် ဖြစ်ခဲ့တဲ့ဖြစ်ရပ်တွေကို ဇာတ်အိမ်ဖွဲ့ရေးသားထားတဲ့ ဆရာမ ညမွှေးပန်းရဲ့ ရုပ်သံဇာတ်လမ်းဖြစ်ပါတယ်။ မိခင်တစ်ယောက်ရဲ့အတ္တ၊ လူငယ်နှစ်ယောက်ကြားက ချစ်ခြင်းမေတ္တာတွေကို အသားပေးဖော်ပြသွားမဲ့ ထူးခြားတဲ့ဇာတ်လမ်းလေးဖြစ်တာကြောင့် ပရိသတ်တွေရဲ့ရင်ထဲမှာ ခံစားမှုအပြည့်နဲ့ နေရာတစ်ခုယူသွားနိုင်မဲ့ ဖန်တီးမှုတစ်ခုဖြစ်ဖို့ မျှော်လင့်ပါတယ်"ဟု သရုပ်ဆောင် ဆုထက်ကုဋေက ပြောပြသည်။

အဖြူရောင်အတ္တ ဇာတ်လမ်းတွင် သရုပ်ဆောင် မို့မို့မြင့်အောင်၊ ဆုထက်ကုဋေ၊ ဆုရတနာထိုက်နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# The Wives ဇာတ်ကားတွင် မင်းသမီး ဂျင်နီဖာလောရင့်ပါဝင်သရုပ်ဆောင်မည်

**နယူးယောက် ဇွန် ၂၈**

Apple Original ရုပ်ရှင်ကုမ္ပဏီ၏ The Wives အမည်ရှိ ရုပ်ရှင်ဇာတ်ကားတွင် မင်းသမီး ဂျင်နီဖာလောရင့် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဇွန် ၂၇ ရက် သတင်းများအရ သိရသည်။

The Wives ဇာတ်ကားသည် လျှို့ဝှက်ဆန်းကြယ် ဒရာမာဇာတ်ကားတစ်ကားဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာမိုက်ကယ်ဘရက်စလင်းနှင့် ပက်ထရစ်ဖိုလေတို့က ရေးသားပေးထားကြောင်း သိရသည်။

The Wives ဇာတ်ကားသည် Apple Original ရုပ်ရှင်ကုမ္ပဏီ၏ တတိယမြောက် ရုပ်ရှင်ဇာတ်ကား ဖြစ်လာလိမ့်မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် The Wives ဇာတ်ကားကို တာဝန်ယူရိုက်ကူးပေးမည့် ဒါရိုက်တာကို Apple Original ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

မင်းသမီး ဂျင်နီဖာလောရင့်သည် Silver Linings Playbook (2012) ဇာတ်ကားနှင့် American Hustele (2013) ဇာတ်ကားဖြင့် အော်စကာဆုများ ရရှိထားသူဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် The Wives ဇာတ်ကား ရိုက်ကူးမည့်ရက်နှင့် ပြသမည့်ရက်တို့ကို Apple Original ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



# ၂၀၂၄ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ်အဖြစ် စွဲမက်ဖွယ်ရာပြည်မြန်မာ Short Video ပြိုင်ပွဲကျင်းပသွားမည်

**နေပြည်တော် ဇွန် ၂၈**

၂၀၂၄ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အဖြစ် စွဲမက်ဖွယ်ရာ ပြည်မြန်မာ Short Video ပြိုင်ပွဲ ကျင်းပသွားမည်ဖြစ်ပြီး ပထမဆုအတွက် ငွေကျပ် ၁၅ သိန်း ချီးမြှင့်မည်ဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန (နေပြည်တော်) ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်မျိုးနိုင်က ပြောပြ၍ သိရသည်။

ပြိုင်ပွဲဝင်ခွင့်လက်ခံမည့်ကာလသည် ဇွန် ၂၆ ရက်မှ ဩဂုတ် ၁၆ ရက်ထိဖြစ်ပြီး စိစစ်ရွေးချယ်မည့်ကာလအဖြစ် ဩဂုတ် ၂၂ ရက်မှ ၂၇ ရက်ထိဖြစ်ကာ ဆုရရှိသူများကို စက်တင်ဘာ ၆ ရက်တွင် ထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်ကြောင်း၊ ပထမဆုအတွက် ငွေကျပ် ၁၅ သိန်း၊ ဒုတိယဆုအတွက် ငွေကျပ် ၁၂ သိန်း၊ တတိယဆုအတွက် ငွေကျပ် ၁၀ သိန်းနှင့် နှစ်သိမ့်ဆု ငါးဆုအတွက် တစ်ဆုလျှင် ငွေကျပ် သုံးသိန်းစီ ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

"၂၀၂၄ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အခမ်းအနားအတွက် Short Video ပြိုင်ပွဲကို ကျင်းပပြုလုပ်မှာဖြစ်ပါတယ်။ ထူးချွန်ထက်မြက်တဲ့ Video ပညာရှင်တွေ ပေါ်ထွန်းလာဖို့၊ ဆုရရှိတဲ့ Video တွေကို ပြသတာဟာ တိုင်းဒေသကြီး၊ ပြည်နယ်တွေရှိ ခရီးစဉ်ဒေသ၊ ခရီးသွားဆွဲဆောင်မှုတွေ၊ ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်တွေ၊ ပွဲတော်တွေနဲ့ မြန်မာ့ရိုးရာအစားအစာတွေကို ဖော်ထုတ်မြှင့်တင်ဖို့ရည်ရွယ်ပြီးတော့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနရဲ့ ဦးဆောင်မှုနဲ့ ကျင်းပပြုလုပ်သွားမှာဖြစ်ပါတယ်။ စွဲမက်ဖွယ်ရာ ပြည်မြန်မာ Short Video ပြိုင်ပွဲကို စိတ်ပါဝင်စားသူ မြန်မာနိုင်ငံသားအားလုံး ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါတယ်"ဟု ဒေါ်ခင်မျိုးနိုင်က ပြောပြသည်။

ဝင်ရောက်ယှဉ်ပြိုင်သူများအနေဖြင့် ယှဉ်ပြိုင်မှုခေါင်းစဉ်နှင့် ရိုက်ကူးချက်များကို မြန်မာဘာသာသို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြရမည်ဖြစ်ပြီး ပါဝင်သူများအားလုံးသည် အသက် ၁၈ နှစ်အထက် ဝါသနာရှင်များသာ ပါဝင်ယှဉ်ပြိုင်နိုင်မည်ဖြစ်ကာ ပြိုင်ပွဲဝင်တစ်ဦး၊ တစ်ဖွဲ့လျှင် Video တစ်ပုဒ်သာ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိမည်ဖြစ်ကြောင်း သိရသည်။ ASH

# Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win addresses 2nd meeting of 2024 5th National Sports Festival Organizing Steering Committee




Vice-Senior General Soe Win addresses the second meeting of the 5th National Sports Festival Organizing Steering Committee.

**Nay Pyi Taw June 28**

The 2024 Fifth National Sports Festival Organizing Steering Committee held its second meeting at Ministry of Sports and Youth Affairs here this afternoon, addressed by Patron of the steering committee Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win.

Also present were union ministers, who are steering committee members, the union auditor-general, the Nay Pyi Yaw Council chair, deputy ministers, heads of department and officials.

The Vice-Senior General said according to dictionaries of global countries, **the meaning of sports involves all kinds of physical activities in various types of competition**. Although the goal of sports is health and fitness of the entire country, it comprises competitions from individual events to mass activities and from rural level meets to global level Olympics. Sports victory enhances the prestige of nation and people. So, **sports activities are called unarmed battles.**

SAC is providing multiple supports for sports level improvement. The State Administration Council Chairman Prime Minister has given guidance to **support sports as sports events strengthen patriotism, national spirit and national characteristics and improve health and fitness of the entire country.** The 5th National Sports Festival will be held in accord with the Head of State's guidance and five aims, and all participants are urged to collectively strive for the success and grandeur of the festival.

SAC successfully organized national level events as the Diamond Jubilee Union Day that portrayed national unity and spirit, and Diamond Jubilee Independence Day that depicted patriotism and national affairs. As regards the religious sector, SAC erected the international renowned glorious, auspicious and fine featured Maravijaya Buddha Image. The Head of State has given guidance to impressively organize the 5th festival, pertaining to entire country, as the previous national events with the aim of enabling healthy and fit education youth members to actively take part in developing the future nation. Hence, members of the steering committee, work committee and subcommittees and officials must exert collective efforts sector wise.

Necessary directives had already been given to the suggestions and discussions presented at the first steering committee meeting. At this meeting, topics on the cost of the festival, opening and closing ceremonies, festival plan, types of sports events and choosing of a commemorative figure must be discussed. Presentation of MASCOT together with medals as in the international sports meets has been agreed in principle, so participants must also discussed the said matter.

The upcoming National Sports Festival aims to foster a new generation of athletes who will bring honor to the country. Therefore, participating athletes are encouraged to thoroughly study and adhere to the established rules, age limits, and sports systems. When competing, they should strive to perform with full sportsmanship to achieve success. Additionally, officials from relevant ministries and state or regional representative teams must provide systematic training in line with sports regulations. Judges and juries overseeing similar competitions should make fair and impartial decisions without bias. Due to the intense nature of these sports competitions, if any disputes arise, arbitration committees are required to systematically oversee and resolve these issues.

To successfully host the grand national sports festival with significant achievements and according to the objectives, the leading committee, working committee, relevant sub-committees, ministries, states, and regions are urged to prioritize and adhere to their respective responsibilities.

Additionally, during the period of hosting the grand national sports festival, it is of utmost importance to ensure there are no security breaches. Therefore, everyone needs to act with security awareness, vigilance, and priority. During the competition period, it is necessary for the responsible parties from the sub-committees to meticulously manage the arrangements for the athletes' accommodation, ensuring they can compete in a peaceful and comfortable environment. Matters such as living conditions, meals, security, health, and transportation must be carefully planned and executed.

To successfully host the upcoming National Sports Festival, Union ministries, state and regional governments, the Myanmar Sports Federations, retired prominent Myanmar athletes, NGOs, media professionals, and the general public are all encouraged to collaborate with a sense of national pride, each contributing according to their respective roles. The working committee and subcommittees responsible for organizing the event should strive to fulfill their duties effectively and include contingency plans to address any unforeseen issues that may arise.

After that, Chairman of the Organizing Committee for the 5th National Sports Festival Union Minister for Sports and Youth Affairs U Min Thein Zan explained the current status of the implementation of previous meeting decisions, the classification and scheduling of competitions, and the program for awarding prizes.

Following this, the Union Ministers, the Union Auditor General, the Chairman of the Nay Pyi Taw Council, and Deputy Ministers, who are members of the committee, presented their plans to hold the opening and closing ceremonies of the 5th National Sports Festival in a grand and state-level manner that aligns with contemporary times. They also discussed plans to ensure that the National Sports Festival is conducted in a lively and vibrant manner, providing detailed explanations relevant to their respective sectors.

The deputy ministers who are chairmen of the subcommittees of the transportation, security, finance and award presenting, news publication and record, health, invitation and reception, ceremonial planning, auditing, competition and technique, accommodation and reception and arbitrary reported on their ongoing and future tasks.

Later, the Vice-Senior General attended to the needs in response to the reports and ended the meeting with a concluding remark. 100

# Voting starts for Iran's 14th presidential election

**Tehran June 28**

Voting for Iran's 14th presidential election started at 8 a.m. (0430 GMT) on Friday, after President Ebrahim Raisi died in a helicopter crash last month.

"We start the elections" for the country's 14th presidential elections, Interior Minister Ahmad Vahidi said in a televised address.

Iran's Supreme Leader Ali Khamenei cast the first ballot at a polling station, and made a brief speech calling for the unity of the Iranian people during the election.

The voting will be held at close to 59,000 polling stations in more than 95 states, and over 61 million people are eligible to vote in the election, according to authorities.

Iran's 14th presidential election, initially set for 2025, was rescheduled following Raisi's unexpected death.

Xinhua

# Yangon Region authorities allow three Myanmar citizen investments, four foreign investments


A garment factory in operation.

**Yangon June 28**

Three Myanmar citizen investments and four foreign investments were allowed in Yangon Region to generate more than 3,000 jobs for local people in June 2024, said U Nyi Nyi Min, Secretary of Yangon Region government.

Total investment of Myanmar citizens and foreign investments amounted to K4,023 million and US$4.845 million for the businesses which will create 3,060 jobs for residents in industrial, service and manufacturing industries.

"The Yangon Region Investment Committee held its meeting on 26 June when it approved the investments," he explained.

These businesses will cover production of services, CMP system garment industries, CMP toys industries with padding and quilting production as well as wearing apparel. The products will be sold at home for 80 per cent and 20 per cent for abroad.

Durng the period, businesspersons submitted proposals to increase their investment amounts and labour numbers. The committee allows them under the law. ASH

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Kyonpyaw Township plants 16,902 acres of tapioca, boosting local economy

**Pathein June 28**

In Kyonpyaw Township, Kyonpyaw District, the Ayeyawady Region, 16,902 acres of tapioca have been planted this monsoon season, according to U Kyaw Kyaw, the head of the Kyonpyaw Township Agriculture Department.

This year, during the monsoon planting season, 16,902 acres of tapioca will be planted in Kyonpyaw Township starting in early July. The planting is being carried out in full cooperation with local farmers, ensuring that the entire planned acreage is successfully planted.

"The Agriculture Department is working to ensure that all the planned crops are planted on time and that the necessary fertilizers, pesticides, and herbicides are used correctly. Our staff are providing technical assistance and taking preventive measures to protect the crops from pests and diseases. The farmers also have experience in growing tapioca. This year, we have planned to plant over 16,000 acres of tapioca during the monsoon season. As of now, all the planned acreage has been planted. The monsoon crops will be planted in the coming months. Planting tapioca is aimed at improving local economic opportunities and increasing the region's agricultural output," said U Kyaw Kyaw.

The local farmers in Kyonpyaw Township can harvest and sell the tapioca approximately three to four months after planting. The tapioca produced in this region is transported to the Yangon market for sale. Last year's monsoon season saw tapioca selling for up to 13,000 kyats per 10 visses, providing significant income for the local farmers. 206


A tapioca plantation.

# Banana placed on more than 1,000 acres of land in Pwintbyu Township

**Pwintbyu June 28**

A total of croplands have been placed under banana plantations in Pwintbyu Township of Magway Region, said Daw Moe Moe Wai, Head of Township Agriculture Department.

This year, the township earmarked cultivation of 1,020 acres of banana and local farmers could grow banana meeting the target.

"Local farmers plant banana on the dykes of paddy fields and other lands. Some farmers grow banana on a commercial scale. They grow banana mixed with other crops. Our staff make field trips to banana plantations for prevention of pests and chemical residue," she explained.

Local farmers rely on growing of Pheegyan banana which fetches good prices in the market. They have to cost some K2 million per acre of growing banana but can bag some K5 million per acre. Last year, banana plantations yielded 1,430 bunches of fruits per acre.

Ye Win Naing (NyaungU)


A banana plantation.

# World Insights: EU leaders agree on top EU posts after complex political bargaining, but suspense remains

**Brussels June 28**

EU leaders reached agreements on Thursday regarding key leadership positions during the European Council summit.

The leaders agreed on nominating Germany's Ursula von der Leyen for the second term as president of the European Commission. They also agreed to elect former Portuguese Prime Minister Antonio Costa as president of the European Council, while nominating Estonian Prime Minister Kaja Kallas as the EU's foreign policy chief.

While Costa will assume his position on Dec. 1, both von der Leyen and Kallas still need to secure majority support in the European Parliament to get re-elected. Suspense remains until mid-July when the parliament is scheduled to meet.

At this summit, EU leaders also discussed other issues, including the EU's military support to Ukraine, the regional developments in the Middle East, security and defense, competitiveness, and adopted the EU strategic agenda for the next five years.

Xinhua

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## ပြင်သစ်က အမြောက်တပ်များအတွက် DT46 ဒရုန်းများ ဝယ်ယူဖြည့်တင်း



ပြင်သစ်နိုင်ငံသည် DT46 ဒရုန်းများကို ဝယ်ယူဖြည့်တင်း၍ ၎င်း၏အမြောက်တပ်များကို အဆင့်မြှင့်တင်သွားရန်စီစဉ်နေကြောင်း Army Recognition သတင်းဌာနက ဇွန် ၂၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤလုပ်ဆောင်ချက်သည် ပြင်သစ်ကြည်းတပ်၏ စစ်ဆင်ရေးစွမ်းဆောင်ရည်များကို ခေတ်မီတိုးတက်စေရန် ပိုမိုကျယ်ပြန့်သော အစပျိုးကြိုးပမ်းဆောင်ရွက်နေခြင်း၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။

ပြင်သစ်နိုင်ငံ Delair ကုမ္ပဏီက တီထွင်ထုတ်လုပ်ထားသည့် DT46 ဒရုန်းကို Eurosatory ကာကွယ်ရေးပြပွဲတွင် မိတ်ဆက်ပြသခဲ့ပြီး ခေတ်ပြိုင်တိုက်ပွဲအခြေအနေများ၏ တောင်းဆိုချက်များကိုဖြည့်ဆည်းရန် ဒီဇိုင်းထုတ်ထားသည့် စစ်ဘက်နည်းပညာတွင် မဟာဗျူဟာမြောက် တိုးတက်ဖွံ့ဖြိုးလာမှုကို ကိုယ်စားပြုသည်။

ခေတ်မီစစ်ပွဲများတွင် အထူးသဖြင့် အမြောက်တပ်များအတွက် ဒရုန်းများအသုံးပြုခြင်းသည် ထိရောက်သောပစ်မှတ်ထားတိုက်ခိုက်မှုနှင့် ဆုံးဖြတ်ချက်ချခြင်းအတွက် တိကျပြီး အချိန်နှင့်တစ်ပြေးညီ အရေးကြီးထောက်လှမ်းရေး အချက်အလက်များကို ပံ့ပိုးပေးနိုင်ခြင်းဖြင့် စစ်ဆင်ရေးစွမ်းရည်များကို သိသိသာသာအဆင့်မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။ အဆင့်မြင့် အာရုံခံကိရိယာများ တပ်ဆင်ထားသော ဒရုန်းများသည် ရန်သူ့နယ်မြေများကို အသေးစိတ်ထောက်လှမ်းနိုင်ပြီး ရန်သူ၏တည်နေရာများ၊ လှုပ်ရှားမှုများနှင့် ခံစစ်ဖွဲ့စည်းထားပုံများ စသောအမြောက်တပ်များအတွက် ပစ်မှတ်မှတ်ပုံတင်၍ အတိအကျတိုက်ခိုက်ချေမှုန်းနိုင်ရန် အဖိုးတန်သတင်းအချက်အလက်များကို ပံ့ပိုးပေးနိုင်မည်ဖြစ်သည်။

နောက်တစ်ချက်မှာ မိမိတပ်ဖွဲ့ဝင်များကို ကာကွယ်ထားနိုင်ခြင်းဖြစ်သည်။ ၎င်းတို့သည် လေပိုင်နက်ကို စောင့်ကြည့်နိုင်ပြီး ဝင်လာမည့်ခြိမ်းခြောက်မှုများနှင့် ပတ်သက်၍ ကြိုတင်သတိပေးချက်များကို ရရှိနိုင်စေမည်ဖြစ်ကာ အမြောက်တပ်ရင်း၊ တပ်ဖွဲ့များကို ပြန်လည်နေရာချထားခြင်းသို့မဟုတ် လွှမ်းခြုံကာကွယ်ထားနိုင်ခြင်းတို့ကို အချိန်မီဆောင်ရွက်နိုင်စေသည်။ ထို့ကြောင့် ဒရုန်းများတွဲဖက်အသုံးပြုနိုင်ခြင်းသည် အမြောက်တပ်ဖွဲ့များ၏ ရှင်သန်နိုင်စွမ်းကို မြှင့်တင်ပေးနိုင်ရုံသာမက ပစ်ကူ၊ စစ်ကူ၊ ပစ်အားထပ်ဖြည့်အကူများကို အင်အားဖြည့် လုပ်ဆောင်နိုင်ခြင်းဖြင့် စစ်ဆင်ရေးကို ထိရောက်စွာဆင်နွှဲနိုင်စေမည်ဖြစ်သည်။

ခေတ်မီကွန်ရက်ဗဟိုပြု စစ်ပွဲအခြေအနေတွင် ဒရုန်းများသည် အပြန်အလှန်ဆက်နွှယ်နေသောစွမ်းအားစုကြီးတစ်ရပ်၏ အစိတ်အပိုင်းတစ်ခုဖြစ်လာခဲ့ပြီဖြစ်သည်။ ၎င်းတို့သည် နယ်မြေအများအပြားတွင် ပေါင်းစပ်ညှိနှိုင်းတိုက်ခိုက်မှုများနှင့် မဟာဗျူဟာမြောက်အစီအမံများကို လွယ်ကူချောမွေ့စေကာ ပြည့်စုံသောအခြေအနေဆိုင်ရာ ကြိုတင်သတိပေးချက်များ လက်ခံရရှိထားရန် အခြားစောင့်ကြည့်ထောက်လှမ်းရေး၊ ဆက်သွယ်ရေးစနစ်များနှင့်ပေါင်းစပ်လုပ်ဆောင်သွားရမည်ဖြစ်သည်။ ယေဘုယျအားဖြင့် ဒရုန်းများကိုအမြောက်တပ်ဖွဲ့များ၌ ပေါင်းစည်းခြင်းသည် မဟာဗျူဟာမြောက်စစ်ဆင်ရေးနှင့် နည်းဗျူဟာဆိုင်ရာ လိုက်လျောညီထွေဖြစ်စေရန် သမားရိုးကျ အမြောက်ပစ်ခတ်မှုစွမ်းရည်များနှင့်ခေတ်မီ စစ်လက်နက်ပစ္စည်းစွမ်းရည်များကို ပေါင်းစပ်ထားသည့် ခေတ်သစ်စစ်ပွဲတွင် အသွင်ကူးပြောင်းလာမှုတစ်ရပ်ပင်ဖြစ်သည်။

DT46 ဒရုန်းကို Eurosatory ကာကွယ်ရေးပြပွဲတွင် မိတ်ဆက်ပြသခဲ့ပြီး ပြင်သစ်စစ်ဘက်၏ လက်နက်တိုက်တွင် ပိုင်ဆိုင်ထားနိုင်မှုကိုပါ ထုတ်ဖော်ပြသခဲ့သည်။ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ဆောင်မှုကာလ နှစ်နှစ်အကြာတွင် ယာဉ်နှစ်စီးနှင့် မြေပြင်ထိန်းချုပ်ရေးစခန်းနှစ်ခုတို့ ပါဝင်သော ပြီးပြည့်စုံသည့် DT46 ဒရုန်းစနစ်နှစ်စုံကို စစ်ဆင်ရေးအသုံးပြုနိုင်မှုရှိ၊ မရှိ စမ်းသပ်ရန်အတွက် တပ်မတော်နည်းပညာဌာန (STAT) သို့ ပေးပို့ခဲ့သည်။ နိုင်ငံတကာဖောက်သည်များထံ တင်ပို့ရောင်းချနိုင်ရန် လည်းရည်မှန်းထားပြီး ကာကွယ်ရေးစက်မှုကဏ္ဍတွင် ကိုယ်ပိုင်နည်းပညာအဆင့်အတန်းမြင့်မားမှုကို ထုတ်ဖော်ပြသရန် ပြင်သစ်နိုင်ငံ၏ ကြိုးပမ်းလုပ်ဆောင်ချက် အသီးအပွင့်လည်းဖြစ်သည်။

မကြာသေးမီက DT46 ဒရုန်းအတွက် နည်းဗျူဟာဆိုင်ရာ အကဲဖြတ်ဆန်းစစ်ခြင်းအဆင့်ကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပြီး လာမည့်ဆောင်းဦးအတွက် ကျယ်ပြန့်သောစွမ်းဆောင်ရည်ပိုင်းဆိုင်ရာ စမ်းသပ်မှုများကို ထပ်မံပြုလုပ်သွားနိုင်ရေး စီစဉ်ထားသည်။ ပြင်းထန်သောရာသီဥတုအခြေအနေများအောက်တွင် ဒရုန်း၏ခံနိုင်ရည်အားနှင့် ကြံ့ခိုင်ပြုပြင်ထိန်းသိမ်းမှုဆိုင်ရာ အုပ်ချုပ်၊ ထောက်ပံ့ပို့ဆောင်ရေးတို့ကို အဓိကအားဖြင့် အကဲဖြတ်မည်ဖြစ်ပြီး စစ်ဘက်၏တင်းကျပ်သောစံနှုန်းများနှင့် ကိုက်ညီမှု ရှိ၊ မရှိ အာမခံချက်ပေးနိုင်ရန် ပြုလုပ်ခြင်းဖြစ်သည်။

အကွာအဝေး ကီလိုမီတာ ၈၀ မှကီလိုမီတာ ၁၀၀ ထိပျံသန်းနိုင်ပြီး ပုံသေတောင်ပံ Mode တွင် လေထဲ၌ ခြောက်နာရီထိ ပျံသန်းနိုင်ကာ ဒေါင်လိုက်အတက်အဆင်း ဗားရှင်းတွင် သုံးနာရီ မိနစ် ၃၀ ခန့်ထိ ပျံသန်းနိုင်သည်။ DT46 ဒရုန်းတွင် အဆင့်မြင့် Optronic Pod တပ်ဆင်ထားပြီး ထောက်လှမ်းရေးစွမ်းရည်များ အဆင့်မြှင့်တင်နိုင်သည်။ ဤနည်းပညာကို ယူကရိန်းရှိ စစ်ဆင်ရေးများတွင် အောင်မြင်စွာ သရုပ်ပြနိုင်ခဲ့ပြီး လက်တွေ့အခြေအနေများတွင် တိုက်ပွဲဝင်ထိရောက်မှုကို ပြသနိုင်ခဲ့သည်။

**France Secures DT46 Drones for Artillery Units to Counter Ukraine Conflict Challenges ကို ဘာသာပြန်ဆိုထားပါသည်။**

## ရိုမေးနီးယားနိုင်ငံက ဂျာမနီထုတ် Vector ကင်းထောက်ဒရုန်းများဝယ်ယူရန် စာချုပ်ချုပ်ဆို

ရိုမေးနီးယားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန (MoD)သည် အဆင့်မြင့် Vector ကင်းထောက်ဒရုန်း(UAS)များဝယ်ယူရန်အတွက် ဂျာမနီနိုင်ငံ Quantum Systems ကုမ္ပဏီနှင့် သဘောတူစာချုပ်ချုပ်ဆိုခဲ့ကြောင်း The Defense Post သတင်းဌာနက ဇွန် ၂၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

စာချုပ်ချုပ်ဆိုပြီးနောက်ပိုင်း သုံးနှစ်တာကာလအတွင်း ရိုမေးနီးယားတပ်မတော်သို့ အရေအတွက်အတိအကျမဖော်ပြထားသော Vectors ကင်းထောက် ဒရုန်းများကို လွှဲပြောင်းပေးအပ်သွားမည်ဖြစ်သည်။ အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၆၇ သန်းတန်ဖိုးရှိ အဆိုပါဝယ်ယူရေးသည် ရိုမေးနီးယား စစ်ဘက်စွမ်းဆောင်ရည်များကို အဆင့်မြှင့်တင်ရန်ရည်ရွယ်ပြီး ဒေသတွင်းစစ်ဆင်ရေးများတွင် ဘက်စုံအသုံးပြုနိုင်ရန် မျှော်မှန်းထားသည်။

ရိုမေးနီးယား တပ်ဖွဲ့များအတွက် အဆင့်မြင့် Vector ဒရုန်းကို ပံ့ပိုးပေးရန်အတွက် ရိုမေးနီးယားကာကွယ်ရေးဝန်ကြီးဌာနက ရွေးချယ်ခဲ့သည့်အတွက် ဂုဏ်ယူမိကြောင်း Quantum Systems၏ ဘဏ္ဍာရေးဆိုင်ရာ အမှုဆောင်အရာရှိချုပ် Sven Kruck က ပြောကြားခဲ့သည်။

ရိုမေးနီးယားနှင့် ကျွန်ုပ်တို့၏ပူးပေါင်းဆောင်ရွက်မှုသည် ယုံကြည်စိတ်ချရပြီး ထိရောက်သော ဒရုန်းစနစ်များဆိုင်ရာ ဖြေရှင်းချက်များဖြင့် ကမ္ဘာလုံးဆိုင်ရာ ကာကွယ်ရေး အစပျိုးကြိုးပမ်းနေမှုများကို ပံ့ပိုးကူညီရန် ကျွန်ုပ်တို့၏သိသာထင်ရှားသော မှတ်တိုင်တစ်ခုဖြစ်သည်ဟု ၎င်းက ထည့်သွင်းပြောကြားခဲ့သည်။

Vector ကင်းထောက်ဒရုန်းကို ၎င်း၏ စွမ်းဆောင်ရည်မြင့်မားသော အကွာအဝေး၊ အလိုအလျောက်ပျံသန်းလုပ်ဆောင်နိုင်မှု၊ အာရုံခံကိရိယာအရည်အသွေးနှင့် ယှဉ်ပြိုင်နိုင်သော ဈေးနှုန်း၊ ကုန်ကျစရိတ်တို့နှင့်အတူ ဝန်ဆောင်မှုအာမခံစည်းမျဉ်းများကြောင့် ဝယ်ယူရန် ရွေးချယ်ခံရခြင်းဖြစ်ကြောင်း မြူးနစ်မြို့အခြေစိုက် Quantum Systems ကုမ္ပဏီက ရှင်းပြခဲ့သည်။

ဒေါင်လိုက် အတက်အဆင်းပျံသန်းနိုင်သောအဆိုပါကင်းထောက်ဒရုန်းများတွင် လေထဲ၌ သုံးနာရီကြာ အကွာအဝေး ကီလိုမီတာ ၁၈၀ ထိ တာဝန်ထမ်းဆောင်နိုင်စွမ်းရှိသည်။ ၎င်း၏ဆူညံသံနည်းပါးခြင်းသည် လျှို့ဝှက်စစ်ဆင်ရေးများအတွက် စံပြဖြစ်စေပြီး မကြာသေးမီက ဆော့ဖ်ဝဲအပ်ဒိတ်များက ၎င်းကို ကမ္ဘာလုံးဆိုင်ရာ နေရာချထားမှုစနစ် အသုံးပြု၍မရသော ပတ်ဝန်းကျင်အခြေအနေမျိုးတွင် လုပ်ဆောင်နိုင်စေသည်။

ယူကရိန်းစစ်ဘက်သည် အဆင့်မြင့် စစ်မြေပြင် ဝေဟင်ထောက်လှမ်းရေးနှင့် ကြိုတင်သတိပေးမှုရရှိနိုင်ရန် ပြီးခဲ့သည့် နှစ်နှစ်အတွင်း Vectors ဒရုန်း ၄၀၀ ကျော်ကို လက်ခံရရှိခဲ့သည်။ ၂၀၂၂ ခုနှစ် ဩဂုတ်လကတည်းက Vector ကင်းထောက်ဒရုန်းသည် အခက်ခဲဆုံးစစ်မြေပြင် အခြေအနေများကြားတွင် ၎င်း၏မကြုံစဖူး တိုက်ပွဲဝင်စွမ်းဆောင်ရည်ကို ပြသနိုင်ခဲ့သည်ဟု Quantum Systems ကုမ္ပဏီက ၂၀၂၃ ခုနှစ်တွင် ပြောကြားခဲ့ကြောင်း သိရသည်။



Vector ဒရုန်းများကို ယူကရိန်းစစ်မြေပြင်တွင် ကျယ်ကျယ်ပြန့်ပြန့် တပ်ဖြန့်စမ်းသပ်အသုံးပြုခဲ့ပြီး စောင့်ကြည့်ထောက်လှမ်းရေးနှင့်ကင်းထောက်စစ်ဆင်ရေးများအတွက် စွမ်းအားစုတစ်ခုအဖြစ် သက်သေပြနိုင်ခဲ့သည်ဟု Quantum Systems ကုမ္ပဏီက ထည့်သွင်းပြောကြားခဲ့ကြောင်း သိရသည်။

**Romania Orders Ukraine-Tested Reconnaissance Drones ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငှက်ပျော ဧက ၁၀၂၀ စိုက်ပျိုးပြီးစီး



**ပွင့်ဖြူ ဇွန် ၂၈**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငှက်ပျော ဧက ၁၀၂၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငှက်ပျော ဧက ၁၀၂၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ငှက်ပျော ဧက အားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ပွင့်ဖြူမြို့နယ်မှာ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ငှက်ပျော ဧက ၁၀၂၀ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ သတ်မှတ်ဧကပြည့်မီအောင် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ငှက်ပျောစိုက်ပျိုးတာကို ဒေသခံတောင်သူတွေက လယ်ကန်သင်းတွေမှာ စိုက်ပျိုးကြသလို အချို့လဲ စီးပွားဖြစ်အနေနဲ့ အခြားသီးနှံတွေနဲ့ ရောနှောစိုက်ပျိုးကြတယ်။ ငှက်ပျောစိုက်ပျိုးတာနဲ့ပတ်သက်ပြီး စားသုံးသူပြည်သူတွေ အစားအစာဘေးကင်းလုံခြုံစေဖို့ လိုအပ်တဲ့ အော်ဂဲနစ်စိုက်ပျိုးရေးနည်းပညာတွေနဲ့ ပိုးမွှားကျရောက်မှုမရှိစေဖို့ တောင်သူပညာပေးလုပ်ငန်းတွေကို ကွင်းဆင်းဆောင်ရွက်ပေးပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်၌ ဒေသခံတောင်သူများက ငှက်ပျောစိုက်ပျိုးရာတွင် ဈေးကောင်းရရှိသည့် ဖီးကြမ်းငှက်ပျောကို ပိုမိုအားထားစိုက်ပျိုးကြောင်း၊ ငှက်ပျောတစ်ဧကလျှင် အပင်ရေ ၁၀၀၀ ခန့် စိုက်ပျိုးပြီး တစ်ဧက စိုက်ပျိုးပါက ငွေကျပ် သိန်း ၂၀ခန့် ကုန်ကျမှုရှိကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေထံမှ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ကော့မှူးမြို့နယ် ဘို့ဒင်ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**ကော့မှူး ဇွန် ၂၈**

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘို့ဒင်ကျေးရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇွန် ၂၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကော့မှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ကိုလတ်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းအကြောင်းအရာများ၊စီမံကိန်းလက်စွဲစာစောင်ပါ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဖွဲ့စည်းရာတွင် သတ်မှတ်ချက်များ၊ ကော်မတီဝင်များ၏ လုပ်ငန်း တာဝန်များကို ရှင်းလင်းပြောကြားသည်။



ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် ကျေးရွာတာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

ကော့မှူးမြို့နယ် ဘို့ဒင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ကို စီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေတို့အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇောဦး(မောရမ်းမြေ)**

# ကြာအင်းဆိပ်ကြီးမြို့နယ် မရိကလကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ကြာအင်းဆိပ်ကြီး ဇွန် ၂၈**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြာအင်းဆိပ်ကြီးမြို့နယ် မရိကလကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဇွန် ၂၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကြာအင်းဆိပ်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးညွန့်ဇော်၊ မြို့နယ်ဦးစီးမှူး ဦးဟိန်းမင်းနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မရိကလကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ငွေစာရင်းပုံစံများ စနစ်တကျဖြည့်သွင်းထားခြင်း ရှိ၊ မရှိအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးညွန့်ဇော်က စီမံကိန်းရန်ပုံငွေချေးယူထားသော အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ ဆုံးရှုံးမှုမရှိစေရေး၊ စီမံကိန်း ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်း ထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားကြောင်း သိရသည်။

မရိကလကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် စီမံကိန်းရန်ပုံငွေကျပ် သန်း ၃၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ဆဋ္ဌမနှစ်စက်ဝန်းအဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၈ ဦးကို စီမံကိန်း ရန်ပုံငွေကျပ် ၆၂ ဒသမ ၈ သန်း ထုတ်ချေးပေးထားကြောင်း ကြာအင်းဆိပ်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးညွန့်ဇော်ထံမှ သိရသည်။

**ကိုသက်**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၂၈-၆-၂၀၂၄**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၆၀၀၀၀/၁၆၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| ရွှေဖီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၈၃၀၀၀/၈၅၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၃၅၀၀/၁၄၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၃၀၀၀/၁၄၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၅၄၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၉၇၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၅၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၇၃၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၈၆၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)



ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပရေးဦးစီးကော်မတီ ဒုတိယအကြိမ်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

ရှေ့ဖုံးမှအဆက်

ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှာစကားပြောကြားရာတွင် အားကစားဆိုသည့် ဝေါဟာရကို နိုင်ငံတကာအဘိဓာန်များက "ယှဉ်ပြိုင်မှုရှိသော ရုပ်ပိုင်းဆိုင်ရာ ပြုမူဆောင်ရွက်မှုပုံစံ အားလုံးကို အားကစား"ဟု အဓိပ္ပာယ်ဖွင့်ဆိုကြကြောင်း၊ အားကစား၏ ရည်မှန်းချက်သည် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်မှုကို ရှေးရှုသည်ဆိုသော်လည်း ယခုအခါ အားကစားသည် တစ်ဦးချင်းယှဉ်ပြိုင်ရသည့် ပြိုင်ပွဲမှသည် လူပေါင်းရာထောင်ချီပါဝင်သည့်ပြိုင်ပွဲများ၊ ကျေးလက်အဆင့် အားကစားပြိုင်ပွဲများမှသည် ကမ္ဘာနှင့်ချီသည့် အိုလံပစ်ပြိုင်ပွဲများအထိ ကျင်းပလျက်ရှိနေပြီဖြစ်ကြောင်း၊ အားကစားအောင်မြင်မှုသည် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို နိုင်ငံတကာအလယ်တွင် ထည်ဝါခံ့ညားစေခြင်းဖြစ်သည့်အတွက် "အားကစားပြိုင်ပွဲများကို လက်နက်မပါသော တိုက်ပွဲများ"ဟု တင်စားလာနေကြပြီဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အားကစားအဆင့်အတန်းမြင့်မား ဖွံ့ဖြိုးတိုးတက်ရေးကို အဘက်ဘက်က အားပေးပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင်ကလည်း "**အားကစားဆောင်ရွက်ခြင်းသည် မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်များနှင့် အမျိုးသားရေးစရိုက်လက္ခဏာတို့ကို ရှင်သန်ထက်မြက်စေပြီး တစ်မျိုးသားလုံး၏ ကျန်းမာကြံ့ခိုင်ရေးကိုလည်း ဖြစ်ပေါ်စေနိုင်သည့်အတွက် အားကစားနှင့်ပတ်သက်ပါက အားပေးဆောင်ရွက်ရမည်**"ဟု လမ်းညွှန်ထားရှိကြောင်း၊ ယခုပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီး ကျင်းပပေးခြင်းသည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ရည်ရွယ်ချက်(၅)ရပ် သတ်မှတ်ပြီး ကျင်းပခြင်းဖြစ်သည့်အတွက် ယနေ့အစည်းအဝေးကို တက်ရောက်လာကြသည့် တာဝန်ရှိသူများအနေဖြင့် ပြိုင်ပွဲကြီး အောင်အောင်မြင်မြင်နှင့် ခမ်းနားထည်ဝါစွာကျင်းပနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် အမျိုးသားရေးစိတ်ဓာတ်တို့ကို ဖော်ညွှန်းသည့် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့၊ မျိုးချစ်စိတ်ဓာတ်နှင့် နိုင်ငံ့အရေးတို့ကို ဖော်ကျူးသည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ကဲ့သို့ နိုင်ငံတော်အဆင့်အခမ်းအနားကြီးများကို အောင်အောင်မြင်မြင်ခမ်းခမ်းနားနားကျင်းပနိုင်ခဲ့သလို ဘာသာသာသနာတော်နှင့်စပ်လျဉ်း၍လည်း မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်မှုကိုလည်း ကမ္ဘာသိ ကျက်သရေမင်္ဂလာနှင့် တင့်တယ်သော ဂုဏ်ထူးဝိသေသများနှင့်အတူ ခမ်းနားထည်ဝါစွာ ကျင်းပနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ အလားတူ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်သန်စွမ်းသော မျိုးဆက်သစ်ပညာတတ်လူငယ်လူရွယ်များ အနာဂတ်နိုင်ငံတော်တွင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်နိုင်ရေး ရည်ရွယ်လျက် တစ်မျိုးသားလုံးနှင့် သက်ဆိုင်သည့် အမျိုးသားအားကစားပွဲတော်ကြီးကိုလည်း ယခင်ကျင်းပခဲ့သည့် နိုင်ငံတော်အဆင့် အခမ်းအနားများနည်းတူ ခမ်းနားထည်ဝါစွာ ကျင်းပရန် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ထားသည့်အတွက် ယခုအစည်းအဝေးကို တက်ရောက်လာကြသည့်ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပရေးဦးစီးကော်မတီ ပထမအကြိမ်အစည်းအဝေးတွင် ကော်မတီများမှ တာဝန်ရှိသူများက လိုအပ်သည့် အကြံပြုဆွေးနွေးတင်ပြချက်များအပေါ် လုပ်ငန်းလမ်းညွှန်ချက်များ ချမှတ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ထို့ပြင် ပြိုင်ပွဲတစ်ခုလုံးနှင့်ပတ်သက်သည့် ကုန်ကျစရိတ်၊ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား၊ ပြိုင်ပွဲပုံစံ၊ ပြိုင်ပွဲအားကစားနည်းများနှင့်အထိမ်းအမှတ်အရုပ်သတ်မှတ်ရေး စသည့် ကိစ္စရပ်များကို ယခုအစည်းအဝေးတွင် ဆွေးနွေးသွားကြရန်လိုကြောင်း၊ အလားတူ အမျိုးသားအားကစားပွဲတော်တွင် မသန်စွမ်းအားကစားပြိုင်ပွဲများနှင့် ပြိုင်ပွဲတွင် ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်ရရှိသူများကို ဆုချီးမြှင့်ရာတွင် ဆုတံဆိပ်အပြင် နိုင်ငံတကာအားကစားပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားတွင် ပေးအပ်လေ့ရှိသည့် လာဘ်ကောင်(MASCOT)ကို ပူးတွဲပေးအပ်နိုင်ရေးတို့ကိုလည်း မူအနေဖြင့် ရရှိပြီးဖြစ်၍ ဆွေးနွေးပေးကြရန်လိုကြောင်း။

**ယခုကျင်းပမည့် အမျိုးသားအားကစားပွဲတော်သည် နိုင်ငံ့ဂုဏ်ဆောင် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာရေးရည်ရွယ်ပြီး ကျင်းပခြင်းဖြစ်သည့်အတွက် ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားသမားများအနေဖြင့် ချမှတ်ထားသည့် စည်းကမ်းသတ်မှတ်ချက်၊ အသက်ကန့်သတ်ချက်နှင့် အားကစားနည်းစနစ်များကို အသေးစိတ်လေ့လာပြင်ဆင်ဆောင်ရွက်ကြရန်၊ ပြိုင်ပွဲများယှဉ်ပြိုင်သည့်အခါ အားကစားစိတ်ဓာတ်အပြည့်ဖြင့် ယှဉ်ပြိုင်ပြီး အောင်မြင်မှုများ ရရှိအောင် ကြိုးစားဆောင်ရွက်သွားရန်နှင့်ဝန်ကြီးဌာနများနှင့် ပြည်နယ်၊ တိုင်းဒေသကြီးကိုယ်စားပြုအသင်းများမှ တာဝန်ရှိသူများကလည်း အားကစားနည်းများအလိုက် စနစ်တကျလေ့ကျင့်ပေးရန်လို**ကြောင်း၊ အလားတူ **ပြိုင်ပွဲများကို ကြီးကြပ်ဆောင်ရွက်ကြမည့် ဒိုင်၊ ဂျူရီများအနေဖြင့် ဘက်လိုက်မှုကင်းကင်းနှင့်တရားမျှတစွာဆုံးဖြတ်ဆောင်ရွက်ကြရန်၊အားကစားပြိုင်ပွဲများပြိုင်ဆိုင်မှုပြင်းထန်သည့်အတွက် အငြင်းပွားဖွယ်ရာ ကိစ္စရပ်များ ပေါ်ပေါက်လာပါက ခုံသမာဓိအဖွဲ့များက စနစ်တကျကြီးကြပ်ဆုံးဖြတ်နိုင်ရေးစီမံဆောင်ရွက်ထားကြရန်လို**ကြောင်း။

အမျိုးသား အားကစားပွဲတော်ကြီး အနှစ်သာရရှိရှိ၊ ရည်မှန်းချက်များအတိုင်း အောင်မြင်စွာကျင်းပနိုင်ရေး ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီ၊ သက်ဆိုင်ရာဆပ်ကော်မတီများနှင့်ဝန်ကြီးဌာနများ၊ပြည်နယ်နှင့် တိုင်းဒေသကြီးများအနေဖြင့် အလေးထားလိုက်နာဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

ထို့ပြင် အမျိုးသားအားကစားပွဲတော်ကြီး ကျင်းပနေဆဲကာလအတွင်း လုံခြုံရေးကျိုးပေါက်မှုမရှိစေရေးသည် အရေးကြီးဆုံးဖြစ်သည့်အတွက် အားလုံးက လုံခြုံရေးအသိ၊ လုံခြုံရေးသတိနှင့် အလေးထားလိုက်နာဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ပြိုင်ပွဲကာလအတွင်း ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားသမားများ တည်းခိုကြမည့် နေရာများတွင် စနစ်တကျရှိစေရေး၊ စိတ်အေးချမ်းသာစွာ ပါဝင်ယှဉ်ပြိုင်နိုင်ရေး၊ နေထိုင်စားသောက်ရေး၊လုံခြုံရေး၊ ကျန်းမာရေးနှင့် သယ်ယူပို့ဆောင်ရေး စသည့်ကိစ္စရပ်များတွင် ဆပ်ကော်မတီအလိုက် တာဝန်ရှိသူများအနေဖြင့် အသေးစိတ်စီမံဆောင်ရွက်သွားကြရန်လိုကြောင်း။

ယခုကျင်းပမည့် အမျိုးသားအားကစားပွဲတော်ကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များ၊ မြန်မာ့လက်ရွေးစင် အားကစားသမားဟောင်းကြီးများ၊ NGO အဖွဲ့အစည်းများ၊ မီဒီယာလောကသားများအပါအဝင် ပြည်သူလူထုတစ်ရပ်လုံးက တစ်ဦးချင်းတစ်ယောက်ချင်း ကျရာအခန်းကဏ္ဍအလိုက် အမျိုးသားရေးအသိစိတ်ဓာတ်နှင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်၊ တာဝန်ယူဆောင်ရွက်ကြမည့်လုပ်ငန်းကော်မတီ၊ဆပ်ကော်မတီများအနေဖြင့် စီမံချက်ပါ လုပ်ငန်းတာဝန်များ အောင်မြင်ပြီးမြောက်စေရေး ကြိုးပမ်းဆောင်ရွက်သွားရန်နှင့် မမျှော်မှန်းနိုင်သည့် ကိစ္စရပ်များ ပေါ်ပေါက်လာပါကလည်း အရန်အနေဖြင့် ဖြေရှင်းနိုင်ရန် စီမံချက်တွင် ထည့်သွင်း၍ ဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ ပြိုင်ပွဲအမျိုးအစားသတ်မှတ်ခြင်းနှင့် ပြိုင်ပွဲအစီအစဉ်များ၊ ဆုချီးမြှင့်မည့်အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကျင်းပရေးကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီးတို့က ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားများကို ခေတ်ကာလနှင့်လျော်ညီစွာ နိုင်ငံတော်အဆင့် ခမ်းနားထည်ဝါစွာ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်သွားမည့် အစီအစဉ်လျာထားချက်များနှင့် အမျိုးသားအားကစားပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပို့ဆောင်ဆက်သွယ်ရေး ဆပ်ကော်မတီ၊ လုံခြုံရေးဆပ်ကော်မတီ၊ ဘဏ္ဍာရေးနှင့်ဆုချီးမြှင့်ရေးဆပ်ကော်မတီ၊ သတင်းထုတ်ပြန်ရေးနှင့်မှတ်တမ်းတင်ရေး ဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ၊ အခမ်းအနားပြင်ဆင်ရေး ဆပ်ကော်မတီ၊ စာရင်းစစ်ဆေးရေးဆပ်ကော်မတီ၊ ပြိုင်ပွဲကျင်းပရေးနှင့် နည်းစနစ်ဆပ်ကော်မတီ၊ တည်းခိုနေထိုင်ရေးနှင့် ဧည့်ခံကျွေးမွေးရေး ဆပ်ကော်မတီနှင့် ခုံသမာဓိဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ ဒုတိယစာရင်းစစ်ချုပ်နှင့် ညွှန်ကြားရေးမှူးချုပ်တို့က ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍများအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားကြမည့် အစီအမံများကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပရေး ဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (၅၀၁)

# နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဖလား ဘောလုံးပြိုင်ပွဲဖွင့်ပွဲပြုလုပ်

**နေပြည်တော် ဇွန် ၂၈**

နေပြည်တော်တိုင်း စစ်ဌာနချုပ် ၂၀၂၄ ခုနှစ် တိုင်းမှူးဖလား ဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ ဇေယျာသီရိအားကစားကွင်း၌ ပြုလုပ်ရာ တိုင်းမှူးဗိုလ်ချုပ်စိုးမင်းနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ ပထမနေ့ပွဲစဉ် ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါဘောလုံးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၁၂ သင်းဖြင့် ဇူလိုင် ၁၂ ရက်ထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဖလား ဘောလုံးပြိုင်ပွဲ ပထမနေ့ပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။





နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁) သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးစဉ်။



ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁) သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးစဉ်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁) သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးစဉ်။



အနောက်မြောက်တိုင်းစစ်ဌာနချုပ်ရှိ နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁) သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များကို တာဝန်ရှိသူများက ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက် အားပေးစဉ်။

☆ ကျောဖုံးမှအဆက်

နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး သင်တန်းဆင်းပွဲတွင် သင်တန်းဆင်း စစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ခဲ့ကြကာ ကတိသစ္စာခံယူခြင်းကို ဆောင်ရွက်သည်။

ထို့နောက် သက်ဆိုင်ရာသင်တန်းကျောင်းအလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဆင်းထူးချွန်ဆုများဖြစ်သည့် စံပြတပ်သားဆု၊ စစ်ရေးပြထူးချွန်ဆု၊ လက်ဖြောင့်တပ်သားဆု၊ စစ်သည်တော်ကျင့်ဝတ်ဆု၊ မိုင်းကျွမ်းကျင်ဆု၊ တပ်စိတ်တိုက်နည်းပထမဆု၊ ချေမှုန်းရေးပထမဆု၊ အိပ်ဆောင်အကောင်းဆုံးဆုရရှိသူများကို ဆုများအသီးသီးပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်းအမှာစကားများ ပြောကြားကြသည်။

သင်တန်းဆင်းပွဲ အခမ်းအနားများအပြီးတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် သင်တန်းကျောင်းခန်းမများ၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁)မှ သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များကို တွေ့ဆုံအမှာစကားပြောကြားကာ ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးကြသည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁)ကို ၂၀၂၄ ခုနှစ် ဧပြီ ၈ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းကာလအတွင်း ကြံ့ခိုင်ရေးဘာသာရပ်၊ စစ်ရေးပြဘာသာရပ်၊ ခြေလျင်လက်နက်ငယ် ဘာသာရပ်များကိုလည်းကောင်း၊



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်းအုပ်ကြီးက ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁) သင်တန်းဆင်း သင်တန်းသားတစ်ဦးအား အဆင့်တံဆိပ်တပ်ဆင်ပေးစဉ်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်းအုပ်ကြီးက ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁)တွင် ထူးချွန်ဆုရရှိသော သင်တန်းသားတစ်ဦးကို ဆုပေးအပ်ချီးမြှင့်စဉ်။

စစ်နည်းဗျူဟာဘာသာရပ်တွင် ပါဝင်သည့် ကိုယ်စီစစ်မြေပြင်ကျွမ်းကျင်မှု၊ အဖွဲ့အလိုက်၊ တပ်စိတ်အလိုက်လေ့ကျင့်ခြင်း၊ ချီတက်မှုလေ့ကျင့်ခြင်း၊ အထူးစစ်နည်းဗျူဟာ၊ စစ်ဘက်ရေးရာလုံခြုံရေး၊ ချေမှုန်းရေးလေ့ကျင့်ခန်း စသည့်သင်ခန်းစာများကိုလည်းကောင်း စာတွေ့၊လက်တွေ့စနစ်တကျသင်ကြားလေ့ကျင့်ခဲ့ကြပြီး စစ်မြေပြင်အင်ဂျင်နီယာဘာသာရပ်၊ စစ်မြေပြင်အုပ်ချုပ်ရေးဘာသာရပ်နှင့် အထွေထွေဘာသာရပ်များကိုလည်း ရက်သတ္တပတ်အလိုက် အဆင့်ဆင့်လေ့ကျင့်သင်ကြားပေးခဲ့ကြောင်း သိရှိရသည်။

ယခုကဲ့သို့ လေ့ကျင့်သင်ကြားခဲ့ကြရပြီး သင်တန်းဆင်းခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁)မှ နိုင်ငံ့သားကောင်းစစ်သည်များအနေဖြင့် အဖွဲ့အစည်းစိတ်ဓာတ်များ(Team Sprit)၊ အဖွဲ့အစည်းဖြင့် စည်းစနစ်ကျနစွာ လုပ်ကိုင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်များ(Team Work)၊ ရဲဘော်ရဲဘက်စိတ် (Esprit Decorps)နှင့် နိုင်ငံကောင်းအောင်ဆောင်ရွက်လိုသည့်စိတ်ဓာတ်များ ရရှိခဲ့ကြပြီး တာဝန်ကျရာ တပ်ရင်း၊တပ်ဖွဲ့အသီးသီးသို့ သွားရောက်၍ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို လေးစားဂုဏ်ယူစွာဖြင့် ထမ်းဆောင်ကြတော့မည်ဖြစ်ကြောင်း သိရှိရသည်။

ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁)တွင် တက်ရောက်ခဲ့ရသည့်အတွေ့အကြုံများ၊ သင်တန်းမှရရှိခဲ့သည့် အလေ့အကျင့်ကောင်းများ၊ ယုံကြည်ချက်၊ ခံယူချက်များနှင့် သင်တန်းဆင်းပြီးနောက် မိမိတို့တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့များ၌ ဆက်လက်တာဝန်ထမ်းဆောင်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များ၏ စကားသံများကိုလည်း ယခုကဲ့သို့ကြားသိရပါသည်-

"စစ်သင်တန်း ပြီးဆုံးသွားခဲ့ပါပြီ။ ကျွန်တော် အခုဆိုရင် ပြည်သူ့စစ်မှုထမ်းရဲ့ အဆင့်မြင့် အခြေခံစစ်ပညာတွေအကုန်လုံးကို တတ်မြောက်သွားပါပြီ။ ကျွန်တော်တို့ နှစ်နှစ်တာ တာဝန်ထမ်းဆောင်တဲ့အချိန်မှာလည်း အကောင်းဆုံးပေးဆပ်ပြီးတော့ တာဝန်ထမ်းဆောင်သွားမှာပါ။ နှစ်နှစ်တာ တာဝန် ပြီးဆုံးသွားတဲ့အချိန်မှာလည်း တပ်မတော်ကလိုအပ်လာခဲ့ရင် နိုင်ငံနဲ့ လူမျိုးအတွက် အချိန်မရွေး အသက်စွန့်ပြီးတော့ ကာကွယ်စောင့်ရှောက်သွားဖို့ ကျွန်တော်စဉ်းစားထားပါတယ်။ ပြီးတော့ ကျွန်တော် အရင်ကထက်စာရင် နိုင်ငံတော်အပေါ် ပိုပြီးတော့ချစ်မြတ်နိုးတဲ့စိတ်တွေ၊ လူမျိုးအပေါ် ပိုပြီးချစ်မြတ်နိုးတဲ့စိတ်တွေလည်း အများကြီးရှိလာခဲ့ပါတယ်။ အခုလိုမျိုး အဆင့်မြင့်အခြေခံစစ်ပညာတွေကို သင်ကြားခဲ့ရတဲ့အတွက်လည်း လွန်စွာပဲဝမ်းမြောက်ဂုဏ်ယူမိပါတယ်။ နောင်တက်လာမယ့် လူငယ်တွေအကုန်လုံးကို ပြောချင်တာကတော့ ကောလာဟလတွေ၊ အပြင်မှာကြားနေရတဲ့သတင်းတွေကို မယုံကြည်ဘဲ ရဲရဲရင့်ရင့်နဲ့ တိုင်းပြည်အတွက် တာဝန်ထမ်းဆောင်ဖို့အတွက် ကျွန်တော်က ဖိတ်ခေါ်လိုပါတယ်"ဟု ပြောပြသည်။

"ကျွန်တော်တို့ အဖွဲ့အစည်းစိတ်ဓာတ်ရှိဖို့နဲ့ စည်းလုံးညီညွတ်မှုရှိအောင် သင်တန်းကနေ အားလုံးကို တိုက်ရည်ခိုက်ရည်ပြည့်ဝအောင် အများကြီးသင်ကြားပေးပါတယ်။ အဖွဲ့အစည်းစိတ်ဓာတ်ရှိအောင်လည်း သူငယ်ချင်းတွေနဲ့ သေနတ်ပစ်တဲ့အခါ၊ ချေမှုန်းရေးသွားတဲ့အခါ၊ ကိုယ်စီတိုက်တဲ့အခါတွေမှာ အကုန်လုံးက ညီညီညွတ်ညွတ်နဲ့

စာမျက်နှာ ၂၀ သို့

# နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ထောက်ပံ့မည့်ပစ္စည်းများထုပ်ပိုးနေမှုများအား မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ကြည့်ရှုအားပေး



**မန္တလေး ဇွန် ၂၈**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမသို့ ယနေ့မွန်းလွဲပိုင်းက ရောက်ရှိပြီး နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ထောက်ပံ့မည့် ပစ္စည်းများထုပ်ပိုးနေမှုအား ကြည့်ရှုသည်။

ထိုသို့ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့က ကြည့်ရှုစဉ် တာဝန်ရှိသူများက စေတနာရှင်ပြည်သူများက လှူဒါန်းသည့် စားသောက်ဖွယ်ရာများအား နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များထံ ထောက်ပံ့ပေးပို့ရန်အတွက် ဌာနဆိုင်ရာဝန်ထမ်းများက စနစ်တကျသေသပ်စွာ ထုပ်ပိုးနေမှု အဆင့်ဆင့်အား လိုက်ပါရှင်းလင်းပြသရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဝိုင်းဝန်းဆောင်ရွက်နေသူများကို လိုက်လံအားပေးခဲ့ကြောင်းနှင့် စားသောက်ဖွယ်ရာများနှင့်အတူ စိတ်ဓာတ်ခွန်အားပြည့်စေသည့် စာတိုစာပေများလည်း ရေးသားထည့်သွင်းပါရှိကြောင်း သတင်းရရှိသည်။ **မျိုးကျော်**



ရန်ကုန်တိုင်းစစ်ဌာနချုပ်ရှိ နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁) သင်တန်းဆင်းစစ်ရေးပြအခမ်းအနား ကျင်းပစဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁) သင်တန်းဆင်းစစ်ရေးပြအခမ်းအနား ကျင်းပစဉ်။





ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁) သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲတွင် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက်ရှိ မြဝတီတေးဂီတအဖွဲ့နှင့် နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များက တေးသီချင်းများဖြင့် ဂုဏ်ပြုသီဆိုဖျော်ဖြေကြစဉ်။

**စာမျက်နှာ ၁၉ မှအဆက်**

တိုက်ပွဲတစ်ခု အောင်မြင်အောင်တိုက်လို့ရတဲ့အထိ သင်ကြားပေးပါတယ်။ အကုန်လုံးက စိတ်ဓာတ်နဲ့ ခံယူပြီးတော့ တိုက်ခိုက်မယ်ဆိုရင် ဘာပဲဖြစ်ဖြစ် အောင်မြင်မယ်လို့ ကျွန်တော်ယူဆပါတယ်။ နောက်ထပ်သင်တန်းလာတက်ရောက်မယ့် ညီငယ်တွေကိုလည်း ဖိတ်ခေါ်ပါတယ်။ ကျွန်တော်တို့လိုပဲ အကောင်းဆုံးကြိုးစားနိုင်တဲ့ နိုင်ငံ့စစ်သားကောင်းတစ်ယောက်ဖြစ်စေချင်ပါတယ်။ ပြည်သူ့စစ်မှုထမ်းကို ဦးနှောက်ထဲမထားပါနဲ့။ စစ်သားကောင်းတစ်ယောက်ဖြစ်အောင်ပဲ ကြိုးစားစေချင်ပါတယ်။ အထက်လူကြီးတွေရဲ့ ပေးအပ်တဲ့ အမိန့်နဲ့ တာဝန်ကို နားထောင်ပြီး ကျေပွန်အောင်ထမ်းဆောင်မယ်ဆိုရင် အောင်မြင်မယ်လို့ ကျွန်တော်ယူဆပါတယ်" ဟု ပြောပြသည်။

"ကျွန်တော်ကတော့ ပြည်သူ့စစ်မှုထမ်းအမှတ်စဉ်(၁/၂၀၂၄) တက်ရောက်ခဲ့တာပါ။ ဒီသင်တန်းကို နိုင်ငံတော်က ပြည်သူ့စစ်မှုထမ်းဥပဒေအတည်ပြုပြီးတဲ့နောက် ကျွန်တော့်ဆန္ဒအရဝင်ရောက်ခဲ့ပြီး သင်တန်းကာလအတွင်းမှာလည်း အခြေခံစစ်ပညာရပ်များကို လေ့လာသင်ယူခွင့်ရခဲ့ပါတယ်။ သင်တန်းတက်ရောက်ချိန်မှာ နေထိုင်ရေး၊ စားသောက်ရေး အကုန်လုံး အစစအရာရာအဆင်ပြေပါတယ်။ သင်ခန်းစာလေ့ကျင့်ချိန်မှာလည်း နိုင်ငံတော်နဲ့ နိုင်ငံသားတွေအပေါ် ကာကွယ်စောင့်ရှောက်ခွင့်၊ အလုပ်အကျွေးပြုခွင့်ရတော့မယ်ဆိုတဲ့ ခံယူချက်နဲ့ လိုက်ပါလုပ်ဆောင်လေ့ကျင့်ခဲ့ပါတယ်။ စစ်သင်တန်းဟာ ခက်ခဲပင်ပန်းတဲ့သင်တန်းဖြစ်ပါတယ်။



အောင်မြင်အောင် ဖြတ်သန်းနိုင်ခဲ့ပါတယ်။ အခုသင်တန်းပြီးဆုံးလို့ နိုင်ငံတော်ကပေးအပ်တဲ့ မည်သည့်တာဝန်မဆို ကျေပွန်အောင်ထမ်းဆောင်သွားပါမယ်" ဟု ပြောပြသည်။

ထို့နောက် ညပိုင်းတွင် သင်တန်းကျောင်းအသီးသီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်း



အမှတ်စဉ်(၁)မှ နိုင်ငံ့သားကောင်းစစ်သည်များကို သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲများပြုလုပ်ကြသည်။ အဆိုပါ ညစာစားပွဲများတွင် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ မြဝတီတေးဂီတအဖွဲ့နှင့်



နယ်လှည့် ပြည်သူ့ဆက်ဆံရေးအဖွဲ့များက တေးသီချင်းများဖြင့် ဂုဏ်ပြုသီဆိုဖျော်ဖြေခဲ့ကြကြောင်း သတင်းရရှိသည်။ **(၅၀၁)**

(၂၉-၆-၂၀၂၄ ရက်နေ့တွင်ကျရောက်သည့် "တရုတ်-မြန်မာ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး (၅) ရပ်" ထုတ်ပြန်ခဲ့သည့် နှစ် (၇၀) မြောက် အထိမ်းအမှတ်သို့ ဂုဏ်ပြုလျက်)

# ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေး ငါးပါးသီလကို စောင့်ထိန်းခဲ့ကြသည့် တရုတ်-မြန်မာ ဆက်ဆံရေး

**"အိမ်နီးချင်းထက်စိတ်ချရတဲ့ မိတ်ဆွေနိုင်ငံဆိုတာ မရှိပါဘူး၊ အိမ်နီးချင်းဆိုတာ အရင်းအနှီးဆုံးနိုင်ငံဖြစ်ရမယ်၊ အိမ်နီးချင်းကောင်းပဲဖြစ်ရမယ်၊ နိုင်ငံအားလုံးနဲ့ အိမ်နီးနားချင်းငါးနိုင်ငံနဲ့ ချစ်ကြည်အောင် ဆောင်ရွက်ပါတယ်၊ တရုတ်နဲ့ မြန်မာကလည်း ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ရပ်ကို ကမ္ဘာမှာစပြီးလက်မှတ်ရေးထိုးခဲ့တဲ့နိုင်ငံတွေဖြစ်တယ်"**

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်**

**"မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့သည် လွန်ခဲ့သော နှစ်ပေါင်း (၂၀၀၀) ကျော်ကပင် တစ်နိုင်ငံနှင့် တစ်နိုင်ငံ ချစ်ကြည်ရင်းနှီးစွာ ကူးလူးဆက်ဆံခဲ့ကြောင်း"။**

**"ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီးများအပေါ် အခြေခံသော နှစ်နိုင်ငံဆက်ဆံရေးသည် "ဒေသတွင်းအေးချမ်းတည်ငြိမ်မှု" နှင့် "ကမ္ဘာ့ငြိမ်းချမ်းတည်ငြိမ်မှု" ကို အထောက်အကူပြုကြောင်း"**

**သမ္မတကြီး "ကျန်ဇီမင်း"**

အဆိုပါ **"သမိုင်းဝင် နှစ်နိုင်ငံချစ်ကြည်ရေးမှတ်ကြားချက်များ"** ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က (၂၀၂၁) ခုနှစ်၊ မေလ (၂၀) ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Phoenix ရုပ်သံအဖွဲ့၏ အင်တာဗျူးတွင် မှတ်ကြားခဲ့ခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံအကြီးအကဲ၏ ပြောကြားချက်သည် **"မြန်မာ့စိတ်ရင်းဖြစ်သည့် အိမ်နီးချင်းနိုင်ငံများအပေါ် ထားရှိရမည့်သဘောထားနှင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ရပ်ကို စတင်လက်မှတ်ရေးထိုးစဉ်ကတည်းကနှင့် ယနေ့တိုင်အောင်လိုက်နာခဲ့ကြောင်း"**ကို ဖော်ညွှန်းသည်ဟု မြင်မိပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ သမ္မတကြီးကလည်း **"နှစ်နိုင်ငံဆက်ဆံမှုသမိုင်း နှစ်ပေါင်းကြာရှည်ခဲ့သလို ယခုလည်း ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ရပ်ကိုလိုက်နာကာ "ဒေသတွင်းအေးချမ်းတည်ငြိမ်မှု" ကို အကောင်အထည်ဖော်ရင်း နှစ်နိုင်ငံဆက်ဆံရေး သမိုင်းအစဉ်အလာကောင်းကို ဆက်လက်ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း"**ကို ပြဆိုခြင်းပင်ဖြစ်ပါသည်။ အဆိုပါစကားကို နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ၁၉၉၆ ခုနှစ်က ချစ်ကြည်ရေးခရီးသွားရောက်စဉ်တွင် တရုတ်သမ္မတကြီးက ပြောကြားခဲ့ခြင်းဖြစ်ပါသည်။

တရုတ်-မြန်မာ ထာဝရအိမ်နီးနားချင်းကောင်းဆက်ဆံရေးသမိုင်းကို ဖော်ညွှန်းသည့်-

**မိတ်ဆွေဇမ္ဗူ စဉ်စူစိုးအုပ်**
**တရုတ်မြန်မာ၊ မင်းတို့မှာလျှင်**
**ကမ္ဘာရှည်မြဲ၊ မြေမရွေ့သို့**
**နှုတ်တွေ့ခွန်းသော၊ ထွန်းစိမ့်စေဖြင့်**
**ကျက်သရေသွင်းနှိုး၊ စာရင်းထိုးသည်**
**ဆိုမျိုးဆက်စဉ် ဥဒါန်းတည်း။**

ဟူသည့် **"မော်ကွန်း"** ကို ကုန်းဘောင်ခေတ် ဝက်မစွတ်မြို့စား ဦးနု (ဒုတိယနဝဒေး) ၏ **"တရုတ်သံရောက်မော်ကွန်း"** တွင် ရေးဖွဲ့ထားသည်ကို တွေ့ရပါသည်။ မြန်မာတို့ကသာ စပ်ဆိုရေးသားခဲ့သည် မဟုတ်ပေ။ တရုတ်စာပေများတွင်လည်းစပ်ဆိုခဲ့ကြောင်းကို (၁၉၆၁) ခုနှစ်၊ ဇန်နဝါရီလ (၆) ရက်နေ့ နံနက်ပိုင်း၌ ရန်ကုန်မြို့၊ အောင်ဆန်းကွင်းတွင်ကျင်းပသည့် လူထုအစည်းအဝေးပွဲကြီးတွင် တရုတ်နိုင်ငံဝန်ကြီးချုပ် **"ချူအင်လိုင်း"** က **"ကျွန်တော်တို့နိုင်ငံ "ဟန်" မင်းဆက်ခေတ်ကဗျာဆရာများဟာ ထိုအခါက တရုတ်ပြည်မှာ တင်ဆက်ကပြခဲ့ကြတဲ့ မြန်မာတေးဂီတနှင့်အကတို့ကို ကဗျာများအထူးဖွဲ့နွဲ့သီကုံးပြီး ချီးကျူးခဲ့ဖူးပါတယ်"** ဟု ပြောကြားခဲ့ခြင်းက သက်သေခံနေပါသည်။ ထို့အတူ လွတ်လပ်ရေးရပြီးခေတ်တွင်လည်း တရုတ်-မြန်မာ ချစ်ကြည်ရေးသီချင်းများစပ်ဆိုထုတ်လွှင့်ခဲ့ပါသည်။

**"ရာဇဝင်စဉ်လာ၊ တရုတ် ဗမာ-မိတ်ဆွေရင်းချာ"**

အထက်ပါစာသားသည် တရုတ်-မြန်မာ (ထိုစဉ်က အသုံးအနှုန်း "ဗမာ") ချစ်ကြည်ရေးပွဲများ၊ အစည်းအဝေးပွဲများတွင်သီဆိုခဲ့ပြီး ပီကင်းရေဒီယိုအသံမှ ရံဖန်ရံခါ ထုတ်လွှင့်ခဲ့သည့်သီချင်းမှ စာသားတစ်ပိုဒ်ဖြစ်ပါသည်။ ဆရာကြီး "ဦးသိန်းဖေမြင့်" ရေးစပ်ခဲ့ပြီး ဂီတစာဆို ဆရာရန်နိုင်စိန်က ကိုယ်တိုင်သီဆိုခဲ့သည့်သီချင်းဖြစ်ပါသည်။ ဆရာကြီးသိန်းဖေမြင့်၏ (၁၉၆၇) ခုနှစ်၊ ဇူလိုင်လ ရေးသားမှုများအရ အဆိုပါသီချင်းကို လွန်ခဲ့တဲ့ (၁၆) နှစ်၊ (၁၇) နှစ်က စခဲ့တာပါဟုဆိုပါသည်။ သို့ပါ၍ (၁၉၄၉) ခုနှစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ လွတ်လပ်ရေးကို မြန်မာနိုင်ငံက အသိအမှတ်ပြုပြီးကတည်းက **"တရုတ်-ဗမာ မိတ်ဆွေဖြစ်သီချင်း"** ပေါ်ပေါက်ခဲ့သည်ဟု ယူဆနိုင်ပါသည်။ မြန်မာနိုင်ငံမှ "သြဇာကြီးမားသည့် ဝါရင့်နိုင်ငံရေးသမား၊ သတင်းစာဆရာကြီး၊ စာရေးဆရာ သိန်းဖေမြင့်ကသာ စပ်ဆိုခဲ့သည်မဟုတ်ပေ။ ထိုစဉ်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မာရှယ် **"ချင်ယီ"** ကလည်း (၁၉၅၆) ခုနှစ်တွင် ချစ်ကြည်ရေးကဗျာတစ်ပုဒ်စပ်ဆို၍ ဆွေမျိုးပေါက်ဖော်ချစ်ကြည်စွာဆက်ဆံနိုင်မှုကို မီးမောင်းထိုးပြခဲ့ပါသည်။ **"နှစ်နိုင်ငံဆွေမျိုးပေါက်ဖော်ဆက်ဆံရေး၏ ပျားရည်ဆမ်းကာလ"** ကြောင့် ပေါ်ထွန်းခဲ့သည့် ကဗျာဟု ဆိုကြပါသည်။ ယင်းကဗျာမှာ -

**မြန်မာပြည်မှ မိတ်ဆွေများအတွက်**

ကျွန်ုပ် မြစ်ညာမှာနေသည်
သင်တို့မြစ်ကြေမှာ နေကြသည်
အတိုင်းအဆမရှိအောင်
ကျွန်ုပ်တို့ အပြန်အလှန်ချစ်ခင်ကြ
ကျွန်ုပ်တို့ ဒီမြစ်ရေကိုပဲသောက်ကြ
ကျွန်ုပ် မြစ်ညာမှရေကို သောက်သည်
သင်တို့ မြစ်ကြေမှရေကို သောက်ကြသည်
မြစ်ကြီးသည် အဆုံးမရှိ စီးဆင်းလျက်
မဆုံးနိုင်သော ပျော်ရွှင်မှုကို
ကျွန်ုပ်တို့ မျှဝေခံစားကြ
ကျွန်ုပ်တို့သည် အိမ်နီးချင်းများပါ
ကျွန်ုပ်တို့၏ ချစ်ကြည်မှု အခွန့်ရှည်ကြာခဲ့ပြီ
ထာဝရအမြဲစိမ်းသစ်ပင်တို့လို
ရေသည် ထာဝစဉ် စီးဆင်းမြဲ စီးဆင်းလျက်
ကျွန်ုပ်တို့၏နိုင်ငံများ ဆက်စပ်နေကြ
တောင်ခြေမှာ. . . . မြစ်ဘေးမှာ. . . .
နယ်ချဲ့ဝါဒဆန့်ကျင်ခြင်းဖြင့် လွတ်လပ်ခဲ့ကြ
ကျွန်ုပ်တို့ ငြိမ်းချမ်းစွာပေါင်းစည်းမိခဲ့
ကျွန်ုပ်တို့သည် ပေါက်ဖော်
ကျွန်ုပ်တို့၏ ဘာသာစကားများ ဆက်နွယ်နေကြ
ကျွန်ုပ်တို့စည်းလုံးစွာ အပြန်အလှန်ကူညီနေကြ
ငြိမ်းချမ်းရေးသည်ခွန်အား
မြစ်များဘေးမှာနေထိုင်ရင်း
မြစ်တို့၏ အသက်ရှူသံကို
ကျွန်ုပ်တို့ ချီးမွမ်းခန်းဖွင့်ခဲ့ကြ
တောင်များပေါ်တက်ရင်း
တောင်တို့၏အလှကို ကျွန်ုပ်တို့
တေးဖွဲ့သီဆိုခဲ့ကြ
တောင်များသည် မြောက်ဘက်သို့မျက်နှာမူလျက်
မြစ်သည်တောင်ဘက်သို့ စီးဆင်းလျက်။

ဟူ၍ဖြစ်ပါသည်။

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ လွတ်လပ်ရေးကို ဦးဦးဖျားဖျား စတင်အသိအမှတ်ပြုတာ မြန်မာနိုင်ငံပါ...**

ကျွန်တော်တို့နိုင်ငံသည် (၁၉၄၈) ခုနှစ် စဝင်တာနဲ့ လွတ်လပ်ရေးရပြီး (၁၉၄၉) ခုနှစ်၊ အောက်တိုဘာလ (၁) ရက်နေ့မှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံအဖြစ် လွတ်လပ်ရေးကြေညာခဲ့ပါသည်။ ဤသည်ကို ကျွန်တော်တို့ ပြည်သူနှင့် နိုင်ငံအစိုးရက တရုတ်ပြည်သူ့သမ္မတနိုင်ငံထူထောင်ခြင်းကို အာရှတိုက်ရှိ မည်သည့်နိုင်ငံမှ အသိအမှတ်မပြုသေးမီ ဦးဦးဖျားဖျား (၁၉၄၉) ခုနှစ် ဒီဇင်ဘာလ (၁၈) ရက်နေ့တွင် အသိအမှတ်ပြုခဲ့ပါသည်။ ထိုအချိန်၌ မြန်မာနိုင်ငံမှာ ကွန်မြူနစ်အဖြူနှင့် အနီတွေ အင်အားကြီးမားစွာဖြင့် တည်ဆဲမြန်မာအစိုးရကို ပုန်ကန်တော်လှန်နေချိန်တွင် ကွန်မြူနစ်နိုင်ငံအဖြစ် ပေါ်ထွန်းလာသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံကို သမိုင်းအစဉ်အလာကြီးမားခဲ့သည့် **"အိမ်နီးနားချင်းကောင်းထာဝရမိတ်ဆွေ"** ဟူသောအမြင်ဖြင့် အသိအမှတ်ပြုခဲ့ခြင်းပင်ဖြစ်ပါသည်။ ကမ္ဘာ့ဆိုရိုးစကားတစ်ခုက "You can change friends, but not neighbours" ဖြစ်ပါသည်။ **"မိတ်ဆွေများကို ပြောင်းချင်သလောက်ပြောင်းနိုင်ပါသည်။ သို့သော် သင်မပြောင်းနိုင်တာက အိမ်နီးနားချင်းပါ"**တဲ့။ **"မြန်မာ့စိတ်ရင်းဖြစ်သည့် အိမ်နီးနားချင်းနိုင်ငံများနှင့်ချစ်ကြည်ရင်းနှီးစွာ အတူယှဉ်တွဲနေထိုင်လိုခြင်း"**ကို ဦးဦးဖျားဖျား ပြသလိုက်ခြင်းပါ။ ထိုစိတ်ရင်းသည် ယနေ့တိုင်ရှင်သန်ဆဲပါ။ သားစဉ်မြေးဆက် ရှင်သန်နေအောင်လည်း ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ကြိုးပမ်းနေပါကြောင်းကို ၁၉၉၆ ခုနှစ်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်တွင် **"မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ ကောင်းမွန်သည့်ဆက်ဆံရေးကို သားစဉ်မြေးဆက်တိုင်အောင် ခိုင်မြဲရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိကြောင်း"** ကတိစကားဆိုခဲ့ပါသည်။ မြန်မာ့ခေါင်းဆောင်များ၏ ပညာဉာဏ်ကြီးမြင့်မှုအမြင်က ပြည်တွင်းမှာဒုက္ခပေးနေသည့် ဝါဒတူကွန်မြူနစ်သောင်းကျန်းသူနှင့် အိမ်နီးနားချင်းကောင်းကွန်မြူနစ်အစိုးရကို ခွဲခြားမြင်နိုင်ခဲ့ခြင်းဖြစ်ပါသည်။ ထို့အပြင် **"ဝါဒသည်မမြဲ၊ အိမ်နီးနားချင်းကောင်းသည်သာ ထာဝရတည်မြဲ၏"** ဟု **"ပညာဉာဏ်ကြီးမြင့်မှုအမြင်"** ဖြင့် ရှင်းလင်းစွာကြည့်တတ်ထိုးဖောက်မြင်တတ်ခဲ့ကြခြင်းကြောင့်လည်းဖြစ်ပေသည်။ ယနေ့တော့ မြန်မာခေါင်းဆောင်များ၏ **"ပညာဉာဏ်ကြီးမြင့်မှုအမြင်"**သည် လွန်စွာမှန်ကန်ခဲ့ကြောင်းကို မြန်မာပြည်တွင် ကွန်မြူနစ်ဝါဒကျဆုံးမှုက သက်သေထူနေပါပြီ။

**စာမျက်နှာ ၂၂ သို့**




မန်စီမြို့ ပြတိုက်တွင် ပြသထားသည့် နှစ်နိုင်ငံဝန်ကြီးချုပ်များ ရုပ်လုံးကြွရုပ်တုနှင့် ပန်းချီကားကိုတွေ့ရစဉ်။

**စာမျက်နှာ ၂၁ မှအဆက်**

### ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး (၅)ရပ် ချမှတ်ခဲ့ကြသည့် ဆွေမျိုးပေါက်ဖော် နှစ်နိုင်ငံ

ဒုတိယကမ္ဘာစစ်ကြီးအပြီးမှာ နယ်ချဲ့တွေက သူတို့ရဲ့ ကိုလိုနီနိုင်ငံတွေကို လွတ်လပ်ရေးပေးပြီး လက်လွှတ်ပေးလိုက်ရသည်။ သို့သော် ဆက်လက်လွှမ်းမိုးချုပ်ချယ်ချင်စိတ်က ကြီးမားနေဆဲပါ။ ကိုလိုနီလက်အောက်မှ လွတ်လပ်ရေးရပြီးခါစနိုင်ငံများသည်လည်း ထပ်မံကျွန်ပြုလွှမ်းမိုးခံရမည်ကို စိုးရိမ်နေကြသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် ချူအင်လိုင်းသည် (၂၉. ၆. ၁၉၅၄) ရက်နေ့တွင် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ပြီး **"ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ရပ်"** (The five Principles of Peaceful Coexistence) ကို ကမ္ဘာသို့ နှစ်နိုင်ငံပူးတွဲကြေညာထုတ်ပြန်ခဲ့ပေသည်။ ထိုမူကြီး(၅)ရပ် စတင်ကြေညာသည့် (၁၉၅၄) ခုနှစ်မှ နောင်နှစ်ပေါင်းများစွာအထိ စာနယ်ဇင်းများက **"နိုင်ငံရေးငါးပါးသီလ"** ဟု သုံးစွဲခဲ့ကြပါသည်။ကျွန်တော့်အနေဖြင့် **"ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးငါးပါးသီလ"** ဟုဆိုချင်ပါသည်။ ယင်းတို့မှာ-

(က) နိုင်ငံတစ်နိုင်ငံ၏ ပိုင်နက်နယ်ပယ်တည်တံ့ရေးနှင့် အချုပ်အခြာအာဏာကို အခြားတစ်နိုင်ငံက လေးစားရန်။

(ခ) တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကျူးကျော်ရန်စတိုက်ခိုက်မှုမပြုလုပ်ရန်။

(ဂ) နိုင်ငံတစ်ခု၏ ပြည်တွင်းရေးကိစ္စများကို ဝင်ရောက်စွက်ဖက်မှုမပြုလုပ်ရန်။

(ဃ) နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံ အဆင့်အတန်းချင်းတူညီမှုရှိရန်နှင့် နှစ်ဦးနှစ်ဖက်အကျိုးဖြစ်ထွန်းစေရန်။

(င) နိုင်ငံရေးစနစ်ချင်းကွဲလွဲစေကာမူ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ငြိမ်းချမ်းစွာအတူယှဉ်တွဲဆက်ဆံပေါင်းသင်းနေထိုင်ကြရန်တို့ဖြစ်ပါသည်။

နိုင်ငံအချင်းချင်း ကြီးနိုင်ငယ်ညှဉ်းကင်းကာ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရင်း တန်းတူ ရည်တူဆက်ဆံမှုဖြင့် **"ကျီးကိုဘုတ်ရှိသေ ဘုတ်ကိုကျီးရှိသေမှု"** ဖြစ်ပြီး ဝါဒအရလည်းကောင်း၊ အင်အားအရလည်းကောင်း၊ စီးပွားရေးအရလည်းကောင်း ဗိုလ်ကျမှု၊ ဩဇာလွှမ်းမိုးမှုကင်းဝေးအောင်၊ နိုင်ငံကြီးငယ်အချင်းချင်း မည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးဇုန်တစ်ခုထူထောင်ပြီး **အာရှငြိမ်းချမ်းရေးနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးကို ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း"** တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် ချူအင်လိုင်းက (၁၉၅၄) ခုနှစ်၊ ဒီဇင်ဘာလ (၂) ရက်နေ့ကတည်းကပင် တရားဝင်အလည်အပတ်ရောက်ရှိနေသော မြန်မာနိုင်ငံမှ ဝန်ကြီးချုပ် ဦးနုနှင့်အဖွဲ့ကို ဧည့်ခံသော ညစာစားပွဲတွင် အတိအလင်းကတိပြုပြောကြားခဲ့သည်။ ဦးနုကလည်း အဆိုပါဧည့်ခံပွဲတွင် **"ကျွန်တော်တို့ဟာငြိမ်းချမ်းရေးထိခိုက်စေမည့် ဘယ်လိုအလုပ်မျိုးကိုမှ လုပ်မှာမဟုတ်ပါဘူး၊ မြန်မာနိုင်ငံဟာ တရုတ်နိုင်ငံနှင့် နှစ်နိုင်ငံကြား သံသယပွားစေမည့် အခြားနိုင်ငံ၏ အကူအညီကိုလည်းယူမှာမဟုတ်ပါဘူး"** ဟု ပြန်လည်ပြောကြားခဲ့မှုများက အထက်ပါမူကြီး(၅)ရပ် ခိုင်မြဲအောင် ဆောင်ရွက်နိုင်ခဲ့မှု၏ သာဓကများဖြစ်ပေသည်။

### တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပါဝင်ခွင့်မရရင် မြန်မာနိုင်ငံလည်း မတက်ရောက်နိုင်ပါ

အင်ဒိုချိုင်းနားကျွန်းဆွယ်ဒေသမှာ စစ်ပွဲပြင်းထန်လာချိန်တွင် တတိယကမ္ဘာစစ်အဆင့်ဆီ ကူးစက်သွားမည်ကို စိုးရိမ်ကြသည့် လွတ်လပ်သော အာရှနှင့် အာဖရိကနိုင်ငံ (၂၉) နိုင်ငံသည် အင်ဒိုနီးရှားနိုင်ငံ၊ ဘန်ဒေါင်းမြို့တွင် တတိယကမ္ဘာစစ်မဖြစ်ရေးကို တားဆီးနိုင်ရေးကြိုးပမ်းမည့် ညီလာခံ (Afro- Asian Conference) ကို (၁၉၅၅) ခုနှစ်၊ ဧပြီလ (၁၈) မှ (၂၄) ရက်နေ့အထိ ကျင်းပခဲ့သည်။ အဆိုပါအစည်းအဝေးကို ကွန်မြူနစ်နိုင်ငံဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံကို ဝိုင်းပယ်ထားကြရန် အနောက်အုပ်စုနိုင်ငံများက ကြိုးပမ်းကြသေးသည်။ မြန်မာနိုင်ငံက အဆိုပါအစည်းအဝေးသို့ **"တရုတ်ပြည်သူ့သမ္မတနိုင်ငံတက်ရောက်ခွင့်မရလျှင် မြန်မာနိုင်ငံလည်းတက်ရောက်မည်မဟုတ်ကြောင်း"** ဟုဆိုကာ တောင့်ခံထားပြီး **"အိမ်နီးနားချင်းကောင်းပီသမှု"** မြန်မာ့စိတ်ရင်းကို ထပ်မံပြသခဲ့သည်။ တကယ်တော့ ဘန်ဒေါင်းညီလာခံဖြစ်မြောက်ရေးကို ဦးဆောင်ဆွေးနွေးအဆိုပြုခဲ့ကြသည်မှာ တရုတ်၊ မြန်မာနှင့် အာဖဂန်နစ္စတန်နိုင်ငံတို့ဖြစ်ပါသည်။ ဤသို့ဖြင့် ဘန်ဒေါင်းညီလာခံသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံတက်ရောက်ခွင့်ရခဲ့ပြီး ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး (၁၀) ချက် (A10- points declaration on promotion of world peace and cooperation) ပါ ကြေညာချက်ထွက်ပေါ်လာခဲ့သည်။ ထိုကြေညာချက် (၁၀) ချက်တွင်လည်း တရုတ်-မြန်မာ-အိန္ဒိယတို့၏ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ရပ်သည် အဓိကအခန်းကဏ္ဍမှပါဝင်ခဲ့သဖြင့် ထိုခေတ်တွင် အလွန်ခေတ်စားသည့် ငြိမ်းချမ်းရေးမူ၊ ဘက်မလိုက်ရေးဝါဒဖြစ်ခဲ့ပေသည်။

**တရုတ်-မြန်မာ နှစ်နိုင်ငံဆက်ဆံရေးသည် ဆောင်းပါးအစမှာ ယနေ့နိုင်ငံတော်အကြီးအကဲဖြစ်သည့် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မိန့်ကြားခဲ့သည့် "အိမ်နီးချင်းထက်စိတ်ချရတဲ့ မိတ်ဆွေနိုင်ငံဆိုတာမရှိပါဘူး"၊ "အိမ်နီးချင်းဆိုတာ အရင်းအနီးဆုံးနိုင်ငံဖြစ်ရမယ်"၊ "အိမ်နီးချင်းကောင်းပဲဖြစ်ရမယ်"ဆိုသည့် အိမ်နီးချင်းကျင့်ဝတ်ကောင်းများကို ခေတ်အဆက်ဆက်နှစ်နိုင်ငံခေါင်းဆောင်အမွှန်အမြတ်များနှင့် ပြည်သူများအနေဖြင့် "ဒါတို့သည် ဆွေမျိုးပေါက်ဖော်"၊ "ထာဝရမိတ်ဆွေနိုင်ငံများ"၊ "အမြဲတမ်းမဟာမိတ်ဆက်ဆံရေး"ဟူသည့်အမြင်ဖြင့် ခိုင်မာစွာအကောင်အထည်ဖော်မှုများကြောင့် နှစ်ပေါင်း(၇၀)တိုင်သည်အထိ ခိုင်မြဲခဲ့ခြင်းဖြစ်ပါသည်။**

တန်းတူရည်တူ အပြန်အလှန် လေးလေးစားစားဆက်ဆံနိုင်အောင် တည့်မတ်ပေးသည့် မူကြီး(၅)ရပ်ဖြစ်ပေသည်။ ဤသည်ကို **"တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့်အတူ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ရပ်ကို ခိုင်မာရန် ကြိုးပမ်းသွား**

**တရုတ်-မြန်မာ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ရပ်ကို အမြော်အမြင်ကြီးမားခဲ့ကြသည့် ခေါင်းဆောင်များ စောင့်ထိန်းခဲ့ကြသည်မှာ နှစ်ပေါင်း(၇၀) (၁၉၅၄ ခုနှစ်၊ ဇွန်လ ၂၉ ရက်နေ့မှ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၉ ရက်နေ့အထိ) ပြည့်ပြီဖြစ်ပါသည်။ ထိုချစ်ကြည်ရေးလမ်းခရီးတွင် ခလုတ်တံသင်း ဆူးပြောင့်ကလေးများလည်းရှိခဲ့ပေသည်။ ယာယီတစ်ခဏသဘောပါ။**

### တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကုလသမဂ္ဂအဖွဲ့ဝင်ဖြစ်ရေး ဦးဆောင် အဆိုတင်သွင်းသော နိုင်ငံများတွင် မြန်မာနိုင်ငံပါဝင်ခဲ့

(၁၉၇၁) ခုနှစ်၊ အောက်တိုဘာလ (၁) ရက်နေ့တွင် ကျင်းပသော (၂၆)ကြိမ်မြောက် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံကြီးတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးရာဝန်ကြီး ဦးသောင်းကြည်က မိန့်ခွန်းပြောကြားခဲ့ရာတွင် **"ကမ္ဘာ့လူဦးရေ၏ လေးပုံတစ်ပုံရှိသော တရုတ်ပြည်သူ့သမ္မတနိုင်ငံကို ကုလသမဂ္ဂကြီးတွင် ထိုက်ထိုက်တန်တန်ရပိုင်ခွင့်ရှိသော နေရာမပေးဘဲ၊ တရုတ်နှစ်ပြည်ထောင်ပြဿနာဖန်တီးထားခြင်းမှာ သဘာဝမကျပါကြောင်း၊ မြန်မာကိုယ်စားလှယ်အဖွဲ့အနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဗဟိုအစိုးရအား "တစ်ခုတည်းသော တရုတ်ပြည်၏တရားဝင်အစိုးရ"အဖြစ် အသိအမှတ်ပြုပါကြောင်း၊ ထို့ကြောင့် ကုလသမဂ္ဂတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဥပဒေပါအခွင့်အရေးများပေးအပ်ရေးကို ကျွန်ုပ်တို့တစ်ခါတည်းဆုံးဖြတ်ကြဖို့လိုကြောင်း၊ ဤသို့ဆောင်ရွက်ခြင်းဖြင့် အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ဖြစ်ထွန်းလာမည်ဖြစ်ကြောင်း"** ဟု ထည့်သွင်းမိန့်ကြားခဲ့ပြီး အိမ်နီးချင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ **"တရုတ်တစ်နိုင်ငံတည်းမူဝါဒ" (One China Policy)** ကို ထောက်ခံခဲ့ပါသည်။ ထိုနှစ် အောက်တိုဘာလ (၂၅) ရက်နေ့တွင် ဆက်လက်ကျင်းပသောအထွေထွေညီလာခံတွင် **"တရုတ်ပြည်သူ့သမ္မတနိုင်ငံအား ကုလသမဂ္ဂအဖွဲ့ဝင်အဖြစ်နှင့်တကွ လုံခြုံရေးကောင်စီဝင်အဖြစ်လက်ခံရေး"** အဆိုကို မြန်မာနိုင်ငံအပါအဝင် အဖွဲ့ဝင် (၂၃) နိုင်ငံက ဦးဆောင်တင်သွင်းခဲ့ရာ ထောက်ခံမဲ (၇၆) မဲ၊ ကန့်ကွက်မဲ (၃၅) မဲ၊ ကြားနေ (၁၅) မဲဖြင့် အနိုင်ရရှိခဲ့သဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့သည်။ နယ်နိမိတ်ချင်း မိုင်ပေါင်းတစ်ထောင်ကျော်ဆက်စပ်နေသော နှစ်နိုင်ငံ၏ ဆောင်းပါးအစတွင် သမ္မတကြီး ကျန်ဇီမင်းမိန့်ကြားခဲ့သည့် **"နှစ်ပေါင်း (၂၀၀၀) ကျော်ခိုင်မြဲခဲ့သည့် အိမ်နီးနားချင်းကောင်း၏ ချစ်ကြည်မှုစိတ်ထား"** ကို **"မိမိ၏ အိမ်နီးနားချင်းနိုင်ငံအား ကမ္ဘာ့အလယ်အနှိမ်ခံဘဝရောက်နေခြင်းမှ နိုင်ငံတကာတန်းတူရည်တူအဆင့်ဆီသို့ရောက်အောင် ဆွဲတင်ခြင်းလုပ်ငန်းတွင် ပါဝင်လိုက်ခြင်း"** ဖြင့် မြန်မာနိုင်ငံက သက်သေထူပြခဲ့ပါသည်။

### ခလုတ်တံသင်းများကြောင့် "ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးငါးပါးသီလ" မကျိုးပေါက်ခဲ့ပါ

တရုတ်-မြန်မာ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ရပ်ကို အမြော်အမြင် ကြီးမားခဲ့ကြသည့် ခေါင်းဆောင်များ စောင့်ထိန်းခဲ့ကြသည်မှာ နှစ်ပေါင်း (၇၀) (၁၉၅၄ ခုနှစ်၊ ဇွန်လ ၂၉ ရက်နေ့မှ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၉ ရက်နေ့အထိ) ပြည့်ပြီဖြစ်ပါသည်။ ထိုချစ်ကြည်ရေးလမ်းခရီးတွင် ခလုတ်တံသင်း ဆူးပြောင့်ကလေးများလည်းရှိခဲ့ပေသည်။ ယာယီတစ်ခဏသဘောပါ။ ဥပမာအားဖြင့် မြန်မာနိုင်ငံကို တော်လှန်ပုန်ကန်သော "ဗမာပြည်ကွန်မြူနစ်ပါတီ (ဗကပ) သောင်းကျန်းသူများ" သည် တရုတ်ကွန်မြူနစ်ပါတီကို ချဉ်းကပ်အကူအညီရယူမှုဖြစ်သည်။ (၁၉၅၃) ခုနှစ်လောက်တွင် ရဲဘော်အောင်ကြီးက စတင်ဆက်သွယ်ခဲ့ပြီးနောက်ပိုင်းမှာ မြန်မာပြည်ကွန်မြူနစ်ပါတီခေါင်းဆောင်အတော်များများက တရုတ်ပြည်သို့ သွားရောက်ခဲ့ပါသည်။ တရုတ်ကွန်မြူနစ်ပါတီသည် ဝါဒရေးရာမှာ မြန်မာပြည်ကွန်မြူနစ်ပါတီ၏ ဆရာတစ်ဆူဖြစ်လာပါသည်။ သို့သော် **"ကွန်မြူနစ်ပါတီအချင်းချင်း ဝါဒရေးရာအကူအညီပေးမှု"** နှင့် **"နှစ်ပြည်ထောင် ထီးဆောင်းမင်းအချင်းချင်း တရားဝင် သံတမန်ဆက်ဆံမှုသည်"** အလွန်ပင်ကွာခြားခဲ့ပါသည်။ နှစ်နိုင်ငံထီးဆောင်းမင်းအချင်းချင်းတို့၏ ဆက်ဆံရေးက **"ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ရပ်၏ ရွှေထီးအောက်တွင် မားမားမတ်မတ်ရပ်တည်ခြင်းပါ"**၊ **"ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေး ငါးပါးသီလ"**ကို လုံးဝအကျိုးမခံခဲ့ပါ။ ထိုမူကိုမထိခိုက်စေအောင် ယနေ့အချိန်ထိ ထိန်းသိမ်းနေဆဲပါ။ (၁၉၇၈) ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဒုတိယဝန်ကြီးချုပ် **"တိန်ရှောက်ဖိန်"** မြန်မာနိုင်ငံသို့အလည်လာပြီး **"ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ရပ်နှင့်အတူ နှစ်နိုင်ငံဆက်ဆံသွားပါမည်"**ဟု ထပ်မံအတည်ပြုခဲ့ပြီးဖြစ်ပါသည်။ ယခုနှင့် နောင်အခါတွင်လည်း အသေးအဖွဲ ခလုတ်တံသင်းများရှိကောင်းရှိနိုင်သော်လည်း **"နှစ်နိုင်ငံခေါင်းဆောင်ကြီးများ အမြော်အမြင်ကြီးစွာတည်ဆောက်ခဲ့သည့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ရပ်၏ "ချစ်ကြည်ရေးနှင့် ငြိမ်းချမ်းရေးမဏ္ဍိုင်" လှုပ်ခါသွားလောက်သည်အထိတော့မရှိနိုင်"** ဟုမြင်မိပါကြောင်း ဆရာကြီးသိန်းဖေမြင့်က(၁၉၆၇) ခုနှစ်ကတည်းက သုံးသပ်ခဲ့ပါသည်။ ယင်းသုံးသပ်ချက် မှန်ကန်၍သာ ယခုအခါ သက်တမ်း (၇၀) ပြည့်ခဲ့ခြင်းပါ။

ဤသို့အောင်မြင်ရခြင်းမှာ ဝန်ကြီးချုပ် ချူအင်လိုင်း၏ **"တရုတ်-မြန်မာ နှစ်နိုင်ငံအစိုးရတို့ နှစ်ပေါင်းများစွာ တစ်သမတ်တည်း ဂရုတစိုက်စူးစမ်းကြံဆခဲ့ကြပုံ၊ တက်ကြွမှုရှိစွာချဉ်းကပ်ခဲ့ကြပုံတို့ကို ကျွန်တော်တို့ဝမ်းမြောက်ကြည်နူးစွာ ပြန်လည်သုံးသပ်ကြည့်နိုင်ကြပါပြီ။ လမ်းဟာ တစ်ခါတစ်ခါ ညီညာပြေပြစ်ပြီး တစ်ခါတစ်ခါ ချိုင့်တွေဖြစ်နေပေမယ့် မိုးကောင်းကင်ဟာ တစ်ခါတစ်ခါ မိုးသားကင်းစင်ကြည်လင်နေပြီး တစ်ခါတစ်ခါ မိုးသားတွေအုံ့နေပေမယ့် ကျွန်တော်တို့ကတော့ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ရပ် ရှေ့ဆောင်ညွှန်ပြရာလမ်းအတိုင်း သဘောထားကွဲလွဲမှုတွေကို ဖြေရှင်း၊ အဆီးအတားကိုဖယ်ရှားရင်း စွဲစွဲမြဲမြဲ မယိမ်းမယိုင် ရှေ့သို့ချီတက်ခဲ့ကြတာချည်းပါပဲ။ အခုဆိုရင် ကျွန်တော်တို့တစ်တွေဟာ ချစ်ကြည်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးအထွတ်အထိပ်ဆီသို့ လက်တွဲပြီး တက်လှမ်းရောက်ရှိခဲ့ကြပါပြီ။ ကျွန်တော်တို့နှစ်နိုင်ငံ ပြည်သူပြည်သားတွေရဲ့** **စာမျက်နှာ ၂၃ သို့**

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|
| (၁) ဦးဇော်ထွန်းဦး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>သံတမန်ရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>သံတမန်ရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |
| (၂) ဦးကျော်ညွန့်ဦး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့်<br>စီးပွားရေးဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |
| (၃) ဦးကိုကိုနိုင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန<br>ပြန်ကြားရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန<br>ပြန်ကြားရေးဝန်ကြီးဌာန |

# ကျောင်းနေအရွယ်ကလေးအားလုံး အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်မြင်အောင်သင်ယူရေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာအလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင် သင်ကြားနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အခြေခံပညာအထက်တန်းအဆင့်၊ စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့်ပညာရေးလမ်းသွယ်(၄)မျိုးကို ဆက်လက်သင်ကြားနိုင်မည်ဖြစ်ပါသည်။ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များကို တွဲဖက်သင်ကြားပေးမည့် အခြေခံပညာအထက်တန်းကျောင်းများကို ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ၅၁ ကျောင်းဖွင့်လှစ်ခဲ့ပြီး ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် ၃၄ ကျောင်း ထပ်မံဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းနေအရွယ်ကလေးအားလုံး အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်သင်ယူနိုင်ရေး တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

# ၂၀၂၄ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်




၂၀၂၄ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ဘောလုံးပြိုင်ပွဲ အဖွင့်ပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်

**နေပြည်တော် ဇွန် ၂၈**

ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ညနေပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ရှိ နယ်မြေခံလေတပ်စခန်းဌာနချုပ် ဘောလုံးအားကစားကွင်း၌ ပြုလုပ်ရာ လေတပ်စခန်းဌာနချုပ်မှူး၊ မိတ္ထီလာတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(လေ) ကိုယ်စား နယ်မြေခံလေတပ်စခန်းဌာနချုပ်မှူးက အဖွင့်အမှာစကား ပြောကြားပြီးနောက် ပြိုင်ပွဲအဖွင့်ပွဲစဉ်ဖြစ်သည့် မိတ္ထီလာမြို့ နယ်မြေခံလေတပ်စခန်းဌာနချုပ်အသင်းနှင့် နမ့်စန်လေတပ်စခန်းဌာနချုပ်အသင်းတို့၏ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ၂၀၂၄ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်းဘောလုံးပြိုင်ပွဲကို တပ်မတော်(လေ)ကွပ်ကဲမှုအောက်ရှိ လေတပ်စခန်းဌာနချုပ် ကိုးခုနှင့် လေတပ်စခန်းသုံးခုတို့မှ စုစုပေါင်း ကိုယ်စားပြုအသင်း ၁၂ သင်းကို အုပ်စု လေးစုခွဲပြီး ဇူလိုင် ၁၂ရက်ထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(၅၀၁)**

# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြန်လည်တူးဖော်ပြုပြင် ထိန်းသိမ်းလျက်ရှိသော ရှေးဟောင်းရေကန်များအတွက် ပါဝင်လှူဒါန်းနိုင်

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြည်တွင်း၊ ပြည်ပကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်များနှင့် ကမ္ဘာ့အမွေအနှစ်စံနှုန်းများနှင့်အညီ ပြန်လည်တူးဖော်ပြုပြင် ထိန်းသိမ်းလျက်ရှိသော ပထမအဆင့် ရှေးဟောင်းရေကန် ၄၆ ကန်နှင့် ဒုတိယအဆင့် ရှေးဟောင်းရေကန် ၄၅ ကန်တို့အတွက် ပါဝင်လှူဒါန်းလိုပါက **ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(စီမံ/ဘဏ္ဍာဌာနခွဲ) နေပြည်တော် ဖုန်း ၀၉-၄၄၄၀၄၇၁၂၃၊ ၀၆၇- ၃၄၀၈၄၁၈၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ရန်ကုန်ဌာနခွဲ ဖုန်း ၀၉-၅၀၆၁၈၃၂၊ ၀၁-၇၅၁၃၈၉၇၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲ ဖုန်း ၀၉-၂၀၀၂၁၉၅၊ ၀၂-၄၀၆၀၀၆၁၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲ ဖုန်း ၀၉-၂၀၀၁၉၀၆၊ ၀၆၁-၂၄၆၀၂၆၉ တို့သို့လည်းကောင်း၊ KBZ Bank NYAUNG OO BRANCH Account No-06713906701442701** သို့လည်းကောင်း ပေးပို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက အသိပေးနှိုးဆော်ထားသည်။ **(သတင်းစဉ်)**

# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ

**နေပြည်တော် ဇွန် ၂၈**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ခွင့်ပြုချက်ဖြင့် Chin Dwin Shan Construction Co., Ltd.ကတင်သွင်းလာသော တရုတ်နိုင်ငံထုတ် Faw Toyota bZ4X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊Unitrust Enterprise Group Co., Ltd.ကတင်သွင်းလာသော တရုတ်နိုင်ငံထုတ် Aiqari Car 03 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် Aiqar eQ7 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Mandalar Minn Trading & Transportation Co., Ltd. က တင်သွင်းလာသော Asiastar အမှတ်တံဆိပ် လျှပ်စစ်သုံးခရီးသည်တင်ယာဉ်နှင့် Myanmar Arr Thit Man Motor Co., Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် AIMA အမျိုးအစား လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်သည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**စာမျက်နှာ ၂၂ မှအဆက်**

**အရင်းခံအကျိုးနဲ့ ကမ္ဘာ့ငြိမ်းချမ်းရေးရဲ့ အရင်းခံအကျိုးတို့အတွက် အဖိုးထိုက်တန်တဲ့ အကျိုးများကိုပြုခဲ့ကြပါပြီ။ အာရှနိုင်ငံများ ချစ်ကြည်ရေးစည်းလုံးရေးအတွက် အောင်မြင်တဲ့ စံနမူနာကို ထူပြခဲ့ပါပြီ"** ဟူသောစကားအတိုင်း မူကြီး (၅) ရပ်၏ ကောင်းကျိုးပြုမှုဘောင်အတွင်းမှ ခေတ်အဆက်ဆက်ခေါင်းဆောင်များ ဆက်လက်လျှောက်လှမ်းခဲ့ကြ၍ ဖြစ်ပါသည်။

ချစ်ကြည်ရေးခရီးတစ်လျှောက်တွင်လည်း နှစ်နိုင်ငံဆက်ဆံရေးသည် ယာယီသဘောဆောင်သည့် ပါးပါးလျလျ မိုးအုံ့မှိုင်းမှုများ ကွက်ကျားကွက်ကျား ရှိကောင်းရှိနိုင်သော်လည်း အစဉ်အဆက် နှစ်နိုင်ငံခေါင်းဆောင်ကြီးများ၏ အမြော်အမြင်ကြီးမားမှုဖြင့် တည်ဆောက်ခဲ့သည့် **"ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ရပ်"** တစ်နည်းအားဖြင့် **"ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးငါးပါးသီလ"** ကိုတော့ မယိုင်နဲ့အောင် မကျိုးပေါက်အောင် ကြိုးစားထိန်းသိမ်းနေကြသည်ဆိုတာကို နှစ်ပေါင်း(၇၀)တည်မြဲမှုက သက်သေခံလျက်ရှိပေသည်။ (၂၀၂၀) ပြည့်နှစ် ဇန်နဝါရီလ (၁၇) ရက်နေ့တွင် မြန်မာနိုင်ငံသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတကြီး **"ရှီကျင့်ဖျင်"** လာရောက်လည်ပတ်စဉ်ကလည်း **"တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် မြန်မာနိုင်ငံနှင့်အတူ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ရပ်ကို ပြန့်ပွားစေပြီး လက်တွေ့ကျင့်သုံးသည့် စံနမူနာအဖြစ်ဆောင်ရွက်ရန်၊ နိုင်ငံအချင်းချင်းကူးလူးဆက်ဆံမည့် စံနမူနာအဖြစ်ရပ်တည်ရန်၊ နိုင်ငံတကာအသိုက်အဝန်းမှ လူသားကံကြမ္မာတူအသိုက်အဝန်းလက်တွဲတည်ဆောက်မှုအား တွန်းအားပေးရန်ဆန္ဒရှိပါကြောင်း"** ပြောကြားမှုက ထပ်မံသက်သေထူနေပါသည်။ ထိုအချိန်က မြန်မာနိုင်ငံ၏ နိုင်ငံတော်သမ္မတတာဝန် ထမ်းဆောင်သူကလည်း **"ထိုမူကြီး (၅) ရပ်ကို အခြေခံပြီး တည်ဆောက်ခဲ့သည့် မိမိတို့နှစ်နိုင်ငံဆက်ဆံရေးသည် ပိုမိုတိုးတက်ခိုင်မာလာပြီး (၂၀၁၁) ခုနှစ်တွင် မိမိတို့နှစ်နိုင်ငံအကြား ဆက်ဆံရေးကို ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးသို့ တိုးမြှင့်နိုင်ခဲ့ကြောင်း"** ပြန်လည်ပြောကြားမှုများက မူကြီး(၅)ရပ်ကို နှစ်နိုင်ငံခေါင်းဆောင်များက လေးစားလိုက်နာခဲ့ကြကြောင်း ထင်ရှားသည့်သာဓကပါ။

အချုပ်အားဖြင့် တရုတ်-မြန်မာနှစ်နိုင်ငံဆက်ဆံရေးသည် ဆောင်းပါးအစမှာ ယနေ့နိုင်ငံတော်အကြီးအကဲဖြစ်သည့် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်မိန့်ကြားခဲ့သည့် **"အိမ်နီးချင်းထက် စိတ်ချရတဲ့မိတ်ဆွေနိုင်ငံဆိုတာ မရှိပါဘူး"**၊ **"အိမ်နီးချင်းဆိုတာ အရင်းအနှီးဆုံးနိုင်ငံဖြစ်ရမယ်"**၊ **"အိမ်နီးချင်းကောင်းပဲဖြစ်ရမယ်"** ဆိုသည့် အိမ်နီးချင်းကျင့်ဝတ်ကောင်းများကို ခေတ်အဆက်ဆက် နှစ်နိုင်ငံခေါင်းဆောင် အမွှန်အမြတ်များနှင့် ပြည်သူများအနေဖြင့် **"ငါတို့သည်ဆွေမျိုးပေါက်ဖော်"**၊ **"ထာဝရမိတ်ဆွေနိုင်ငံများ"**၊ **"အမြဲတမ်းမဟာမိတ်ဆက်ဆံရေး"** ဟူသည့်အမြင်ဖြင့် ခိုင်မာစွာအကောင်အထည်ဖော်မှုများကြောင့် နှစ်ပေါင်း (၇၀) တိုင်သည်အထိ ခိုင်မြဲခဲ့ခြင်းဖြစ်ပါသည်။ **"ဤချစ်ကြည်ငြိမ်းချမ်းရေးငါးပါးသီလ"**၊ **"ဤအိမ်နီးနားချင်းကောင်းကျင့်ဝတ်"**၊ **"ဤခိုင်မာသည့် ဆွေမျိုးပေါက်ဖော်စိတ်ရင်းအမွန်အမြတ်"** တို့သည် နှစ်နိုင်ငံအပြန်အလှန်ချစ်ကြည်လေးစားယုံကြည်မှုကို ဒုတိယနဝဒေးကြီး၏ မော်ကွန်းမှာရေးထိုးခဲ့သည့် **"တရုတ်မြန်မာ၊ မင်းတို့မှာလျှင်၊ ကမ္ဘာရှည်မြေ့၊ မြေမရွေ့သို့"** ဟူသည့် အစဉ်အလာကောင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မာရှယ် "ချင်ယီ" ၏ (၁၉၅၆) ခုနှစ်တွင်ရေးသားခဲ့သည့် **"မြန်မာပြည်မှ မိတ်ဆွေများအတွက်"** ကဗျာမှ **"ကျွန်ုပ်တို့သည် အိမ်နီးချင်းများပါ၊ ကျွန်ုပ်တို့၏ ချစ်ကြည်မှု အစွန့်ရှည်ကြာခဲ့ပြီ"** ဟူသည့် **"ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ကြသည့် အိမ်နီးနားချင်းကောင်းများဘဝဖြင့် ဒေသတွင်းအေးချမ်းတည်ငြိမ်မှု"** ကို ဆက်လက်ခိုင်မြဲစွာ ထိန်းသိမ်းနေကြလိမ့်မည်ဟု ယုံကြည်မိပါကြောင်းနှင့် ထိန်းသိမ်းခဲ့ကြသည့် ထိန်းသိမ်းနေဆဲ နှစ်နိုင်ငံခေါင်းဆောင် အမွန်အမြတ်များအား လေးစားစွာဖြင့် ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

ဒေါက်တာမောင်သင်း

# အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ အဖွင့်ပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

**နေပြည်တော် ဇွန် ၂၈**

အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ၂၀၂၄ ခုနှစ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နယ်မြေခံတပ်နယ်အားကစားကွင်း၌ ပြုလုပ်ရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူတစ်ဦးက အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများနှင့်အတူ ပြိုင်ပွဲဝင်အသင်းများ၏ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်းဘောလုံးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၁၂ သင်းဖြင့် ဇူလိုင် ၁၂ ရက်ထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)

## ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ခင်ဝိုင်းကျေးရွာ ခင်ဝိုင်းကျောင်းတိုက် ဦးစီးပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယ ဘဒ္ဒန္တဉာဏဝံသ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ဘဝနတ်ထံပျံလွန်တော်မူ

**နေပြည်တော် ဇွန် ၂၈**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ခင်ဝိုင်းကျေးရွာ ခင်ဝိုင်းကျောင်းတိုက် ဦးစီးပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယ ဘဒ္ဒန္တဉာဏဝံသ(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) သက်တော် ၈၀ နှစ် သိက္ခာတော် ၆၀ ဝါရှိ မဟာထေရ်မြတ်ကြီးသည် ၁၃၈၆ ခုနှစ် နယုန်လပြည့်ကျော် ၆ ရက် ဇွန် ၂၇ ရက် ကြာသပတေးနေ့ ည ၆ နာရီ ၇ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်းနှင့် ၁၃၈၆ ခုနှစ် နယုန်လပြည့်ကျော် ၁၄ ရက် ဇူလိုင် ၅ ရက် သောကြာနေ့ မွန်းတည့် ၁၂ နာရီတွင် အန္တိမဈာပနကျင်းပမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များကို မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ဘားအံမြို့နယ်တွင် ငွေကျပ် ၂ ဒသမ ၃၄ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂၈**

ဇွန် ၂၆ ရက် မွန်းလွဲ ၁၂ ခွဲတွင် ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဘားအံမြို့နယ် လှာကာကျေးရွာအုပ်စု လှာကာကျေးရွာရှိ သန်းဦး(ခ)မောင်ကျော်ပိုင်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၅ပြား သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မွန်းလွဲ ၁နာရီခွဲတွင် တစ်ရွာတည်းနေသူများဖြစ်သည့် စောမြင့်အေး(ခ) ယောက်ချို၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၁၉၄ ပြားကိုလည်းကောင်း၊ မွန်းလွဲ ၂ နာရီခွဲတွင် မနန်းမြင့်မြင့်ခင်၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀၀ ကို လည်းကောင်း၊ ည ၆ နာရီတွင် ဘားအံမြို့နယ် ကော့ထမ့်လိန်းကျေးရွာအုပ်စု ကော့ထမ့်လိန်းကျေးရွာရှိ မနန်းဝင်းခင်၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းအား မတွေ့ရှိဘဲ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၈၀၀၀၀ ကိုလည်းကောင်း အသီးသီး သိမ်းဆည်းရမိခဲ့သဖြင့် သန်းဦး(ခ) မောင်ကျော်ပိုင် ၄၅နှစ်၊ စောမြင့်အေး(ခ) ယောက်ချို ၅၂နှစ်၊မနန်းမြင့်မြင့်ခင် ၅၄နှစ်နှင့် မနန်းဝင်းခင်(ဖမ်းမမိ)တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

(၅၀၁)



# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၂၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များက တစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့်ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများကတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇွန် ၂၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Tin Zar Hlaing” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၂၂)ရပ်ကွက်နေ တင်ဇာလှိုင်အားမွန်းလွဲ၁၂ နာရီ မိနစ် ၄၀တွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

(၅၀၁)

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လုသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# အမေရိကန်နိုင်ငံ အလက်စကာပြည်နယ်တွင် တောမီးလောင်ကျွမ်းနေခြင်းကြောင့် အီလိုက်အဝေးပြေးလမ်းမကြီးကို ယာယီပိတ်ထား



**ဝါရှင်တန် ဇွန် ၂၈**

အမေရိကန်နိုင်ငံ အလက်စကာပြည်နယ်ရှိ မိုင်ပေါင်း ၁၅၂ မိုင်ရှည်လျားသော အီလိုက်လမ်းမကြီး အနီးတွင် တောမီးပြင်းထန်စွာ လောင်ကျွမ်းနေပြီး အဝေးပြေးလမ်းမကြီးတစ်လျှောက် မီးခိုးငွေ့များဖုံးလွှမ်းနေခြင်းကြောင့် အီလိုက်အဝေးပြေးလမ်းမကြီးကို ယာယီပိတ်ထားကြောင်း အလက်စကာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

တောမီးလောင်ကျွမ်းမှုသည် အန်ကောရေ့မြို့ ဧရိယာအတွင်းရှိ အီလိုက်အဝေးပြေးလမ်းမကြီးဧရိယာအနီးတွင် လောင်ကျွမ်းနေခြင်းဖြစ်ပြီး တောမီးလောင်ကျွမ်းမှုအရှိန်ပြင်းထန်ကာ လူနေအိမ်များကို ခြိမ်းခြောက်နိုင်သည့် အခြေအနေဖြစ်ကြောင်း အလက်စကာပြည်နယ် မီးသတ်တပ်ဖွဲ့က သတိပေးချက်ထုတ်ပြန်ခဲ့သည်။

"အီလိုက်အဝေးပြေးလမ်းမကြီး အနီးမှာ တောမီးအရှိန်ပြင်းထန်စွာ လောင်ကျွမ်းနေပါတယ်။ တောမီးလောင်ကျွမ်းမှုကနေ ထွက်ပေါ်လာတဲ့မီးခိုးငွေ့တွေကြောင့် တောမီးကို ထိန်းချုပ်ဖို့ ကြိုးစားနေတဲ့ မီးသတ်တပ်ဖွဲ့ဝင်တွေအတွက် ကန့်သတ်ချက်ရှိနေသလို အီလိုက်အဝေးပြေးလမ်းမကြီးကို အသုံးပြုဖို့ဆိုတာလဲ အရမ်းကို အန္တရာယ်များပါတယ်။ ဒါကြောင့် အီလိုက်အဝေးပြေးလမ်းမကြီးကို ယာယီပိတ်ထားပါတယ်။ တောမီးဟာ အီလိုက်အဝေးပြေးလမ်းမကြီးဆီကိုပါ ကူးစက်လာနိုင်တယ်။ ဒါ့ပြင် အန်ကောရေ့မြို့က လူနေအိမ်တွေကိုပါ ခြိမ်းခြောက်လာနိုင်တဲ့ အခြေအနေဖြစ်ပါတယ်"ဟု အလက်စကာပြည်နယ် မီးသတ်တပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အလက်စကာပြည်နယ်တွင် တောမီးလောင်ကျွမ်းမှုမှာ ဇွန် ၂၅ ရက်က စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး ဇွန် ၂၇ ရက်တွင် အီလိုက်လမ်းမကြီးအနီးသို့ ကူးစက်ရောက်ရှိလာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : Sai Sat**

# မျိုးသုဉ်းလုနီးပါး ခြိမ်းခြောက်ခံနေရသော မျိုးစိတ် ၁၀၀၀ ကျော် ထပ်မံတိုးလာ

**လန်ဒန် ဇွန် ၂၈**

မျိုးသုဉ်းလုနီးပါးမျိုးစိတ်ထဲတွင် တောရိုင်းတိရစ္ဆာန် မျိုးစိတ်ပေါင်း ၄၅၀၀၀ ကျော်ရှိပြီး ယခုအခါ မျိုးသုဉ်းလုနီးပါး ခြိမ်းခြောက်ခံနေရသောမျိုးစိတ် ၁၀၀၀ ကျော် ထပ်မံတိုးလာကြောင်း အပြည်ပြည်ဆိုင်ရာသဘာဝထိန်းသိမ်းရေးအဖွဲ့ (IUCN)က ထုတ်ပြန်ထားသည်ဟု ယနေ့သတင်းများအရ သိရသည်။

ရာသီဥတု ဖောက်ပြန်မှု၊ ကျူးကျော်မျိုးစိတ်များနှင့် လူတို့၏ မဆင်မခြင် လုပ်ဆောင်မှုများဖြစ်သည့် တရားမဝင်တောရိုင်းတိရစ္ဆာန်များ အမဲလိုက်ဖမ်းဆီးကုန်သွယ်မှုနှင့် အခြေခံအဆောက်အအုံများ တိုးချဲ့ခြင်းကြောင့် စားကျက်မြေများ ရှားပါးလာမှုတို့ကြောင့် တောရိုင်းတိရစ္ဆာန်မျိုးစိတ်များ မျိုးသုဉ်းလုနီးပါးဖြစ်လာခြင်းဖြစ်ကြောင်း၊ ခြိမ်းခြောက်ခံနေရသော မျိုးစိတ်များ၏ အနီရောင်စာရင်းကို ဇွန် ၂၇ ရက်က ထုတ်ပြန်ခဲ့ကြောင်း အပြည်ပြည်ဆိုင်ရာသဘာဝထိန်းသိမ်းရေးအဖွဲ့ (IUCN) ၏အဆိုအရ သိရသည်။

မှောင်ခိုဖမ်းဆီးမှုများကြောင့် ဥရောပနှင့် အာရှတွင် ဆင်အကောင်ရေများ ကျဆင်းလာကြောင်း၊ လေ့လာဆန်းစစ်ချက်အရ တောရိုင်းဆင်အကောင်ရေ ၁၀၀၀ ခန့်သာကျန်ရှိတော့ကြောင်း၊ သစ်တောများ အလွန်အကျွံခုတ်ထွင်မှုကြောင့် ဆင်များနေထိုင်ရာ အများအပြားပျက်စီးသဖြင့် ပြီးခဲ့သည့် ၇၅ နှစ်အတွင်း ဆင်အကောင်ရေလျော့နည်းသွားကြောင်း၊ ထို့ပြင် သတ္တုတူးဖော်ခြင်းနှင့် အခြေခံအဆောက်အအုံများဖွံ့ဖြိုးတိုးတက်လာခြင်း၊ စိုက်ပျိုးရေးဓာတုပစ္စည်းများ အသုံးပြုခြင်းကလည်း တောရိုင်းမျိုးစိတ်များစွာကို ခြိမ်းခြောက်နေကြောင်း အပြည်ပြည်ဆိုင်ရာ သဘာဝထိန်းသိမ်းရေးအဖွဲ့ (IUCN) ၏ ထုတ်ပြန်ချက်အရ သိရသည်။

**Ref : Sputnik News**

**Trs : KZ**

# ဆော်ဒီအာရေဗျနိုင်ငံတွင် အပူလှိုင်းကျရောက်မှုကြောင့် ဟာ့ဂ်ျဘုရားဖူးပြည်သူ သေဆုံးသူဦးရေ ၁၃၀၀ ထိရှိလာ

**ရီးယာဒ် ဇွန် ၂၈**

ဆော်ဒီအာရေဗျနိုင်ငံတွင် အပူလှိုင်းကျရောက်မှုကြောင့် ယခုလအတွင်း ကျင်းပနေသော ဟာ့ဂ်ျဘာသာရေးပွဲတွင် ဟာ့ဂ်ျဘုရားဖူးပြည်သူ သေဆုံးသူဦးရေ ၁၃၀၀ ထိရှိလာပြီး ရာသီဥတုဖောက်ပြန်မှုသည် ဘာသာရေးပွဲတော်ကျင်းပနေစဉ်ကာလအတွင်း ပိုမိုဆိုးရွားလာနိုင်ကြောင်း ဥရောပသိပ္ပံပညာရှင်အဖွဲ့တစ်ဖွဲ့က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဆော်ဒီအာရေဗျနိုင်ငံ လမ်းများပေါ်တွင် ဇွန် ၁၆ ရက်မှ ၁၈ ရက်အတွင်း အပူချိန် ၄၉ ဒီဂရီစင်တီဂရိတ်ကျော်ရှိခဲ့သော်လည်း လူများစုဝေးရာ မက္ကာရှိ ဗလီကြီးတွင် အပူချိန်သည် လူအစုအဝေးကြောင့် ၅၁ ဒသမ ၈ ဒီဂရီစင်တီဂရိတ်ကျော်ထိ မြင့်တက်ခဲ့ကြောင်း၊ လူများစုဝေးမှုကြောင့် ဖြစ်ပေါ်လာသော ရာသီဥတုပြောင်းလဲမှုသည် သာမန်အပူချိန်ထက် ခန့်မှန်းခြေအားဖြင့် ၂ ဒသမ ၅ ဒီဂရီစင်တီဂရိတ် ပိုမြင့်နိုင်ကြောင်း သိရသည်။

ဆော်ဒီအာရေဗျနိုင်ငံတွင် အလားတူ အပူချိန်မြင့်တက်မှုကြောင့် လူသေဆုံးရသည့်ဖြစ်ရပ်မျိုး မေလက ဖြစ်ပွားခဲ့ဖူးသော်လည်း ဇွန်လတွင် ပိုမိုပြင်းထန်သော အပူလှိုင်းဖြတ်သန်းမှုနှင့် ကြုံတွေ့နေရခြင်းကြောင့် ယခုကဲ့သို့ လူသေဆုံးမှု မြင့်တက်လာခြင်းဖြစ်ကြောင်း၊ ရုပ်ကြွင်းလောင်စာ ထုတ်လုပ်မှုများက ယခုကဲ့သို့ ရာသီဥတုဖောက်ပြန်မှုများကို ဖြစ်ပေါ်စေခြင်းဖြစ်ကြောင်း Clima Meter ၏ ရာသီဥတုဆိုင်ရာခွဲခြမ်းစိတ်ဖြာမှုအရ သိရသည်။



**Ref : Sputnik News**

**Trs : KZ**

# ဟောင်ကောင်တွင် အပူချိန်မြင့်တက်မှုဖြစ်ပေါ်နေပြီး ၂၀၁၆ ခုနှစ်နောက်ပိုင်း ရက်အရှည်ကြာဆုံး အပူချိန်မြင့်တက်မှုအဖြစ် မှတ်တမ်းဝင်ခဲ့

**ဟောင်ကောင် ဇွန် ၂၈**

ဟောင်ကောင်တွင် အပူလှိုင်းဖြတ်သန်းကာ အပူချိန်မြင့်တက်မှုဖြစ်ပေါ်နေပြီး အပူချိန်မြင့်တက်မှုမှာ ကိုးရက်ကျော်လွန်လာခဲ့ပြီဖြစ်ရာ ၂၀၁၆ ခုနှစ်နောက်ပိုင်း ရက်အရှည်ကြာဆုံး အပူချိန်မြင့်တက်မှုအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း ဟောင်ကောင်မိုးလေဝသဌာနကြီးကြားရေးဦးစီးဌာနက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အပူချိန်ပမာဏမှာ ၃၄ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်ခဲ့ပြီး ရက်ရှည်အပူချိန် မြင့်တက်ခဲ့ကြောင်း၊ မြင့်တက်နေသည့် အပူချိန်ပမာဏမှာ ၁၉၈၀ ပြည့်နှစ်နောက်ပိုင်း အမြင့်ဆုံးအပူချိန်ပမာဏတစ်ရပ်အဖြစ်လည်း မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

"ဟောင်ကောင်မှာ အပူချိန်မြင့်တက်မှုဖြစ်ပေါ်နေတာ ကိုးရက်ကျော်လာပါပြီ။ ၂၀၁၆ ခုနှစ်နောက်ပိုင်း ရက်အရှည်ဆုံးအပူချိန်မြင့်တက်မှုဖြစ်ပါတယ်။ အပူချိန်ပမာဏဟာလဲ ၃၄ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေပြီး အပူချိန်မြင့်တက်မှုကာလဟာ ပိုရှည်သွားနိုင်ပါတယ်"ဟု ရာသီဥတုလွန်ကဲမှုဆိုင်ရာစီမံခန့်ခွဲရေးအဖွဲ့အစည်း၏ ပြောရေးဆိုခွင့်ရှိသူ ချန်ယွမ်က ပြောကြားခဲ့သည်။

သက်ကြီးရွယ်အိုများ အပူလျှပ်သည့်ဖြစ်စဉ်မျိုးဖြင့် မကြုံတွေ့စေရေးအတွက် ပရဟိတအဖွဲ့အစည်းများအနေဖြင့်လည်း မိမိတို့ပတ်ဝန်းကျင်မှ သက်ကြီးရွယ်အိုများကို ဂရုစိုက်ပေးသင့်ကြောင်း၊ အပူချိန်မြင့်တက်မှု၏ နောက်ဆက်တွဲပြဿနာများကို အဓိကရင်ဆိုင်ရဖွယ်ရှိနေသည့် အုပ်စုမှာလည်း သက်ကြီးရွယ်အို အုပ်စုဖြစ်သည့်အတွက် အရေးပေါ်ဆေးကုသမှုများ ပြုလုပ်ပေးရန် ဆေးရုံများအနေဖြင့်လည်း လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားသင့်ကြောင်း Senior Citizen Home Safety Association အသင်း၏ အမှုဆောင်ချုပ် မော်ရာဝမ်ဟောင်က ပြောကြားခဲ့သည်။

**Ref : Xinhua News**

**Trs : Sai Sat**

# ကနေဒါနိုင်ငံတွင် တောမီးလောင်ကျွမ်းခြင်းက လေထုညစ်ညမ်းမှုကို ပိုမိုဖြစ်ပွားစေ

**အော့တဝါ ဇွန် ၂၈**

ကနေဒါနိုင်ငံတွင် တောမီးလောင်ကျွမ်းခြင်းသည် လေထုညစ်ညမ်းမှုကို ပိုမိုဖြစ်ပွားစေကြောင်း သိပ္ပံပညာရှင်များက ပြောကြားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

World Resources Institute နှင့် University of Maryland မှ သိပ္ပံပညာရှင်များသည် ၂၀၂၃ ခုနှစ်အတွင်း ကနေဒါနိုင်ငံတွင် လအတော်ကြာမီးလောင်ကျွမ်းမှု၏ ဆိုးကျိုးများအဖြစ် ကမ္ဘာအန္တ၏လေထုကို ညစ်ညမ်းမှုများဖြစ်စေခဲ့ကြောင်း၊ ဇွန် ၂၇ ရက်ထုတ် Global Change Biology ဂျာနယ်တွင် ထုတ်ဝေခဲ့သည့် လေ့လာမှုအသစ်တစ်ခုအရ ကနေဒါနိုင်ငံ၏ တောမီးလောင်ကျွမ်းမှုကြောင့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့တန်ချိန် ၂ ဒသမ ၉၈ ဘီလီယံမက်ထရစ်တန်ကို လေထဲသို့ ပျံ့နှံ့စေခဲ့ကြောင်း၊ ကနေဒါနိုင်ငံတွင် ၂၀၂၃ ခုနှစ်အတွင်း တောမီးလောင်ကျွမ်းမှုသည် ကပ်ဘေးတစ်ခုကဲ့သို့ဖြစ်ခဲ့ပြီး တောမီးလောင်ကျွမ်းမှုကြောင့် နိုင်ငံအတွင်း အပူချိန်သည် ပိုမိုမြင့်တက်လာကြောင်း သိရသည်။

ကနေဒါနိုင်ငံ၏ တောမီးလောင်ကျွမ်းခြင်းမှ ထွက်သောကာဗွန်သည် နိုင်ငံ၏တစ်နှစ်အတွင်း လေယာဉ်များမောင်းနှင်ခြင်းမှထွက်လာသည့် ကာဗွန်ထုတ်လွှတ်မှု၏ လေးဆခန့်ရှိခဲ့ကြောင်း၊ နိုင်ငံတွင်းမောင်းနှင်နေသော ကားပေါင်း ၆၄၇ သန်းမှထွက်လာသော ကာဗွန်ဒိုင်အောက်ဆိုက်ပမာဏနှင့် တူညီကြောင်း U.S Environmental Protection အေဂျင်စီ၏ အချက်အလက်များအရ လေ့လာမှုပညာရှင်များက ဆိုသည်။

သစ်တောများသည် လေထုထဲမှ ကာဗွန်အမြောက်အမြားကို စုပ်ယူကာ သစ်ပင်များ၏ အကိုင်းအခက်၊ ပင်စည်၊ အရွက်များနှင့် မြေကြီးထဲရှိ အမြစ်တို့တွင် သိုလှောင်ထားကြကြောင်း၊ တောမီးလောင်ခြင်းကြောင့် သစ်ပင်များပျက်စီးသည့်အခါ ပြီးခဲ့သည့် အဆိုပါသိုလှောင်ထားသည့် ကာဗွန်များကို လေထုထဲသို့ ပြန်ထုတ်လွှတ်ခြင်းကြောင့် ယခုကဲ့သို့ လေထုညစ်ညမ်းမှုများ ဖြစ်လာခြင်းဖြစ်ကြောင်း WRI ၏ Global Forest Watch နှင့် တွဲဖက်သုတေသနပြုသူ James Mac Carthy က ပြောကြားခဲ့သည်။

**Ref : Russia Today**

**Trs : KZ**

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

# ကျောက်ကူချားမြေ နမ်းဟုတ်အမွေ

စိန်ငွေးလှိုင်(ဟိုပုံးမြေ)

စာရေးသူမှာ ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် ဟိုပုံးမြို့မှာ တာဝန်ထမ်းဆောင်နေတာ ၁၆ နှစ်ကျော်ကြာမြင့်ခဲ့ပါပြီ။ ဟိုပုံးမြို့ပတ်ဝန်းကျင်မှာရှိတဲ့ သီရိချမ်းသာမွေတော်ဘုရား၊ ထမ်းပိုးမွန်ဂူ၊ ထန်ဆမ်းဂူနဲ့ ကိုရင်လေးကျောင်းကို ရောက်ဖူးခဲ့ပါပြီ။ ဟိုပုံးမြို့ရဲ့ အရှေ့တောင်ဘက် ၁၆ မိုင်အကွာမှာရှိတဲ့ မဲနယ်တောင်ဒေသကို တစ်ကြိမ်တစ်ခါမျှ မရောက်ဖူးသေးပါ။ ဒီဒေသမှာ တိုင်းလုံးပေါင်း ၁၀၀ ကျော်၊ သက်တမ်းရာကျော်ရှိတဲ့ နမ်းဟုတ်ရှေးဟောင်းဘုန်းတော်ကြီးကျောင်းတစ်ကျောင်း ရှိတယ်လို့ တော့သိရပါတယ်။ ဟိုပုံးမြို့နယ်မှာ နေတုန်းနေခိုက် ကျောင်းတော်ကြီးကို သွားရောက်လေ့လာရအုံးမယ်လို့ စိတ်ထဲမှာ တွေးထားမိပါတယ်။ ကျောက်ကူချားရွာသူကြီး ဦးဖြူကလဲ ဖိတ်မန္တကပြုထားပါတယ်။ ဟိုပုံးမြို့နယ်မှာ ရွာသူကြီးဆိုတဲ့ ရှေးဆန်ဆန်စကားအသုံးအနှုန်းကို ဒီကနေ့ထိပြောဆိုနေကြပါသေးတယ်။ အလုပ်အားတဲ့တစ်နေ့မှာ မိတ်ဆွေဖြစ်သူ ခွန်ကျော်ခေါင်က ကျောင်းတော်ကြီးတည်ရှိရာ ကျောက်ကူချားကျေးရွာကို လိုက်ခဲ့ဖို့ သူ့ကားနဲ့ လာခေါ်ပါတယ်။


မနက် ၇ နာရီလောက်မှာ တာချီလိတ်ကိုသွားတဲ့ ပြည်ထောင်စုလမ်းမကြီးအတိုင်း ကားကိုမောင်းနှင်လာခဲ့ပါတယ်။ ခုနစ်မိုင်လောက်အရောက် ထမ်းဆမ်းဂူကို ရောက်ခါနီးလမ်းရဲ့ညာဘက်မှာ“ကျောက်ကူချားရွာသို့”ဆိုတဲ့ လမ်းညွှန်ဆိုင်းဘုတ်လေးကို မြန်မာစာ၊ ပအိုဝ့်စာနဲ့ရေးသားထားပါတယ်။ ကားကို ဆိုင်းဘုတ်ပါမျှားအတိုင်း ချိုးကွေ့လိုက်ပါတယ်။ စာရေးသူတို့ကားလေးဟာ တောင်တန်းတွေကြားနိမ့်တစ်ခါမြင့်တစ်လှည့်နဲ့ သွားနေပါတယ်။ ကားပြတင်းပေါက်ကို တိုးဝှေ့လာတဲ့သန့်ရှင်းလတ်ဆတ်တဲ့ တောင်ပေါ်လေဟာ ခရီးပန်းမှုကို ပြေပျောက်စေပါတယ်။ နီစွေးတဲ့မြေသားထက်မှာ ပြောင်းဖူးခင်း၊ ပန်းနှမ်းခင်း၊ လက်ဖက်ခြံတို့မှာ ဝါတစ်ကန့်၊ စိမ်းတစ်ကန့်နဲ့ လှပနေပါတယ်။ မိုးကုပ်စက်ဝိုင်းရဲ့အဆုံးမှာ တောင်တန်းတွေနဲ့ အနားသတ်ထားတဲ့မြင်ကွင်းက စာရေးသူကို ဖမ်းစားနိုင်လွန်းပါတယ်။ စာရေးသူက “ဟိုတောင်တန်းကြီးကို မဲနယ်တောင်တန်းလို့ ဘာကြောင့်ခေါ်တာလဲ”လို့ ခွန်ကျော်ခေါင်ကို မေးလိုက်တဲ့အခါ-

“ဒီလိုရှိတယ်ဆရာ။ မဲနယ်ဆိုတဲ့စကားကိုတော့ ဆရာလဲ သိမှာပါ။ အဝတ်အထည်ကိုဆေးဆိုးတဲ့ အရည်တစ်မျိုးပါ။ ကျွန်တော်တို့ ပအိုဝ့်လူမျိုးဟာ ရိုးရာဝတ်စုံကို အနက်ရောင်ဖြစ်အောင် သစ်ခေါက်ရည်ဆိုးကြပါတယ်။ အနက်ရောင်ဆိုးဖို့သုံးတဲ့အပင်ကို“မှဲ့င်းမွှူး”လို့ ခေါ်ဆိုပြီး ဒီအပင်တွေပေါက်တဲ့ တောင်ကို“မှဲ့င်းတောင်”လို့ခေါ်ဆိုရာကနေ“မဲနယ်တောင်၊ မဲနယ်ဒေသ”အမည်ကို ပြောင်းလဲလာတာလို့ ရှင်းပြပါတယ်။ ပအိုဝ့်လူမျိုးတို့ဟာ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ဘာသာစကားတို့ကို ထိန်းသိမ်းစောင့်ရှောက်ပါတယ်။ ငြိမ်းချမ်းရေးဆိုတဲ့ သစ်ပင်ကို စိုက်ပျိုးခဲ့ပြီး သာယာဝပြောမှုဆိုတဲ့ အသီးအပွင့်ကို ခံစားနေရတဲ့ ဒေသတစ်ခုဖြစ်ပါတယ်။

ကားကို နှစ်နာရီလောက်ကြာ မောင်းနှင်လာခဲ့ပြီး လမ်းရဲ့ဘယ်ဘက်ကို ချိုးကွေ့လိုက်တဲ့အခါမှာ နမ်းဟုတ်ကျောင်းတော်ကြီးတည်ရှိရာကို ရောက်ရှိပါတယ်။ နမ့်ဟုတ်ဆိုတာက ရှမ်းစကားဖြစ်ပြီး ပအိုဝ့်စကားအနေနဲ့ ထိလုံ (ထိတာအိလုံ)လို့ ပြောကြတယ်။ မြန်မာလိုဆိုရင်တော့ ချုံပုတ်ထဲကရေထွက်တဲ့နေရာလို့ အဓိပ္ပာယ်ရတယ်။ အရင်က နမ်းဟုတ်ရွာဆိုတာရှိခဲ့ပေမဲ့ အခုအခါ တိမ်မြုပ်ပျောက်ကွယ်ခဲ့ပြီး ကျောင်းအမည်သာကျန်ခဲ့တယ်”လို့ ခွန်ကျော်ခေါင်က ရှင်းပြပါတယ်။

နမ်းဟုတ်ကျောင်းတော်ကြီးရဲ့အောက်ဘက် မနီးမဝေးမှာ ကျောက်ကူချားရွာဆိုတာ တည်ရှိပါတယ်။ ကျောင်းပေါက်ဝမှာ ကျောက်ကူချားရွာသူကြီး ဦးဖြူက ခရီးဦးကြိုပြုနေပါတယ်။ အဲဒီကျောင်းကအလျား ၁၂၄ ပေ၊ အနံ ၁၀၈ ပေရှိတဲ့ သစ်သားကျောင်းတော်ကြီးဖြစ်ပြီး သက္ကရာဇ် ၁၂၇၉ ခုနှစ် နတ်တော်လဆန်း ၁၀ရက် သောကြာနေ့မှာ စတင်ဆောက်လုပ်ခဲ့ပါတယ်။ အခုအခါနှစ်ပေါင်းရာကျော်ဆိုတဲ့ ခရီးမှတ်တိုင်ကို ရောက်ရှိနေပါပြီ။ ကျောင်းတော်ကြီးကို ဆရာတော်ဘဒ္ဒန္တဂန္ဓမာက ဦးဆောင်ပြီး ရွာသူ၊ ရွာသားတွေက စုပေါင်းတည်ဆောက်ခဲ့ပါတယ်။

ဆရာတော်မှာ သထုံမြို့ ပုဗ္ဗာရုံကျောင်းမှာစာဝါ



ဟိုပုံးမြို့နယ် မဲနယ်တောင်ဒေသရှိ နမ်းဟုတ်ရှေးဟောင်းဘုန်းတော်ကြီးကျောင်းကို တွေ့ရစဉ်။

တက်ခဲ့တာကြောင့် ပုဗ္ဗာရုံကျောင်းရဲ့ ပုံစံအတိုင်း အတုယူ တည်ဆောက်ခဲ့ပါတယ်။ ဒါကြောင့် “မဲနယ်တောင်၊ သထုံကျောင်း”လို့ ခေါ်စမှတ်ပြုကြပါတယ်။ အင်ဂျင်နီယာပညာရှင်နဲ့ စက်ယန္တရားမပါဘဲ လူအင်အားသက်သက်နဲ့သာတည်ဆောက်ခဲ့ပြီး ၁၂၈၂ ခုနှစ် တပေါင်းလဆုတ် ၉ ရက် သောကြာနေ့မှာ ပြီးစီးခဲ့ပါတယ်။ ကျောင်းတော်ကြီးကို လုံးပတ် လက်မ ၇၀ ရှိတဲ့ တိုင်အလုံးပေါင်း ၁၂၄ တိုင်နဲ့ တည်ဆောက်ထားပါတယ်။ လူတစ်ယောက်ရဲ့ လက်နှစ်ဖက်နဲ့ ဖက်ကြည့်ရင်မမီပါ။ တိုင်လုံးတွေရဲ့အောက်ခြေကို အုတ်ဖိနပ်မပါဘဲ မြေကြီးထဲမှာ မြှုပ်နှံထားပေမဲ့ တိုင်အခြေတို့မှာ ပိုးမထိုး၊ ချမစားဘဲ ပကတိအကောင်းအတိုင်းရှိနေတာကလဲ အံ့ဩစရာတစ်ခုပင်ဖြစ်ပါတယ်။ တောင်ပေါ်သစ်မျိုးဖြစ်တဲ့ တောင်တမာ၊ သပြေ၊ သစ်အယ်၊ သစ်ယားစတဲ့ ဒေသထွက်သစ်တွေကို အသုံးပြုထားတယ်လို့လဲ မှတ်သားရပါတယ်။ တိုင်လုံးကြီးတွေရဲ့ အောက်ခြေ၊ အမြင့် သုံးပေလောက်အကွာမှာ အောက်ခံတိုင်လုံးပေါ်ကို နောက်ထပ်တိုင်လုံးက သံအကူအညီလုံးဝမပါဘဲ အံဝင်ခွင်ကျစကေးကိုက်ဆက်ထားပါတယ်။ မြင်သာအောင်ပမာပြရရင် သစ်ပင်ကိုင်းကူး၊ ကိုင်းဆက်ပုံစံမျိုးဖြစ်ပါတယ်။ နမ်းဟုတ်ကျောင်းတော်ကြီး တည်ဆောက်ဖို့သစ်ရှာရာမှာ သန့်ရှင်းစင်ကြယ်စေဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့အပျို၊ လူပျိုစစ်သူတွေကိုသာ ခုတ်လှဲစေခဲ့ပါတယ်။ အဲဒီခေတ်က နမ်းဟုတ်ကျေးရွာမှာ ငါးမန်းစွယ်လွှဆိုတာ မရှိသေးတာကြောင့် သစ်ခုတ်တာနဲ့ အချောသတ်တာတို့မှာ ဓား၊ ပုဆိန်တို့ကိုပဲ အသုံးပြုခဲ့ပါတယ်။ တိုင်လုံးပေါ်မှာ ထင်ကျန်ခဲ့တဲ့ ပုဆိန်အစင်းရာတွေက သက်သေပြနေပါတယ်။

နမ်းဟုတ်ကျောင်းတော်ကြီးဟာ မြေပြင်ကနေ ကြမ်းခင်းထိ အမြင့် ကိုး ပေလောက်ရှိပြီး ကျောင်းခေါင်ထိဆိုရင်တော့ ပေ ၅၀ ကျော်မြင့်ပါတယ်။ ကျောင်းတော်ကြီးပေါ်တက်တဲ့ လှေကားအရှည်မှာ အထစ်ပေါင်း ၁၅ ထစ်ရှိပြီး ရှေးခေတ်အနုလက်ရာနဲ့ တန်ဆာဆင်ထားပါတယ်။ အထစ်တိုင်းမှာ အပေါက် ငါးပေါက်စီကို နေရာတကျဖောက်ထားတာက တစ်မျိုးကြည့်ကောင်းနေပါတယ်။ လှေကားလက်တန်း တစ်ဖက်တစ်ချက်မှာ နဂါးကြီးနှစ်ကောင်ဆီးကြိုနေတဲ့ ဟန်ကို သစ်သားနဲ့ထုလုပ်ထားပါတယ်။ ဆင်ဝင်အပေါ်ဘက် မျက်နှာကြက်မှာ တနင်္ဂနွေမှ ရာဟုထိဂြိုဟ် ရှစ်လုံးပုံသဏ္ဍာန်သစ်သားကနုတ်၊ ပန်းပုလက်ရာကိုတွေ့မြင်ရပါတယ်။ လှေကားအဆုံးမှာ သစ်သားတံခါးရွက် နှစ်ခုရှိပါတယ်။ “ဒီသစ်သားတံခါးရွက်နှစ်ချပ်ကို သစ်တစ်လုံးတည်းနဲ့ လုပ်ထားတာပါ။ သံပတ္တာမသုံးဘဲ သစ်သားစရွေးချောင်းနဲ့ပတ္တာလုပ်ထားတာ” လို့ သူကြီးဦးဖြူက ရှင်းပြပြောဆိုနေရင်း တံခါးရွက်ကို အဖွင့်အပိတ်လုပ်ပြပါတယ်။ မင်းတုပ်ကိုလဲ သစ်ချောင်းနဲ့သာပြုလုပ်ထားပြီး လှေကားထစ်အဆုံးမှာ ကျယ်ဝန်းလှတဲ့ ကျောင်းတော်ကြီးရဲ့ကြမ်းပြင်ထက်ကို ရောက်ရှိပါတော့တယ်။

နမ်းဟုတ်ကျောင်းပေါ်မှာ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်ကြီး ငါးဆူကို ကြည်ညိုဖွယ်ရာဖူးမြင်ရပြီး “မံဘုရား”လို့ ခေါ်ဆိုပါတယ်။ “မံ”ဆိုတာက ကောက်ရိုးကိုပြာချပြီး သရိုးကိုင်ထုလုပ်ထားတာ ဖြစ်ပါတယ်။ တိုင်လုံးကြီးတွေပေါ်က ရွှေဆိုင်းအစစ်နဲ့ ချထားပြီး ရွှေရောင်မှာမသစ်လွန်တော့ပေမဲ့ ရှေးဘိုးဘွားပအိုဝ့်လူမျိုးတွေရဲ့ သဒ္ဓါတရားကို ထင်ရှားစေပါတယ်။ တိုင်လုံးပေါ်မှာဆုတောင်းစာနဲ့ အလှူရှင်အမည်တွေကို ပအိုဝ့်၊ မြန်မာ၊ ရှမ်းဆိုပြီး ဘာသာသုံးမျိုးနဲ့ ရေးထိုးထားပါတယ်။ ဟိုရှေးရှေးကတည်းက တစ်မြေတည်းနေပြီး တစ်ရေတည်းသောက်ခဲ့ကြတဲ့ ပြည်ထောင်စုတိုင်းသားရင်းတွေဖြစ်ကြတယ်ဆိုတာကို ပေါ်လွင်စေပါတယ်။ တိုင်လုံးကြီးတွေရဲ့ အပေါ်ဆုံးနေရာမှာ ကြာဖတ်ပွင့်ချပ်လေးတွေကို ဆင့်ကာဆင့်ကာ သစ်သားနဲ့ ပုံဖော်ထားပြန်ပါတယ်။ မှန်စီရွှေချနဲ့ ကနုတ်ပန်းတွေက အနုစိပ်လွန်းသလို ဆေးနီရောင်ရွှေရေးပန်းချီချယ်မှုန်းထားတဲ့ မျက်နှာကြက်ပြင်ကြီးဟာ ရှေးပညာရှင်တွေရဲ့လက်ရာစွမ်းတွေဖြစ်ကြပါတယ်။ နမ်းဟုတ်ကျောင်းတော်ကြီးတစ်ခုလုံးရဲ့အမိုးမှာ အင်္ဂတေအုတ်ကြွပ်ပေါင်း ၂၅၀၀၀ ကျော်ရှိတယ်လို့ မှတ်တမ်းစာအုပ်မှာ ရေးသားထားပါတယ်။ အချိန်ကာလကြာလာပေမဲ့ မကြိုးမပဲ့မပျက်စီးဘဲ ပကတိအကောင်းအတိုင်း ရှိနေဆဲဖြစ်ပါတယ်။ ဒါပေမဲ့ အုတ်ကြွပ်တွေရဲ့ အလေးချိန်က ကျောင်းတော်ကြီးရဲ့ ကြံ့ခိုင်မှုကို ထိခိုက်စေနိုင်တာကြောင့် တချို့နေရာမှာ သွပ်ပြားတွေနဲ့ လဲလှယ်ထားတာကို တွေ့မြင်ခဲ့ရပါတယ်။ “ရှေးလူကြီးတွေရဲ့ပြောစကားအရ ဒီအုတ်ကြွပ်တွေကို မန္တလေးကနေ တောင်ကြီးထိရထားနဲ့ သယ်လာခဲ့ပြီး တောင်ကြီးကနေ ဒီထိနွားလှည်းနဲ့သယ်ခဲ့ကြတယ်ဆရာ” လို့ ကျောက်ကူချားရွာသူကြီးဦးဖြူက အုတ်ကြွပ်ကိုကိုင်ပြီး ရှင်းပြပါသေးတယ်။ လှည်းအစည်းပေါင်း ၇၀ နဲ့ သယ်ခဲ့ကြပြီး လှည်းခမှာ ၁၀၈၇ ကျပ်ကုန်ကျခဲ့ကြောင်း မှတ်တမ်းစာအုပ်မှာဖတ်ခဲ့ရပါတယ်။

နမ်းဟုတ်ကျောင်းတော်ကြီးပေါ်မှာ ရတနာထိုက်တဲ့ ရှေးဟောင်းပစ္စည်းတွေကို ပြတိုက်ဖွင့်ပြီး ထိန်းသိမ်းထားရှိပါတယ်။ ပြတိုက်ထဲမှာရွှေ၊ ငွေ၊ ခဲ၊ ဘော်၊ ကြေးတို့နဲ့ သွန်းလုပ်ထားတဲ့ပဥ္စဘောဂခေါ်တဲ့ ရှေးဟောင်းခေါင်းလောင်းကြီးနှစ်လုံးကို တွေ့မြင်ရပါတယ်။ ခေါင်းလောင်းလို့ဆိုပေမဲ့ အလုံးအဝန်းမဟုတ်ပါ။ လေးထောင့်ပုံဖြစ်ပြီး အလယ်မှာ ရိုက်တံနှစ်ချောင်းကို တပ်ဆင်ထားပါတယ်။ ဒါ့ပြင် ရှေးခေတ်အောက်လင်းမီးအိုး၊ မှန်စီရွှေချဆွမ်းအုပ်၊ သံခလောက်၊ ကြေးဇွန်း၊ ကြေးကရား၊ ဟင်္သာပုံကြေးအလေး၊ ကြေးဖလား၊ ကြေးဘယက်၊ ကြေးလက်ကောက်တို့ကိုလဲ တွေ့ရှိခဲ့ရပါတယ်။ ကျောင်းပေါ်က အဆင်း တံခါးမကြီးရဲ့ ဘယ်ဘက်မျက်နှာစာသစ်သားနံရံမှာ ပအိုဝ့်ရိုးရာပြက္ခဒိန်တစ်ခုကို တွေ့ရပါတယ်။ ပြက္ခဒိန်လို့ ပြောပေမဲ့ စက္ကူနဲ့ပြုလုပ်ထားတာ မဟုတ်ပါ။ ပျဉ်ချပ်အပေါ်မှာ အကန့် ငါးကန့်ချထားပါတယ်။ ပထမအကန့်မှာ ဂဏန်းအက္ခရာ ၁ မှ ၇ ထိ၊ ဒုတိယအကန့်မှာ အပေါက်သေး ခုနစ်ပေါက်၊ တတိယအကန့်မှာ တနင်္ဂနွေမှ စနေထိ၊ စတုတ္ထအကန့်မှာ အပေါက်သေး ၁၅ ပေါက်နဲ့ ပဥ္စမအကန့်မှာ ဂဏန်းအက္ခရာ ၁ မှ ၁၅ထိ တို့ကို ဆေးရောင်အနီနဲ့ ရေးသားထားပါတယ်။ အပေါက်သေးတွေမှာ ကျရောက်တဲ့နေ့ရက်၊ လဆန်း၊ လဆုတ်တို့ကို ပြောင်းလဲထိုးစိုက်တဲ့ မှတ်သားမှုတစ်မျိုး ဖြစ်ပါတယ်။ပြတင်းပေါက်တွေကို ဖွင့်ကြည့်လိုက်တဲ့အခါသစ်သားလျှာထိုးနဲ့ ပြုလုပ်ထားတာကရှေးခေတ်ပအိုဝ့်တိုင်းရင်းသားတို့ရဲ့ ချီးကျူးစရာတီထွင်မှုတစ်ခုပင်ဖြစ်ပါတော့တယ်။

စာရေးသူမှာ နမ်းဟုတ်ကျောင်းတော်ကြီးကို လေ့လာပြီးနောက် ဟိုပုံးမြို့ကို ပြန်ဖို့ရာ မနက် ၁၀ နာရီလောက်မှာ ကားပေါ်ကို တက်လိုက်ပါတယ်။ ကားပေါ်မှာလိုက်ပါနေစဉ် အတွေးနယ်ချဲ့မိပါတယ်။ နမ်းဟုတ်ကျောင်းတော်ကြီးမှာ ရှေးကျလှပါတယ်။ ဗိသုကာလက်ရာတွေနဲ့ တန်ဆာဆင်ထားတဲ့လက်မှုအပြောက်အမွမ်းမှန်သမျှတို့မှာ နှောင်းလူတွေအတွက်ယဉ်ကျေးမှုအမွေကို ပေးခဲ့ပါတယ်။ သစ်ခုတ်တာက အစ၊ သယ်ယူတာက အလယ်၊ ဆောက်လုပ်မှုမှာ အဆုံး ဒီလိုခံ့ညားထည်ဝါတဲ့ကျောင်းတော်ကြီးဖြစ်လာတဲ့ထိ စက်ယန္တရားအကူအညီဆိုသည်မှာ လုံးဝမပါဘဲ ဆရာ၊ ဒကာညီညွတ်မှုနဲ့တည်ဆောက်ခဲ့ကြပါတယ်။ ဒါတွေဟာ ဒီနေ့ထိ တိုင်မပျက်ပျယ်နိုင်တဲ့ စည်းလုံးညီညွတ်မှုကို အုတ်မြစ်ချထားခဲ့ပါတယ်။ ဒါတင်မက ဘာသာ၊ သာသနာကို ထိန်းသိမ်းနိုင်မဲ့ မညှိုးနွမ်းတဲ့ အမွေအဖြစ်ချန်ထားခဲ့ပါတယ်။ ကောင်းခြင်းအမွေအားလုံး မပျက်မယွင်းဘဲ ထာဝရတည်တံ့စေဖို့ ထိန်းသိမ်းစောင့်ရှောက်ရမှာက မျိုးဆက်တိုင်းရင်းသားတွေရဲ့ သမိုင်းပေးတာဝန်သာဖြစ်ကြောင်း သုံးသပ်မိပါတော့တယ်။

**ကိုးကား**

– **ကိုယ်တိုင်သွားရောက် လေ့လာခြင်းနှင့် နမ်းဟုတ်ကျောင်းတော်ကြီးသမိုင်းစာအုပ်။**

# ဒေးဒရဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ အကျိုးတူလယ်ယာစနစ်ဖြင့် မိုးစပါး ဧက ၂၀၆၀၀ စိုက်ပျိုးမည်



ယခင်နှစ်က မိုးစပါးစိုက်ခင်းကို တွေ့ရစဉ်။

ဒေးဒရဲ ဇွန် ၂၈

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အကျိုးတူလယ်ယာစနစ်ဖြင့် မိုးစပါး ဧက ၂၀၆၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ဒေးဒရဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းက ပြောပြ၍ သိရသည်။

ဒေးဒရဲမြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် အကျိုးတူလယ်ယာစနစ်ဖြင့် မိုးစပါး ဧက ၂၀၆၀၀ ကို ယခုနှစ် ဇူလိုင်လဒုတိယပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ မိုးစပါး ဧက ၂၀၆၀၀ အားလုံး ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရန်၊ စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးကုမ္ပဏီများနှင့် ဒေသခံတောင်သူများက ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"အခုနှစ် ဒေးဒရဲမြို့နယ်အတွင်းမှာ အကျိုးတူလယ်ယာစနစ်နဲ့ မိုးစပါး ဧက ၂၀၆၀၀ စိုက်ပျိုးမှာဖြစ်ပါတယ်။ အကျိုးတူလယ်ယာစနစ်နဲ့ မိုးစပါးတွေကို စိုက်ပျိုးတဲ့အခါ ဒေသခံတောင်သူတွေအတွက် အကျိုးကျေးဇူးများစွာရှိပါတယ်။ အကျိုးတူလယ်ယာစနစ်ဆိုတာက ကုမ္ပဏီတစ်ခုနဲ့ ဒေသခံတောင်သူတွေ ပူးပေါင်းလုပ်ဆောင်တာပါ။ ကုမ္ပဏီကတောင်သူတွေကို ချေးငွေထုတ်ချေးပေးတာမျိုး ဒါမှမဟုတ် မျိုးစေ့နဲ့ သွင်းအားစုတွေ ထုတ်ပေးတာတို့ ဆောင်ရွက်ပေးပါတယ်"ဟု ဒေးဒရဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းက ပြောပြသည်။

အဆိုပါ အကျိုးတူလယ်ယာစနစ်ဖြင့် မိုးစပါးများကို စိုက်ပျိုးနိုင်သည့်အတွက် တောင်သူများကုန်ကျစရိတ်သက်သာခြင်း၊ စိုက်ပျိုးရေးသွင်းအားစုများ အလွယ်တကူဝယ်ယူရရှိခြင်း၊ ထွက်ရှိလာသည့် သီးနှံများကို ကုမ္ပဏီဘက်မှ ပြန်လည်ဝယ်ယူပေးခြင်းကြောင့် ဈေးကွက်အတွက် စိတ်ချရခြင်း၊ စပါးများ ပြန်လည်ရိတ်သိမ်းရေးလုပ်ငန်းများ လုပ်ဆောင်သည့်အခါ ကုမ္ပဏီဘက်မှ ပူးပေါင်းဆောင်ရွက်ပေးသည့်အတွက် အလျင်အမြန် အချိန်ကုန် သက်သာစွာရိတ်သိမ်းနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း ဒေးဒရဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျော်ကျော်လင်း

# နတ်တလင်းမြို့နယ် အနောက်စုကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလည်ပတ်ရန်ပုံငွေထုတ်ချေး

နတ်တလင်း ဇွန် ၂၈

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် နတ်တလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အနောက်စုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ဇွန် ၂၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နတ်တလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်သက်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့်တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ကျေးလက်နေပြည်သူများလိုက်နာရမည့် တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် အနောက်စုကျေးရွာ မြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၉၁ ဦးကို ၃၄ ဒသမ ၂ သန်းနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၉ ဦးကို ၁၀ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၀ ဦးကို ငွေ ကျပ် ၄၄ ဒသမ ၂ သန်းကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

သုတ

# ဘားအံမြို့နယ် ဝင်းကျန်ကျေးရွာ၌ စက်ရေတွင်းတူးဖော်နိုင်ရေး စစ်ဆေး

ဘားအံ ဇွန် ၂၈

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝင်းကျန်ကျေးရွာ၌ စိုက်ပျိုးရေရရှိရန်ရည်ရွယ်၍ စက်ရေတွင်းတူးဖော်နိုင်ရေး မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းကို ဇွန် ၂၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဒေါ်ခင်ဇာဝင့်နှင့် ခရိုင်၊ မြို့နယ်တာဝန်ခံအင်ဂျင်နီယာ ဝန်ထမ်းများက ဝင်းကျန်ကျေးရွာ၌ ကျေးရွာစိုက်ပျိုးရေရရှိရေး ကော်မတီဝင်များနှင့်တွေ့ဆုံ၍ စက်ရေတွင်းတူးဖော်မည့်မြေနေရာအား ကြည့်ရှုစစ်ဆေးကာ တွင်းတူးစက်များနေရာချခြင်း၊ စက်ရေတွင်းအတွက် လိုအပ်သည့် ရေပိုက်များ စုဆောင်းခြင်း၊ စက်ရေတွင်းတူးဖော်ပြီးစီးပါက ကျေးရွာအတွက် စိုက်ပျိုးရေများ ပေးဝေနိုင်ရေးအတွက် လိုအပ်သည်များပူးပေါင်းဆောင်ရွက်ပေးကြရန် ဆွေးနွေးမှာကြားသည်။

ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေကျပ် ၂၆ ဒသမ ၆၇၇ သန်းဖြင့် ဝင်းကျန်ကျေးရွာ၌ အကျယ် လေးလက်မခွဲ အနက် ပေ ၂၀၀ စက်ရေတွင်း တူးဖော်ခြင်းနှင့် ဆိုလာတပ်ဆင်ခြင်း လုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇွန်လ စတုတ္ထပတ်တွင် စတင်တာဝန်ယူဆောင်ရွက်မည်ဖြစ်ပြီး အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ဝင်းကျန်ကျေးရွာရှိ လယ်ယာဧက ၂၀ အတွက် စိုက်ပျိုးရေများ လုံလောက်စွာရရှိမည်ဖြစ်ကြောင်း ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဒေါ်ခင်ဇာဝင့်ထံမှ သိရသည်။

ကိုသက်



# မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံ ဧက ၁၃၇၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်

မင်းကင်း ဇွန် ၂၈

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံ ဧက ၁၃၇၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံ ၁၀၂၈ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၁၃၇၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။



"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မင်းကင်းမြို့နယ်မှာ ဟင်းသီးဟင်းရွက်သီးနှံ ၁၀၂၈ ဧက စိုက်ပျိုးဖို့အတွက် လျာထားတယ်။ လက်ရှိအချိန်ထိ ဧက ၁၃၇၀ စိုက်ပျိုးပြီးစီးပါပြီ။ မုန်ညင်း၊ ငရုတ်၊ ခရမ်းချဉ်၊ ခရမ်း၊ ကော်ဖီထုပ်၊ ပန်းမုန်လာ၊ ရုံးပတီသီး စတာတွေ စိုက်ပျိုးကြပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို GAP စနစ်နဲ့စိုက်ပျိုးနိုင်ဖို့ တောင်သူတွေကို နည်းပညာပေးလုပ်ငန်းတွေ လုပ်ဆောင်ပေးနေပါတယ်"ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

ယခုနှစ် မင်းကင်းမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးတောင်သူများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ်များ မှန်ကန်စေရေး၊ ကျန်းမာရေးနှင့်ညီညွတ်သော ဟင်းသီးဟင်းရွက်ရရှိရေး၊ သဘာဝမြေဩဇာ၊ ပိုးသတ်ဆေးများ ပြုလုပ်သုံးစွဲရေးတို့ကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မင်းကင်းမြို့နယ်တွင် နှစ်စဉ်ရာသီအလိုက် ဟင်းသီးဟင်းရွက်မျိုးစုံ စိုက်ပျိုးလျက်ရှိရာ စိုက်ပျိုးသော ဟင်းသီးဟင်းရွက်သီးနှံများ အောင်မြင်ဖြစ်ထွန်းပြီး မိသားစုဝင်ငွေ ရရှိကြောင်း သိရသည်။ (၂၀၆)

# ကွန်ဟိန်းမြို့နယ် ဝိန်းလုံကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

ကွန်ဟိန်း ဇွန် ၂၈

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်ခရိုင် ကွန်ဟိန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေဖြင့် ဝိန်းလုံကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဇွန် ၂၇ ရက်တွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကွန်ဟိန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဟိန်းနှင့် တာဝန်ခံ အင်ဂျင်နီယာ ဝန်ထမ်းများက ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ဝိန်းလုံကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းစတင် ဖောက်လုပ်ရန် လမ်းများရှင်းခြင်း၊ လမ်းများ ချဲ့ထွင်ခြင်း၊ မြေသားတင်ခြင်း လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြရာ တင်ဒါအောင်ကုမ္ပဏီမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီများ၊ ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး လုပ်ငန်းများ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် မှာကြားကြောင်း သိရသည်။

အဆိုပါ ကျေးလက်ကုန်ထုတ်လမ်းအရှည် ငါးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် မြေသား နှစ်ပေ၊ သဲဖြန့်း ကိုးလက်မခင်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ဝိန်းလုံကျေးရွာရှိ တောင်သူ ၂၂၇ ဦး၏ လယ်ယာဧကများမှ ထွက်ရှိသည့် စိုက်ပျိုးသီးနှံများ ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာဖြင့်သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း ကွန်ဟိန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

ချိုသန်းညွန့်

# ဉာဏ်ရည်လည်းရှုံး လူညွန့်တုံး စည်းလုံးတိုက်ပစ် ထိုမူးယစ်

ကျော်တေဇ(ဥက္ကလာ)

ကမ္ဘာကြီး သို့မဟုတ် နိုင်ငံတစ်နိုင်ငံအတွက် အဓိကခွန်အားမှာ လူသားအရင်းအမြစ်များပင်ဖြစ်သည်။ ထို့ကြောင့် လူသားအရင်းအမြစ်များနှင့် ၎င်းတို့၏ ဉာဏ်ရည်ဉာဏ်သွေးများသည် နိုင်ငံတစ်နိုင်ငံမှသည် ကမ္ဘာကြီးထိ များစွာအရေးပါသော အကြောင်းတရားတစ်ခုဖြစ်လာပြန်သည်။ လူသားအရင်းအမြစ်များ ပျက်သုဉ်းခြင်း၊ လူသားတို့၏ ဉာဏ်စွမ်းရည်များ နိမ့်ပါးလာခြင်းသည် နိုင်ငံတစ်နိုင်ငံမှ ကမ္ဘာကြီးထိ များစွာအကျိုးသက်ရောက်မှုရှိလာမည်လည်းဖြစ်သည်။ လူသားအရင်းအမြစ်များ ပျက်သုဉ်းခြင်း၊ လူသားတို့၏ ဉာဏ်စွမ်းရည်များ နိမ့်ပါးကျဆင်းလာစေသော အကြောင်းတရားများစွာအနက် တစ်ခုမှာ မူးယစ်ဆေးဝါးပင်ဖြစ်သည်။

မူးယစ်ဆေးဝါးဟူသည့် အကြောင်းတရားများက အများအားဖြင့် နိုင်ငံငယ်များကို များစွာထိပါးနေသည်ကို သတိပြုမိသည်။ ထိုအထဲတွင် စာရေးသူတို့နိုင်ငံလည်းပါဝင်ပေသည်။ စာရေးသူတို့နိုင်ငံအတွင်း စတင်ဝင်ရောက်လာခဲ့သည့် မူးယစ်ဆေးဝါးသမိုင်းကို ပြန်ပြောင်းကြည့်လျှင် မူးယစ်ဆေးဝါးအစ ဘိန်းဖြူက စတင်ခဲ့လေပြီ။ ရှေးပဝေသဏီကာလတွင် မြန်မာနိုင်ငံ၌ ဘိန်းဟူသည်မှာ လုံးဝမရှိပေ။ ကိုလိုနီစနစ်ဆိုးအောက်တွင် ဘိန်းဖြူနှင့် မြန်မာနိုင်ငံသည် စတင်ထိတွေ့လာခဲ့သည်။ အင်္ဂလိပ်အစိုးရ၏ အိန္ဒိယမှတစ်ဆင့် တင်သွင်းခြင်းအစသည် မြန်မာ့မြေတွင် ဘိန်းဟူသောအကြောင်းတရားတစ်ခု ချင်းနင်းဝင်ရောက်လာခဲ့ခြင်းသာဖြစ်သည်။

အင်္ဂလိပ်အစိုးရသည် မြန်မာနိုင်ငံတွင် ဘိန်းများတင်သွင်းခဲ့သည်သာမက ဘိန်းခန်းများပါ လိုင်စင်ဖြင့် ဖွင့်ခွင့်ပေးခဲ့ပြီး တောင်တန်းဒေသများတွင် ဘိန်းစိုက်ပျိုးခွင့်များပေးခဲ့သည်။ မြန်မာ့အနာဂတ်ပျက်စီးစေခြင်းလမ်းစများသာပင်။ ထိုကာလသည် ၁၈၅၃ ခုနှစ် အင်္ဂလိပ်တို့ အောက်မြန်မာနိုင်ငံကို သိမ်းပိုက်ပြီးချိန်မှ စတင်ခဲ့ခြင်းဖြစ်၏။ ဗြိတိသျှအရှေ့အိန္ဒိယကုမ္ပဏီသည် ၁၇၀၀ ပြည့်နှစ်အလွန်မှစတင်ပြီး တရုတ်နိုင်ငံသို့ ဘိန်းများတင်သွင်းသည်။ ၁၈၀၀ ပြည့်နှစ်အလွန်တွင် ဗြိတိသျှလက်အောက်ခံ ကိုလိုနီနယ်များတွင် ဘိန်းခန်းများ တစ်စတစ်စနှင့် များစွာပေါ်ပေါက်လာခဲ့သည်။ ၁၉၃၀ ပြည့်နှစ်တွင် ကိုလိုနီအစိုးရထံ တရားဝင်မှတ်ပုံတင်ပြီး ဘိန်းစားနေသူ ၅၅၀၀၀ ခန့်ထိရှိခဲ့သည်။ လိုင်စင်မဲ့ဘိန်းသုံးစွဲသူများလည်းရှိသည်။ အရေအတွက်ကား ၄၅၀၀၀ ခန့်ရှိသည်။ ထို့ကြောင့် မြန်မာ့မြေပေါ်တွင် ဘိန်းစားသူပေါင်း ၁၀၀၀၀၀ ခန့်ထိရှိလာခဲ့သည်။ ဤသည်ကား မြန်မာနိုင်ငံနှင့် ဘိန်းဖြူဟူသော မူးယစ်ဆေးဝါး၏ အစခရီးပင်ဖြစ်ပေတော့သည်။

နောက်အကြောင်းအရာတစ်ခုမှာ စိတ်ကြွမူးယစ်ဆေးပြားပင်ဖြစ်သည်။ စိတ်ကြွရူးသွပ်ဆေးပြားများသည် မြန်မာနိုင်ငံအတွင်းသို့ ၁၉၉၅ ခုနှစ်ခန့်က စတင်ဝင်ရောက်ပျံ့နှံ့ခဲ့သည်။ မက်သာအဖက်တမင်း စိတ်ကြွဆေးကို ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်နိုင်ငံ၏ အသေခံတိုက်ခိုက်ရေးတပ်သားများအတွက် စတင်အသုံးပြုခဲ့ခြင်းဖြစ်သည်။ နောက်ပိုင်း စစ်ကြီးပြီးသွားသည့်အချိန်တွင် အများပြည်သူလက်အတွင်းသို့ ရောက်ရှိခဲ့သည်။ WY တံဆိပ်ပါ စိတ်ကြွဆေးပြားများ၏ အကြီးဆုံးဈေးကွက်သည် အာရှတိုက်ဒေသတစ်ခွင်ဖြစ်လာသည်။ အာရှဒေသသို့ အမေရိကနှင့် အနောက်အာဖရိကဒေသများမှ လမ်းကြောင်းသစ်များဖြင့် ဝင်ရောက်လျက်ရှိ၏။ အနောက်အာဖရိကဒေသသည် ဥရောပ၊ အာရှအရှေ့နှင့် အရှေ့တောင်အာရှနိုင်ငံများသို့ တရားမဝင်တင်သွင်းရန် ထုတ်လုပ်သော ဒေသတစ်ခုဖြစ်လာကြောင်း ရန်ကုန်အခြေစိုက် မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းတစ်ခုဖြစ်သည့် UNODC ၏ အစီရင်ခံစာ မှတ်တမ်းများတွင် တွေ့ရှိရသည်။ ယခုဆိုလျှင် စိတ်ကြွဆေးပြားများကား ကမ္ဘာတစ်ဝန်းပျံ့နှံ့နေသည်ဟု ဆိုရပေမည်။

မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးကာကွယ်တားဆီးရေးလုပ်ငန်းစဉ်များကို လွတ်လပ်ရေးရပြီးကာလမှစတင်ကာ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးကို ထိန်းချုပ်ရန်အတွက် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်း၊ ဒေသတွင်းနိုင်ငံများ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ကုလသမဂ္ဂမူးယစ်ဆေးဝါးဆိုင်ရာ ကွန်ဗင်းရှင်းသုံးခုတွင် ပါဝင်လက်မှတ်ရေးထိုးထား၏။ ထို့ပြင် နိုင်ငံတကာမူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ (INCB)၊ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (UNODC)၊ ဩစတြေးလျပြည်ထောင်စုရဲအဖွဲ့ (AFP)၊ အမေရိကန်မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအုပ်ချုပ်မှုအဖွဲ့ (DEA)၊ ထိုင်းနိုင်ငံမူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့(ONCB)၊ တရုတ်နိုင်ငံ အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးကော်မရှင်(NNCC) အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

အာဆီယံနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ အာဆီယံဝန်ကြီးအဆင့်အစည်းအဝေး (AMMD)၊ အာဆီယံမူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး(ASOD)၊ အာဆီယံလေကြောင်းကြားဖြတ်စစ်ဆင်ရေးအထူးအဖွဲ့ အစည်းအဝေး(AAITF)၊ အာဆီယံမူးယစ်ဆေးဝါးစောင့်ကြပ်ကြည့်ရှုမှုကွန်ရက်အစည်းအဝေး(ADMN) တို့တွင် ပါဝင်ပြီး အာဆီယံလုပ်ငန်းစီမံချက်(၂၀၁၆-၂၀၂၅) (Asian Work Plan-2016- 2025)၌ ပါဝင်ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသော ဓာတုပစ္စည်း ၃၉ မျိုးကိုပါ ထိန်းချုပ်ဆောင်ရွက်နေသည်။ ဓာတုပစ္စည်းများ တရားဝင်ဝင်ရောက်လာမှုများနှင့် လမ်းလွဲစွာမရောက်ရှိစေရေးအတွက် ဓာတုပစ္စည်းသုံးလုပ်ငန်းရှင်များ၊ ဓာတုပစ္စည်းများနှင့်သက်ဆိုင်သည့် ဌာနများ၊ အသင်းအဖွဲ့များပူးပေါင်း၍လည်း ဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို အသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံအတွင်း မူးယစ်ဆေးဝါးထိန်းချုပ်ရေးအနေဖြင့် နိုင်ငံတော်အစိုးရက ခေတ်မီစက်ကိရိယာများ တပ်ဆင်ကာ မူးယစ်ဆေးဝါးထုတ်လုပ်မှု၊ သယ်ဆောင်ရောင်းဝယ်မှုတို့ကို ဖော်ထုတ်အရေးယူလျက်ရှိသည်။ ထို့ပြင် နိုင်ငံအတွင်းနှင့် ပြည်ပနိုင်ငံများရှိ အဖွဲ့အစည်းများနှင့်ပူးပေါင်းကာ မူးယစ်ဆေးဝါးထုတ်လုပ်ဖြန့်ဖြူးခြင်းဆိုင်ရာ သတင်းအချက်အလက်များ ဖလှယ်ရေးလုပ်ငန်းစဉ်များကိုလည်း ကြိုးပမ်းဆောင်ရွက်နေသည်။ မြန်မာနိုင်ငံရှိ ရွှေတြိဂံဒေသ ရှမ်းအရှေ့၊ ထိုင်းနိုင်ငံမြောက်ဘက်၊ လာအိုနိုင်ငံမြောက်ဘက်နှင့် တရုတ်နိုင်ငံ အနောက်တောင်ဘက်ဒေသများသည် ဘိန်းနှင့်ဘိန်းဖြူ အများဆုံးထုတ်သောဒေသများဖြစ်သည်။ ထို့ကြောင့် မြန်မာ၊ ထိုင်း၊ လာအို၊ တရုတ်နိုင်ငံတို့နှင့် ၁၉၉၃ ခုနှစ်တွင် MoU ရေးထိုးခဲ့ပြီး ၁၉၉၅ ခုနှစ်တွင် ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နိုင်ငံတို့ကပါ ပါဝင်လက်မှတ်ရေးထိုးခဲ့သည်။ စာချုပ်ပါစည်းမျဉ်းစည်းကမ်းများနှင့်အညီ မဲခေါင်ဒေသခွဲ ခြောက်နိုင်ငံအတွင်း၌ မူးယစ်ဆေးဝါးထိန်းချုပ်ရေး ပူးပေါင်းဆောင်ရွက်နေသည်ကိုလည်း တွေ့မြင်ရသည်။

ထို့အတူ မူးယစ်ဆေးဝါးကာကွယ်ရေးလုပ်ငန်းစဉ်အရ ပင်လယ်ရေကြောင်းဆိုင်ရာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး လုပ်ငန်းကိုပါ တိုးချဲ့ဆောင်ရွက်ခဲ့သည်။ ထိုလုပ်ငန်းစဉ်ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ တပ်မတော်(ရေ)နှင့်ပူးပေါင်း၍ စစ်ဆင်ရေးအမည်များ တပ်ကာ ၂၀၁၃ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့သည်။ မြန်မာ့ပထဝီကို ပြန်ကြည့်လျှင် မြန်မာနိုင်ငံ၏ ကုန်းမြေအကျယ်အဝန်း ၂၆၁၂၂၈ စတုရန်းမိုင်ရှိသည်။ ရေပြင်ပိုင်နက်အရ ၁၄၄၀၀၀ စတုရန်းမိုင်ရှိပြီး ကမ်းရိုးတန်းအရှည်မှာ ၁၃၈၅ မိုင်ရှိသည်။ နယ်နိမိတ်ထိစပ်မှုများအနေဖြင့် တရုတ်နိုင်ငံနှင့် ၁၃၂၃ မိုင်၊ အိန္ဒိယနိုင်ငံနှင့် ၉၁၂ မိုင်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ၁၆၈ မိုင်၊ လာအိုနိုင်ငံနှင့် ၁၄၈ မိုင်၊ ထိုင်းနိုင်ငံနှင့် ၁၅၀၂ မိုင်ခန့်တို့ထိ အသီးသီးထိစပ်နေသည်။ ဒုစရိုက်သမားများအတွက် မူးယစ်ဆေးဝါးများကို သယ်ဆောင်ဖြန့်ဖြူးရာတွင် အမိမြန်မာနိုင်ငံ၏ မြေပြင်၊ ရေပြင် သဘာဝတရားများသည် ၎င်းတို့အတွက် အသုံးချခံများဖြစ်ခဲ့ရသည်။ သဘာဝပိုင်နက်များကို ဒုစရိုက်လုပ်ငန်းများတွင်အသုံးချရင်း သဘာဝကို ရုပ်ဆိုးအကျည်းတန်စေသည်။

မူးယစ်ဆေးဝါးသုံးစွဲမိသူမှာ ဦးနှောက်မှတ်ဉာဏ်များ တစ်စတစ်စကျဆင်းပြီး ဉာဏ်ရည်များ များစွာဆုံးရှုံးသွားသည်ထိဖြစ်နိုင်သည်။ မူးယစ်ဆေးဝါးကြောင့် သမာအာဇီဝအလုပ်များလုပ်ရန် စဉ်းစားနိုင်သည့်ဦးနှောက်အကန့်များ ပျက်စီးသွားခဲ့ပြီ။ လူငယ်တချို့ ပညာသင်ရန် မကြိုးစားတော့ပေ။ နုပျိုလန်းဆန်းတက်ကြွရမည့် လူငယ်ထုမျက်လုံးများသည် ဆေးအရှိန်ဖြင့် ကောင်းမှု၊ မကောင်းမှု ခွဲခြားနိုင်စွမ်းများ ပျောက်ဆုံးသွားခဲ့သည်။

ဝန်သေးသေး အမြတ်များများဖြစ်၍ မူးယစ်ဆေးဝါးများကို နည်းလမ်းပေါင်းစုံဖြင့် အရဲစွန့်သယ် ဆောင်ကြသည်။ နိုင်ငံတော်အတွက် နစ်နာဆုံးရှုံးမှုများပင်။ မျက်မှောက်ကာလ အကြမ်းဖက်ဖြစ်စဉ်များအရ မူးယစ်ဆေးဝါးနှင့်ဆက်နွှယ်ကာ မြန်မာဗုဒ္ဓဘာသာဝင်တို့၏ အထွတ်အမြတ်ဖြစ်သော သံဃာ၊ မိဘ၊ ဆရာများကိုပင် စော်ကား၊ ညှဉ်းပန်းသတ်ဖြတ်ရဲသည့်အဆင့်ထိဖြစ်နေကြပြီဟု မှတ်ချက်ချရမည်။ မြန်မာနိုင်ငံရှိ တိုင်းရင်းသားလက်နက်ကိုင်သောင်းကျန်းသူအဖွဲ့များပင် မူးယစ်ဆေးဝါးနှင့် လက်နက်လုပ်ငန်းများကို ၎င်းတို့ဘဝရပ်တည်ရေးအတွက် အဓိကမဏ္ဍိုင်ပြုလာကြသည်။ ဒီမိုကရေစီကို ဗန်းပြပြီး ပြည်ပရှိ ဒုစရိုက်လုပ်ငန်းများနှင့်ပေါင်းစပ်၍ ဒုစရိုက်လုပ်ငန်းကြီးများကို လွတ်လပ်စွာလုပ်ကိုင်နိုင်ရန် လွတ်မြောက်နယ်မြေများကို တည်ဆောက်ကြတော့သည်။ အမာခံနယ်မြေဟုလည်း အသံကောင်းဟစ်ကြသည်။ သို့သော် သောင်းကျန်းသူခေါင်းဆောင်များနှင့် ၎င်းတို့မိသားစုဝင်များ ကောင်းစားရေးအတွက် ဒုစရိုက်နယ်မြေများ ပိုင်ဆိုင်ရေးသာ မလွဲဧကန်ဖြစ်သည်။

> ❖ မျက်မှောက်ကာလ အကြမ်းဖက်ဖြစ်စဉ်များအရ မူးယစ်ဆေးဝါးနှင့်ဆက်နွှယ်ကာ မြန်မာဗုဒ္ဓဘာသာဝင်တို့၏ အထွတ်အမြတ်ဖြစ်သော သံဃာ၊ မိဘ၊ ဆရာများကိုပင် စော်ကား၊ ညှဉ်းပန်းသတ်ဖြတ်ရဲသည့် အဆင့်ထိဖြစ်နေကြပြီဟု မှတ်ချက်ချရမည်။ မြန်မာနိုင်ငံရှိ တိုင်းရင်းသား လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့များပင် မူးယစ်ဆေးဝါးနှင့်လက်နက် လုပ်ငန်းများကို ၎င်းတို့ဘဝရပ်တည်ရေးအတွက် အဓိကမဏ္ဍိုင်ပြုလာကြသည်။ ဒီမိုကရေစီကိုဗန်းပြပြီး ပြည်ပရှိ ဒုစရိုက်လုပ်ငန်းများနှင့် ပေါင်းစပ်၍ ဒုစရိုက်လုပ်ငန်းကြီးများကို လွတ်လပ်စွာလုပ်ကိုင်နိုင်ရန် လွတ်မြောက်နယ်မြေများကို တည်ဆောက်ကြတော့သည်။ ❖

နိုင်ငံတော်၏အနာဂတ်သည် လူငယ်မျိုးဆက်သစ်များ၏ အရည်အသွေး၊ စိတ်ကူးစိတ်သန်းများဖြင့် ကွန့်မြူးတောက်ပနေရမည်ဖြစ်သည်။ ထို့အတွက် လူငယ်များ၏ကိုယ်ရည်ကိုယ်သွေး၊ ဉာဏ်ရည်ဉာဏ်သွေးတို့သည် အမြဲထာဝရလန်းဆန်းကာ နိုင်ငံတော်၏ ခွန်အားသဖွယ် အင်နှင့်အားနှင့်ရှိနေသင့်သည်။ သို့သော် မူးယစ်ဆေးဝါးဟူသော ဓမ္မအန္တရာယ်ကောင်သည် ယနေ့လူငယ်တချို့၏ အနာဂတ်၊ နိုင်ငံတော်၏ အနာဂတ်ထိတိုင် ရည်ရွယ်ဖျက်ဆီးနေကြပေပြီ။ လူငယ်များ၏အနာဂတ်ကို ဖျက်ဆီးခြင်းသည် နိုင်ငံတော်၏အနာဂတ်ကို ဖဲ့ခြွေဖျက်ဆီးခြင်းသာဖြစ်သည်ဟု ကျွန်တော်တို့အားလုံး နှလုံးသွင်းခံယူကြရပေမည်။ နိုင်ငံတော်ကို အမှန်ကယ်ချစ်မြတ်နိုးလျှင် လူငယ်များ၏ အနာဂတ်ကိုလည်း ချစ်တတ်ကြရပေမည်။

ထို့ကြောင့် အနာဂတ်အရေး ရှေ့မြော်တွေး၊ ကြံသွေးဖျက်နေ၊ ဆေးဝါးတွေကြောင့် ဉာဏ်ရည်လည်းရှုံး လူညွန့်တုံးမည့် ဤအရေးကို အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်တိုင် အစဉ်တိုက်ထုတ်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ပါသည်။

**ကိုးကား**

- **နိုင်ငံတော်၏ရှေ့ခရီး(နော်ရထာ)**
- **၂၆-၆-၂၀၂၁ ထုတ် မြဝတီသတင်းစာ**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊
ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# တနင်္ဂနွေနေ့ညကစားမဲ့ ပွဲစဉ်တွေထဲက တိုက်စစ်ကစားအားကောင်းနေတဲ့ အင်္ဂလန်အသင်းနဲ့ စပိန်အသင်းတို့ကိုပဲ ရွေးချယ်ရမှာပါ



တနင်္ဂနွေနေ့ညမှာလဲ ယူရိုပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်တွေရှိနေတာကြောင့် အကြိတ်အနယ်ရှိတဲ့ပွဲစဉ်တွေကို အားပေးရအုံးမှာပါ။ ယူရိုပြိုင်ပွဲမှာ ရှုံးထွက်အဆင့်တက်ရောက်လာတဲ့ အသင်းတွေအနေနဲ့ ကစားသမားစုဖွဲ့မှု အားနည်းပေမဲ့ ကစားအားနဲ့ ယုံကြည်မှုပိုင်းအားကောင်းနေတဲ့ အသင်းတွေဖြစ်နေတာကြောင့် သတိထားချဉ်းကပ်ရမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ တစ်ပတ်က အုပ်စုပွဲစဉ်တွေမှာ အသင်းကြီးတွေအနေနဲ့ မထင်မှတ်ဘဲ ရလဒ်ဆိုးခဲ့ပြီး နိုင်ပွဲရတဲ့အသင်းတွေကလဲ သွင်းဂိုးနည်းခဲ့တာကို တွေ့ရမှာပါ။ ဒါကြောင့် တနင်္ဂနွေညပွဲစဉ်မှာ တိုက်စစ်ပိုင်းထက်မြက်ပြီး အသင်းလိုက်ကစားအားကောင်းတဲ့အသင်းတွေကိုပဲ ရွေးချယ်ရမှာဖြစ်ပါတယ်။

### အင်္ဂလန်အသင်း အနိုင်ရမှာပါ

ယူရိုပြိုင်ပွဲ ရှုံးထွက်အဆင့်မှာ အကြိုက်တွေ့မိတာကတော့ အင်္ဂလန်နဲ့ ဆလိုဗက်ကီးယားအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ အင်္ဂလန်အသင်းဟာ ယူရိုပြိုင်ပွဲမှာ ကစားသမားစုဖွဲ့မှုအကောင်းဆုံးအသင်းထဲမှာ ပါဝင်ခဲ့ပေမဲ့ အုပ်စုတွင်းပွဲစဉ်တွေမှာ ခြေစွမ်းပိုင်းက သာမန်ပဲရှိခဲ့တာကိုတွေ့ရမှာပါ။ အဖွင့်ပွဲစဉ်မှာ သူတို့အသင်းဟာ ဆားဘီးယားအသင်းကို ဘောလုံးပိုင်ဆိုင်မှုအသာနဲ့ အစောဆုံးဂိုးသွင်းယူနိုင်ခဲ့ပေမဲ့ ကစားကွက်ပိုင်းကတော့ အားရစရာမကောင်းခဲ့ပါဘူး။ အဲဒီပွဲစဉ်မှာ ဘယ်လင်ဟမ်ရဲ့ တစ်ဦးချင်းစွမ်းဆောင်ရည်ကောင်းမွန်မှုကြောင့်သာ နိုင်ပွဲရခဲ့ပြီး အသင်းလိုက်အချိတ်အဆက်မိမိကစားဖို့ လိုအပ်ချက်ရှိနေခဲ့တာဖြစ်ပါတယ်။ ဒုတိယပွဲမှာလဲ နည်းပြဆောက်ဂိတ်က ဆာဘီးယားနဲ့ ပွဲကလူစာရင်းအတိုင်း ပွဲထွက်ခဲ့ပြီး တိုက်စစ်မှူးဟယ်ရီကိန်း ဦးဆောင်ဂိုး သွင်းယူခဲ့ပေမဲ့ ဒိန်းမတ်အသင်းက အဝေးကန်ချက်တွေနဲ့ ပြန်လည်ဖိအားပေးနိုင်ခဲ့လို့ တစ်ဂိုးစီနဲ့သရေရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။ အုပ်စုနောက်ဆုံးပွဲမှာတော့ သရေတစ်မှတ်ရတာနဲ့ အုပ်စုပထမနဲ့ နောက်တစ်ဆင့်တက်ရောက်နိုင်တဲ့ အင်္ဂလန်ဟာ ကွင်းလယ်ပိုင်းက အာနိုးနေရာမှာ ဂယ်လာဟာနဲ့ အပြောင်းအလဲလုပ်ခဲ့ပေမဲ့ ကစားသမားတွေအချိတ်အဆက်အားနည်းမှုကြောင့် ဆလိုဗေးနီးယားလို စုဖွဲ့မှုအားနည်းတဲ့အသင်းကို ဂိုးသွင်းနိုင်ခြင်းမရှိလို့ သရေရလဒ်သာရရှိခဲ့ပြီး ရမှတ်ငါးမှတ်နဲ့ရှုံးထွက်အဆင့်ကို ရောက်ရှိခဲ့တာတွေ့ရမှာပါ။

အင်္ဂလန်ဟာ ပြီးခဲ့တဲ့ ယူရို ၂၀၂၀ ပြိုင်ပွဲမှာကတည်းက ချန်ပီယံဆုဖလားရရှိဖို့ရေပန်းစားခဲ့သလို ခြေစွမ်းပိုင်းကလဲ ကောင်းခဲ့တာကြောင့် ဗိုလ်လုပွဲရောက်ခဲ့ပြီး ဗိုလ်လုပွဲမှာ အီတလီကို အကောင်းဆုံးဖိအားပေးကစားနိုင်ခဲ့ပေမဲ့ ပင်နယ်တီမှာ နည်းပြဆောက်ဂိတ်အနေနဲ့ လူစားလဲမှားယွင်းမှုကြောင့် အီတလီကိုအရှုံးပေးလိုက်ရပြီး ဒုတိယနေရာနဲ့ ကျေနပ်လိုက်ရတာကိုတွေ့ရမှာပါ။ အခုပြိုင်ပွဲမှာလဲ ချန်ပီယံဖြစ်ဖို့ရေပန်းစားနေတဲ့ အင်္ဂလန်ဟာ ယခင်ယူရိုပြိုင်ပွဲကထက် ကစားသမားကောင်းတွေ အများအပြားပိုင်ဆိုင်ထားပေမဲ့ ခြေစွမ်းပိုင်းနဲ့ အသင်းလိုက်ကစားပုံက အားရစရာမကောင်းခဲ့တာကြောင့် ရှုံးထွက်အဆင့်မှာ နည်းပြဆောက်ဂိတ် နည်းစနစ်ပိုင်းပြင်ဆင်နိုင်မှသာ နိုင်ပွဲရဖို့ သေချာမှာပါ။

ဆလိုဗက်ကီးယားအသင်းဟာ ကစားသမားစုဖွဲ့မှုအားနည်းတဲ့အသင်းဖြစ်ပေမဲ့ အုပ်စုအဖွင့်ပွဲစဉ်မှာ ဘယ်လ်ဂျီယံကို အနိုင်ကစားခဲ့တာကြောင့် အုပ်စုကတက်ရောက်ဖို့ မျှော်လင့်ချက်ရှိခဲ့တာဖြစ်ပါတယ်။ ဒုတိယပွဲစဉ်မှာတော့ ယူကရိန်းအသင်းကို ဘောလုံးပိုင်ဆိုင်မှုအသာနဲ့ ကစားနိုင်ခဲ့သလို ဦးဆောင်ဂိုးစတင်သွင်းယူခဲ့ပေမဲ့ ယူကရိန်းအသင်းရဲ့ တန်ပြန်တိုက်စစ်အားကောင်းမှုကြောင့် ဒုတိယပိုင်းမှာ ချေပဂိုးနဲ့ဦးဆောင်ဂိုးတွေ ပေးလိုက်ရပြီး နှစ်ဂိုးတစ်ဂိုးနဲ့ ရှုံးပွဲကြုံခဲ့ရတာဖြစ်ပါတယ်။ နောက်ဆုံးပွဲမှာတော့ ရိုမေးနီးယားအသင်းနဲ့တွေ့ဆုံခဲ့ပေမဲ့ သရေတစ်မှတ်ရရင် အုပ်စုကကျော်ဖြတ်နိုင်မှာမို့ ပြိုင်ဘက်ကိုထိန်းချုပ်ကစားဖို့ကြိုးစားခဲ့ပြီး ဦးဆောင်ဂိုးစတင်သွင်းယူနိုင်ခဲ့တာကိုတွေ့ရမှာပါ။ ဒါပေမဲ့ ရိုမေးနီးယားအသင်းကလဲ ရှုံးလို့မရတဲ့အခြေအနေကြောင့် တိုက်စစ်ဖွင့်ကစားခဲ့လို့ ၁၃ မိနစ်အကြာမှာ ချေပဂိုးရရှိခဲ့ပြီး လက်ကျန်ပွဲချိန်တွေမှာ နှစ်သင်းစလုံး ဂိုးမပေးရဖို့ကြိုးစားခဲ့လို့ သရေရလဒ်နဲ့ပြီးခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ဆလိုဗက်ကီးယားအသင်းဟာ တစ်ပွဲနိုင်၊ တစ်ပွဲသရေ ရမှတ်လေးမှတ်နဲ့ အကောင်းဆုံးတတိယနေရာကနေ ရှုံးထွက်အဆင့်ရောက်ရှိခဲ့တာကို တွေ့ရမှာပါ။

ဆလိုဗက်ကီးယားဟာ တိုက်စစ်ကစားအားကောင်းပေမဲ့ ခံစစ်ပိုင်းမှာတော့ ထိပ်တန်းအဆင့်ကစားသမားမရှိတာကြောင့် အားနည်းချက်တွေရှိနေပြီး တိုက်စစ်အားကောင်းတဲ့အသင်းကြီးတွေဆို အမြဲတမ်းဂိုးပေးနေရတာကိုတွေ့ရမှာပါ။ အခုပွဲစဉ်မှာ အင်္ဂလန်အသင်းရဲ့ ကစားသမားတစ်ဦးချင်းစွမ်းဆောင်ရည်ကိုမထိန်းချုပ်နိုင်ရင် ဆလိုဗက်ကီးယား ပေးဂိုးများသွားနိုင်သလို ခံစစ်အသားပေးကစားမယ်ဆိုရင်လဲ ဆာကာ၊ ဖိုဒန်တို့လို လျင်မြန်မှုအားကောင်းတဲ့ကစားသမားတွေကို တားဆီးဖို့ခက်ခဲမှာပါ။ သူတို့နှစ်သင်း ထိပ်တိုက်တွေ့ဆုံမှုသုံးကြိမ်မှာတော့ အင်္ဂလန်က နှစ်ပွဲနိုင်၊ တစ်ပွဲသရေနဲ့အသာရခဲ့တာကြောင့် အခုပွဲစဉ်မှာလဲ အင်္ဂလန်အသင်း အနိုင်ရမှာပါ။

**အင်္ဂလန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အင်္ဂလန် | ၃ | - | ၀ | ဘော့စ်နီးယား |
| အင်္ဂလန် | ၀ | - | ၁ | အိုက်စလန် |
| ဆားဘီးယား | ၀ | - | ၁ | အင်္ဂလန် |
| ဒိန်းမတ် | ၁ | - | ၁ | အင်္ဂလန် |
| အင်္ဂလန် | ၀ | - | ၀ | ဆလိုဗေးနီးယား |

**ဆားဘီးယားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဆားဘီးယား | ၄ | - | ၀ | ဆန်မာရီနို |
| ဆားဘီးယား | ၄ | - | ၀ | ဝေးလ် |
| ဘယ်လ်ဂျီယံ | ၀ | - | ၁ | ဆားဘီးယား |
| ဆားဘီးယား | ၁ | - | ၂ | ယူကရိန်း |
| ဆားဘီးယား | ၁ | - | ၁ | ရိုမေးနီးယား |

### စပိန်အသင်းကို ရွေးချယ်ရမှာပါ

ယူရိုပြိုင်ပွဲ ရှုံးထွက်အဆင့်ပွဲစဉ်မှာ နောက်ထပ်အကြိုက်တွေ့မိတဲ့ ပွဲစဉ်ကတော့ စပိန်နဲ့ ဂျော်ဂျီယာအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ စပိန်အသင်းဟာ အုပ်စုအဖွင့်ပွဲစဉ်မှာ ခရိုအေးရှားနဲ့တွေ့ခဲ့ပေမဲ့ ပက်ထရီ၊ ယာမယ်၊ ဘေဘီယန်ရှဗ်၊ နစ်ကိုးဝီလျံတို့လို လူငယ်တွေက ခြေစွမ်းပြနိုင်ခဲ့တာကြောင့် ခရိုအေးရှားကို ပထမပိုင်းမှာတင် သုံးဂိုးပြတ်သွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ ဒုတိယပိုင်းမှာတော့ နည်းပြ ဒီဖူအန်တီဟာ ဝါရင့်ကစားသမားတွေကို လူစားလဲမှုပြုလုပ်ပြီး အနိုင်ရလဒ်ကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့တာကြောင့် သုံးဂိုးဂိုးမရှိနဲ့ နိုင်ပွဲရခဲ့တာကိုတွေ့ရမှာပါ။ ဒုတိယပွဲမှာ လက်ရှိချန်ပီယံ အီတလီအသင်းနဲ့တွေ့ခဲ့ပေမဲ့ လူငယ်ကစားသမားတွေရဲ့ တိုးအားရှန်းအားတွေနဲ့ပဲ ဖိအားပေးကစားနိုင်ခဲ့သလို ခံစစ်ပိုင်းက ကူကူရယ်လာ၊ ကာဗာဂျယ်တို့ကလဲ တိုက်စစ်ထိ လိုက်ပါကစားနိုင်ခဲ့တာကြောင့် အီတလီအသင်းအခက်တွေ့ခဲ့ပြီး တစ်ဂိုးဂိုးမရှိနဲ့ ရှုံးခဲ့တာဖြစ်ပါတယ်။ အုပ်စုနောက်ဆုံးပွဲစဉ်မှာ အုပ်စုအဆင့်က အစောဆုံးတက်ရောက်ခဲ့တဲ့ စပိန်အသင်းအနေနဲ့ အဓိက ကစားသမားတွေကို အနားပေးပြီး အရန်ကစားသမားတွေနဲ့ အယ်ဘေးနီးယားကိုရင်ဆိုင်ခဲ့ပေမဲ့ ပွဲအစ ၁၃ မိနစ်ကတည်းက ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သလို လက်ကျန်ပွဲချိန်တွေမှာလဲ ပြိုင်ဘက်ကို ထိန်းချုပ်ကစားနိုင်ခဲ့တာကြောင့် တစ်ဂိုးဂိုးမရှိနဲ့အနိုင်ရခဲ့ပြီး အုပ်စုသုံးပွဲစလုံး နိုင်ပွဲရခဲ့တာဖြစ်ပါတယ်။

စပိန်အသင်းဟာ ယူရိုပြိုင်ပွဲသမိုင်းမှာ သုံးကြိမ်ထိ ဆုဖလားရယူနိုင်ခဲ့ပြီး ဆုဖလားအများဆုံးဆွတ်ခူးထားတဲ့အသင်းဖြစ်ပေမဲ့ ပြီးခဲ့တဲ့ ယူရို ၂၀၂၀ ပြိုင်ပွဲမှာတော့ ဆီမီးဖိုင်နယ်ထိသာရောက်ခဲ့တာဖြစ်ပါတယ်။ ဆီမီးဖိုင်နယ်မှာ အီတလီအသင်းနဲ့တွေ့ဆုံခဲ့ပေမဲ့ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်သာထွက်ပေါ်ခဲ့တာကြောင့် ပင်နယ်တီအဆုံးအဖြတ်ခံယူခဲ့ရပြီး ပင်နယ်တီမှာ လေးဂိုးနှစ်ဂိုးနဲ့ရှုံးခဲ့တာကြောင့် ဆုဖလားနဲ့ဝေးခဲ့ရတာဖြစ်ပါတယ်။ လက်ရှိပြိုင်ပွဲမှာလဲ စပိန်ဟာ ဗိုလ်စွဲဖို့ရေပန်းစားနေတဲ့အသင်းထဲမှာ ခြေစွမ်းပိုင်းနဲ့ စုဖွဲ့မှုပိုင်းအကောင်းဆုံးအသင်းဖြစ်နေတာကြောင့် ဂျော်ဂျီယာလိုအသင်းကိုတော့ ပွဲချိန်ပြည့်ဖိအားပေးကစားနိုင်မှာ သေချာပါတယ်။

ဂျော်ဂျီယာအသင်းဟာ အုပ်စု(F)မှာ ပေါ်တူဂီ၊ တူကီယဲ၊ ချက်အသင်းတို့နဲ့ကျရောက်ခဲ့တာကြောင့် အုပ်စုကထွက်ခဲ့ရမယ်လို့ အားလုံးကထင်ထားကြတာဖြစ်ပါတယ်။ ဒါပေမဲ့ ပြိုင်ပွဲတွင်းမှာ မထင်မှတ်တဲ့ခြေစွမ်းပိုင်းတွေကြောင့် တစ်ပွဲနိုင်၊ တစ်ပွဲသရေနဲ့ အကောင်းဆုံးတတိယရခဲ့ပြီး အုပ်စုကပထမဆုံးကျော်ဖြတ်နိုင်ခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ အုပ်စုအဖွင့်ပွဲစဉ်မှာ ကစားအားနဲ့ကစားကွက်ပိုင်းကောင်းခဲ့ပေမဲ့ တူကီယဲရဲ့ တိုက်စစ်ကိုမထိန်းနိုင်ခဲ့လို့ သုံးဂိုးတစ်ဂိုးနဲ့ရှုံးခဲ့တာဖြစ်ပါတယ်။ ဒုတိယပွဲမှာတော့ ချက်အသင်းကို ခံစစ်အသားပေးကစားပြီး အနည်းဆုံးသရေတစ်မှတ်ရဖို့ဦးတည်ကစားခဲ့တာကြောင့် တန်ပြန်တိုက်စစ်နဲ့သာ ပြန်လည်တုံ့ပြန်ခဲ့ပေမဲ့ ပထမပိုင်းမှာ ဦးဆောင်ဂိုးရခဲ့တာဖြစ်ပါတယ်။ ဒုတိယပိုင်းမှာတော့ ချက်အသင်းက ချေပဂိုးပြန်ရခဲ့လို့ တစ်ဂိုးစီသရေရလဒ်နဲ့ပြီးဆုံးခဲ့တာကို တွေ့ရမှာပါ။ နောက်ဆုံးပွဲစဉ်မှာတော ပေါ်တူဂီလိုအသင်းကြီးနဲ့တွေ့ဆုံခဲ့လို့ အုပ်စုကကျော်ဖြတ်ဖို့ မျှော်လင့်ချက်နည်းခဲ့ပေမဲ့ ဂျော်ဂျီယာရဲ့ တိုက်စစ်မှူး ကာဗာရက်ရှီလီယာ ခြေစွမ်းပြနိုင်ခဲ့လို့ နှစ်ဂိုးပြတ်နဲ့အနိုင်ရခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာ ဂျော်ဂျီယာရဲ့ ခံစစ်ကစားပုံဟာ စီရော်နယ်ဒို၊ ဂျာအိုဖီးလစ်၊ ကွန်စီကာအိုတို့လို တိုက်စစ်အတွဲကို ပွဲချိန်ပြည့်ထိန်းချုပ်နိုင်ခဲ့သလို ဂိုးသမား မာမာဒက်ရှီဗီလီကလဲ အကောင်းဆုံးကာကွယ်မှုပြုလုပ်ခဲ့လို့ အဖိုးတန်နိုင်ပွဲရခဲ့ပြီး ရမှတ်လေးမှတ်နဲ့ ရှုံးထွက်အဆင့်တက်ရောက်နိုင်ခဲ့တာဖြစ်ပါတယ်။

ဂျော်ဂျီယာအသင်းဟာ ယူရိုပြိုင်ပွဲသမိုင်းမှာ အခုတစ်ကြိမ်ပဲခြေစစ်ပွဲအောင်မြင်ခဲ့ပေမဲ့ အုပ်စုအဆင့်မှာ ခြေစွမ်းပြသနိုင်ခဲ့တာကြောင့် ပထမဆုံးရှုံးထွက်အဆင့်ကို တက်ရောက်နိုင်ခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ ရှုံးထွက်အဆင့်မှာရင်ဆိုင်ရမဲ့ပြိုင်ဘက်က ယူရိုပြိုင်ပွဲရဲ့ အောင်မြင်မှုအရှိဆုံးအသင်းဖြစ်သလို လက်ရှိခြေစွမ်းပိုင်းလဲ အကောင်းဆုံးအသင်းဖြစ်နေတာကြောင့် နောက်တစ်ဆင့်ရောက်ဖို့ မျှော်လင့်ချက်နည်းနေတာဖြစ်ပါတယ်။ စပိန်အသင်းကလဲ ပေါ်တူဂီကိုအနိုင်ယူထားတဲ့ ဂျော်ဂျီယာခြေစွမ်းကို လျှော့တွက်မှာမဟုတ်ဘဲ အဓိက ကစားသမားအစုံအလင်နဲ့ ခရိုအေးရှားကို ကစားခဲ့တဲ့ပွဲစဉ်က လူစာရင်းနဲ့ ပွဲထွက်လာမယ်ဆိုရင် ဂျော်ဂျီယာအသင်း ပေးဂိုးများသွားနိုင်ပါတယ်။ သူတို့နှစ်သင်း ထိပ်တိုက်တွေ့ဆုံမှုသုံးကြိမ်မှာလဲ စပိန်က သုံးပွဲစလုံးဂိုးပြတ်အနိုင်ရခဲ့သလို တိုက်စစ်ပိုင်းက ၁၄ ဂိုးထိသွင်းယူခဲ့တာကြောင့် အဘက်ဘက်ကသာလွန်နေတဲ့ စပိန်အသင်းကို ရွေးချယ်ရမှာပါ။

**စပိန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| စပိန် | ၅ | - | ၀ | အန်ဒိုရာ |
| စပိန် | ၅ | - | ၁ | မြောက်အိုင်ယာလန် |
| စပိန် | ၃ | - | ၀ | ခရိုအေးရှား |
| စပိန် | ၁ | - | ၀ | အီတလီ |
| အယ်ဘေးနီးယား | ၀ | - | ၁ | စပိန် |

**ဂျော်ဂျီယာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဂျော်ဂျီယာ | ၀ | - | ၀ | ဂရိ |
| မွန်တီနီဂရိုး | ၁ | - | ၃ | ဂျော်ဂျီယာ |
| တူကီယဲ | ၃ | - | ၁ | ဂျော်ဂျီယာ |
| ဂျော်ဂျီယာ | ၁ | - | ၁ | ချက် |
| ဂျော်ဂျီယာ | ၂ | - | ၀ | ပေါ်တူဂီ |

## မိဘအမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ အထက(ခွဲ) တဲစု၊ န၀မတန်းမှ မသီရိစိုး ၏ မိဘအမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးစိုးကိုကို-ဒေါ်ကြူကြူ ဖြစ်ပါကြောင်း။ **ဦးစိုးကိုကို(၉/ဝတန(နိုင်)၁၅၇၃၉၅)**
**ဒေါ်ကြူကြူ(၉/ဝတန(နိုင်)၁၄၇၈၄၉)**

## မိဘအမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ အထက(ခွဲ) တဲစု၊ အဋ္ဌမတန်းမှ မရွှန်းရွှန်းဝေ ၏မိဘအမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးစိုးမြတ်ဖြိုး-ဒေါ်သင်းသင်းယု ဖြစ်ပါကြောင်း။ **ဦးစိုးမြတ်ဖြိုး(၉/ဝတန(နိုင်)၁၅၇၃၃၂)**
**ဒေါ်သင်းသင်းယု(၉/ဝတန(နိုင်)၁၆၀၈၅၆)**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ အထက(ခွဲ) တဲစု၊ န၀မတန်းမှ မောင်ခန့်မင်းသူ ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးအောင်သိန်းထိုက် ဖြစ်ပါကြောင်း။ **ဦးအောင်သိန်းထိုက်**
**(၉/ဝတန(နိုင်)၁၅၇၃၄၄)**

**ပျောက်ဆုံးကြောင်း**

မုံရွာမြို့နယ်နေ မောင်ထင်လင်းကို (ဘ) ဦးသန်းထွန်း (၅/မရန(နိုင်) ၁၉၃၄၇၀)၏ နိုင်ငံကူးလက်မှတ် အမှတ်(MA-398577) မှာပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။ ၀၉-၈၇၉၅၁၉၆၁၆

**မီး သတိပြု**


# ၂၆-၆-၂၀၂၄ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၏ အစီရင်ခံစာပါ ဘဏ်များနှင့်ပတ်သက်သည့် ဖော်ပြချက်များအပေါ် ကန့်ကွက်ကြောင်းအသိပေးထုတ်ပြန်ချက်

ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီက ၂၆-၆-၂၀၂၄ ရက်တွင် ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာတွင် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးချိုးဖောက်မှုများ၌ အပြည်ပြည်ဆိုင်ရာဘဏ်များ၊ ပြည်တွင်းနိုင်ငံပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်အချို့က ပါဝင်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အရေးယူပေးရန်တောင်းဆိုမှုများ ဖော်ပြထားပါသည်။

နိုင်ငံပိုင်ဘဏ်များအပါအဝင် ပြည်တွင်းဘဏ်များအားလုံးအနေဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ချမှတ်ထားသည့် ဘဏ်နှင့်ဆက်သွယ်ဆောင်ရွက်သူများ၏ အချက်အလက်များအား သေချာစွာစိစစ်ရယူခြင်းဆိုင်ရာ(Due Diligence Procedure)များကို တိကျစွာလိုက်နာဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံပိုင်ဘဏ်များအပါအဝင် ပြည်တွင်းဘဏ်များအားလုံး၏ အပြည်ပြည်ဆိုင်ရာ အဆက်အသွယ်ဘဏ်များအနေဖြင့်လည်း မြန်မာနိုင်ငံ၏ ပြည်တွင်းပြည်ပငွေကြေးလွှဲပြောင်းမှုများကို ဆောင်ရွက်ပေးရာတွင် လိုအပ်သည့်အထောက်အထားများအား ရယူ၍ အလေးထားစိစစ်ခြင်းကို တိုးမြှင့်ဆောင်ရွက်ခြင်း (Enhanced Due Diligence - EDD) အား ကောင်းစွာဆောင်ရွက်လျက်ရှိပါသည်။

ငွေကြေးဆိုင်ရာအရေးယူဆောင်ရွက်ရေးအဖွဲ့ (FATF)၏စံသတ်မှတ်ချက်များနှင့်အညီ မြန်မာနိုင်ငံ၏ အကောင်အထည်ဖော်ဆောင်ရွက်မှုဆိုင်ရာ တိုးတက်မှုအစီရင်ခံစာများကို အာရှ-ပစိဖိတ် ပူးတွဲအဖွဲ့ (APJG)သို့ တင်ပြချက်များနှင့် မျက်နှာချင်းဆိုင်အစည်းအဝေးတွင် ဆွေးနွေးပြောဆိုချက်များအရ FATF နှင့် APJG တို့က အသိအမှတ်ပြုပြီး နှစ်စဉ်စံနှုန်းသတ်မှတ်ချက်အဆင့်များ တိုးမြှင့်ပေးခဲ့ခြင်းတို့ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ၉-၆-၂၀၂၄ ရက်တွင် သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ ပြည်တွင်းပြည်ပငွေကြေးလွှဲပြောင်းမှုများမှာလည်း မြန်မာနိုင်ငံသားများအတွက် အဓိကမရှိမဖြစ်လိုအပ်သော အခြေခံကုန်စည်များဖြစ်သည့် ဆေးနှင့်ဆေးအထောက်အကူပြုပစ္စည်းများ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းသုံးပစ္စည်းများ၊ ဓာတ်မြေဩဇာ၊ စက်သုံးဆီ၊ စားသုံးဆီများ တင်သွင်းမှုများအတွက်ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ဘဏ်များအနေဖြင့် ယင်းကုန်စည်များတင်သွင်းခြင်းအတွက် ငွေပေးချေမှုများပြုလုပ်ရာတွင် ကုန်သွယ်မှုဆိုင်ရာ သက်သေခံစာရွက်စာတမ်းအထောက်အထားများရယူ၍ စိစစ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

သို့ပါ၍ ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၏ အစီရင်ခံစာပါ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးချိုးဖောက်မှုများ၌ အပြည်ပြည်ဆိုင်ရာဘဏ်များ၊ ပြည်တွင်းနိုင်ငံပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်အချို့က ပါဝင်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အရေးယူပေးရန် တောင်းဆိုမှုများရေးသားဖော်ပြချက်များမှာ မြန်မာပြည်သူများ၏ အကျိုးစီးပွားကို ထိခိုက်စေသည့်အပြင် မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံများအကြား ဆက်ဆံရေးကိုလည်း ထိခိုက်စေသဖြင့် အဆိုပါရေးသားချက်အပေါ် ပြင်းထန်စွာကန့်ကွက်ပါကြောင်း အများပြည်သူသိရှိစေရန် အသိပေးထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**
**မြန်မာနိုင်ငံဘဏ်များအသင်း**
**နိုင်ငံပိုင်ဘဏ်များ**
**ပုဂ္ဂလိကဘဏ်များ**
**(၂၈-၆-၂၀၂၄)**

# ကျုံပျော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပီလောပီနံ ၁၆၉၀၂ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ပီလောပီနံစိုက်ခင်းကို တွေ့ရစဉ်။

**ကျုံပျော် ဇွန် ၂၈**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျုံပျော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပီလောပီနံ ၁၆၉၀၂ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်က ပြောပြ၍ သိရသည်။

ကျုံပျော်မြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပီလောပီနံ ၁၆၉၀၂ ဧကကို ဇူလိုင်လ ပထမပတ်တွင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါစိုက်ပျိုးမည့် ပီလောပီနံ ၁၆၉၀၂ ဧကကို ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"လက်ရှိမှာ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ မိုးသီးနှံတွေ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့နဲ့ သီးနှံတွေအားလုံးအတွက် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးတွေကို အချိုးကျအသုံးပြုတတ်စေဖို့၊ စိုက်ပျိုးထားတဲ့သီးနှံတွေ ပိုးမွှားရောဂါမကျရောက်စေဖို့ ဝန်ထမ်းတွေက ကြိုတင်ကွင်းဆင်းပြီး နည်းပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးနေပါတယ်။ တောင်သူတွေကလဲ ပီလောပီနံကို စိုက်ဖူးတဲ့အတွေ့အကြုံရှိပါတယ်။ ပီလောပီနံကို မိုးသီးနှံစိုက်ပျိုးရာသီမှာ ဧက ၁၆၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ မိုးသီးနှံတွေကို လာမဲ့လတွေမှာ စတင်စိုက်မှာပါ။ ဒေသခံတွေ စီးပွားရေးအခွင့်အလမ်းတွေ ကောင်းလာစေဖို့နဲ့ ဒေသစိုက်ပျိုးထုတ်ကုန် တစ်ခု တိုးလာစေဖို့အတွက် ပီလောပီနံကို စိုက်ပျိုးတာဖြစ်ပါတယ်"ဟု ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်က ပြောပြသည်။

ကျုံပျော်မြို့နယ်မှ ဒေသခံတောင်သူများစိုက်ပျိုးသည့် ပီလောပီနံပင်အမျိုးအစားသည် စတင်စိုက်ပျိုးသည့်အချိန်မှ သုံးလ သို့မဟုတ် လေးလခန့်အကြာတွင် ပြန်လည်တူးဖော် ရောင်းချနိုင်ကြောင်း၊ အဆိုပါဒေသမှ ထွက်ရှိလာသည့် ပီလောပီနံများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချကြပြီး ယခင်နှစ် မိုးရာသီက စိုက်ခဲ့သည့် ပီလောပီနံ ၁၀ ပိဿာလျှင် ငွေကျပ် ၁၃၀၀၀ ရရှိခဲ့ကြောင်း ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်က ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# မလှိုင်မြို့နယ် ကူခွဲကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**မလှိုင် ဇွန် ၂၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)အကောင်အထည်ဖော်ဆောင်ရွက်မည့် ကူနီကျေးရွာအုပ်စု ကူခွဲကျေးရွာ၌ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇွန် ၂၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ဖြေးဦးစွာ မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်များ၊ နှစ်အလိုက်ဦးစားပေးလုပ်ငန်းများရွေးချယ်နိုင်ရန် ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်က စီမံကိန်းလက်စွဲစာစောင်ပါ ကော်မတီဝင်များ ရွေးချယ်ရာတွင် လိုက်နာရမည့်အချက်များ၊ ကော်မတီဝင်များ၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက အစည်းအဝေးတက်ရောက်လာသည့် ကျေးရွာသူ၊ ကျေးရွာသားများ၏ သဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

ကူခွဲကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေများဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

**စာအုပ်စာပေ လူ့မိတ်ဆွေ**







## ဝန်ထမ်းအလိုရှိသည်

**My Home ခြင်လုံးလိုက်ကာဆိုင်**

*** စက်ချုပ်မော်တာကျွမ်းကျင် မ (၄)ဦး**

- နေ့ချင်းပြန် (သို့) နေ့စားငြိမ်း

*** အိမ်တွင်းတပ်ဆင် ကျား (၂) ဦး**

- နေ့ချင်းပြန်

လိပ်စာ- လမ်း 60 × 110 ထောင့်

ဖုန်းနံပါတ်- 09-973409212

## အမည်ပြောင်း

မန္တလေး၊ အမရပူရမြို့နယ်၊ အ.ထ.က(၂)၊ Grade-5(A) တွင် ပညာသင်ကြားနေသော (ဘ) ဦးရဲထွန်းနိုင် (၉/ပဥလ(နိုင်)၀၁၇၂၁၁) ၏သား မောင်ချမ်းပြည့်နိုင် အား မောင်ချမ်းလင်းနိုင် ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ချမ်းလင်းနိုင်**

## မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ အ.ထ.က (မြစ်ငယ်)တွင် အထက်တန်းပြဆရာဝန်ထမ်းဆောင်နေသော ဒေါ်ခိုင်ခိုင်မြင့် (၉/အမရ(နိုင်)၀၉၃၄၃၄)၏ မွေးသက္ကရာဇ်အမှန်မှာ အခြေခံပညာအထက်တန်းစာမေးပွဲအောင်လက်မှတ်(က)အရ ၂၁-၅-၁၉၇၈ ဖြစ်ပါကြောင်း။

၂၁-၅-၁၉၇၈

## မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း(မန္တလေးဇုန်) ၂၀၂၅-၂၀၂၇ အလုပ်အမှုဆောင်အဖွဲ့ ရွေးချယ်တင်မြှောက်ရန်အတွက် အဆိုပြုလွှာများဖိတ်ခေါ်ခြင်း

၁။ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း(မန္တလေးဇုန်)၏ ၂၀၂၅-၂၀၂၇ ခုနှစ်အတွက် အလုပ်အမှုဆောင်အဖွဲ့ကို ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးကော်မရှင်၏ကြီးကြပ်မှုဖြင့် (၂၈-၇-၂၀၂၄)ရက်နေ့တွင် ကျင်းပပြုလုပ်မည်ဖြစ်ပြီး ရွေးချယ်တင်မြှောက်ပွဲသို့ တက်ရောက်လာကြသည့် အသင်းဝင်များ၏ ဆန္ဒမဲဖြင့် ရွေးချယ်တင်မြှောက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း(မန္တလေးဇုန်) ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ် ဆောင်ရွက်လိုသော မန္တလေးတိုင်းဒေသကြီးအတွင်း နေထိုင်လျက်ရှိသည့် ဟိုတယ်ပိုင်ရှင် (သို့) စာဖြင့် တရားဝင်ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ အသင်းဝင်၊ အသင်းသားများသည် အလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ် ရွေးချယ်တင်မြှောက်ခံနိုင်ရန် မိမိတို့ဆန္ဒအလျောက် အဆိုပြုလွှာများ တင်သွင်းနိုင်ပါကြောင်း အသိပေးဖိတ်ခေါ်အပ်ပါသည်။

၃။ အလုပ်အမှုဆောင်အဖြစ် ရွေးချယ်တင်မြှောက်ခံနိုင်ရန် သတ်မှတ်အရည်အချင်းများအား အဆိုပြုလွှာနှင့်အတူ ပူးတွဲထုတ်ပေးမည်ဖြစ်ပါသည်။

**အဆိုပြုလွှာထုတ်ယူ/ တင်သွင်းရမည့်နေရာ** - မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း(မန္တလေးဇုန်)
၃၆ လမ်း၊ ၇၇-၇၈ လမ်းကြား၊ မန္တလေးမြို့။
ဖုန်း ၀၉-၄၂၂၈၅၄၁၅၁၊ ၀၉-၂၆၅၉၅၀၇၈၂

**အဆိုပြုလွှာတင်သွင်းရန်နောက်ဆုံးရက်** - ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၂၀)ရက်

**ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးကော်မရှင်**
**မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း(မန္တလေးဇုန်)**

## ဝန်ထမ်းအလိုရှိသည်

(က) ယာဉ်မောင်းလိုင်စင်(င)နှင့်(ခ)ဖြစ်ရမည်။

(ခ) အရက်၊ဆေးလိပ်၊ကွမ်း ကင်းရှင်းရမည်။

(ဂ) အသက်(၃၀)နှစ်နှင့်(၅၀)နှစ်ကြားဖြစ်ရမည်။

ဆက်သွယ်ရန်- 09-964433329

## မိဘအမည်မှန်

စဥ့်ကိုင်မြို့၊ အထက(စဥ့်ကိုင်)၊ Grade-9(C) တွင် ပညာသင်ကြားနေသော မမြင့်မြင့်သန်း ၏မိဘအမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးမောင်သိန်း-ဒေါ်မြင့်မြင့်မော် ဖြစ်ပါကြောင်း။ **ဦးမောင်သိန်း(၁၃/ဆဆန(နိုင်)၀၈၅၃၇၉)**
**ဒေါ်မြင့်မြင့်မော်(၉/စကတ(နိုင်)၁၀၅၂၀၆)**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

**သင့် သွေးဖြင့် အသက် ကယ်ပါ**

❖ ပြည်ထောင်စု၏ အင်အားသည် ပြည်ထောင်စုအတွင်းရှိ တိုင်းဒေသကြီး၊ ပြည်နယ်များအားလုံးတို့၏ ပေါင်းစည်းအားပင်ဖြစ်ပါသည်။ ထိုပေါင်းစည်းအားသည် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုပေါ်တွင် တည်မှီနေပါသည်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် ကျရောက်သော (၁၀၃) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မကျဆင်းပြဲ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# မိမိသဘောဆန္ဒအလျောက် ဆန္ဒပြုစာရင်းပေးသွင်းပြီး သင်တန်းတက်ရောက်ခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁) သင်တန်းဆင်းပွဲများ တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်



**နေပြည်တော် ဇွန် ၂၈**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ကိုယ်တိုင်ပါဝင်ထမ်းဆောင်နိုင်ရေးအတွက် မိမိသဘောဆန္ဒအလျောက် စာရင်းပေးသွင်းပြီး သင်တန်းတက်ရောက်ခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁) သင်တန်းဆင်းပွဲအခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်းများအသီးသီးတွင် ကျင်းပပြုလုပ်သည်။

အဆိုပါပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁) သင်တန်းဆင်းပွဲအခမ်းအနားများသို့

**စာမျက်နှာ ၁၉ ကော်လံ ၁ ☆**

**ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁) သင်တန်းဆင်းပွဲ ကျင်းပပြုလုပ်စဉ်။**

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီလနှင့်မေလအတွင်း သမဝါယမအသင်းများက ငွေကျပ်သန်း ၂၄၀၀ ကျော်တန်ဖိုးရှိ ဓာတ်မြေဩဇာအိတ် ၃၄၀၀၀ ကျော် ရောင်းချပေးခဲ့

စာမျက်နှာ - ၃

ရန်ကုန်တိုင်းဒေသကြီးတွင် ဇွန်လအတွင်း မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ် ခုနစ်ခု ခွင့်ပြုခဲ့

စာမျက်နှာ - ၅

**ထူးခြားသည့် နေ့အပူချိန်များ** (၂၈-၆-၂၀၂၄)

| | | | | |
|---|---|---|---|---|
| မိုးမိတ် | ၃၆ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယပ် |
| မန္တလေး | ၃၆ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၃၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ချောက် | ၃၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |


ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက်

သင်္ဘောကျင်းလုပ်ငန်း



ငါး/ပုစွန် ပြုပြင်အေးခဲထုတ်လုပ်ခြင်း(အအေးခန်းစက်ရုံ)





ငါးမွေးမြူရေးလုပ်ငန်း(မအူပင်)



ငွေပင်လယ်လှိုင်းတွန့်စက္ကူဘူးထုတ်လုပ်ရေးလုပ်ငန်း

ISO 9001:2015




ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE :ngwepinlae.com